

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

10 FEB 2015

သစ္စာမွန်စာပေတိုက်
၂၁၁၊ဒုတိယထပ်၊(၃၂)လမ်းအထက်
ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း – ၀၁ – ၅၄၃၄၂၁

BURMESE CLASSIC

သစ္စာမွန်စာပေတိုက်

ရဲ့

စင်တင်ကဇာလောင်ရှင်

# နှင်းမဟာ

ယမ်းငွေ့မပြယ်သေးသောကျည်တစ်တောင့်

(လူ့ဂုဏ်စွန့်စားခန်းလုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေခြင်း - ၂၀၁၄ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - (၁၀၀) ကျပ်

ထုတ်ဝေသူ - ဦးသက်လွင် (သစ္စာမွန်စာပေ)
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဒေါ်အိမွန်သက်လွင် (မြဲ-၀၈၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - Lလင်း

ကွန်ပျူတာ - ပန်းအိစံ

ဖြန့်ချိရေး - ထူးထူး (သစ္စာမွန်)

အတွင်းဖလင် - ကိုအောင်ကျော်

စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်၊

၈၉၅.၈၃

နိုင်းမဟာ

ယမ်းငွေ့မပြယ်သေးသောကျည်တစ်တောင့်၊ နိုင်းမဟာ။ - ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၄။

၂၁၀ - စာ၊ ၁၂ × ၁၈ စင်တီ။

(၁)ယမ်းငွေ့မပြယ်သေးသောကျည်တစ်တောင့်


www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ကားကိုရပ်လိုက်တော့"

"ဗျာ....ဗိုလ်ကြီး ဘာဖြစ်လို့လဲ"

"ငါဒီနေရာကနေ လမ်းလျှောက်သွားချင်လို့"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"ဝူး....ကျွိ..."

သက်ဆိုင်ရာဌာနသုံး ကားလေးမှာ လမ်းဘေးတွင် ထိုးရပ်



www.burmeseclassic.com

www.burmeseclassic.com



ထိုးရပ်သည်နှင့် စစ်ငြိမ်းနိုင်တစ်ယောက် ကားပေါ်မှ သူ့ကျောပိုးအိတ်ကိုကောက်လွယ်ပြီး ဆင်းလိုက်သည်။

"ဗိုလ်ကြီး—ကျွန်တော် သွားရတော့မလား"

စစ်ငြိမ်းနိုင်ခေါင်းကို အသာညိတ်ပြလိုက်ပြီး လမ်းဘေးရှိ ဆောင်တန်းကြီးများဝိုင်းရံလျက်ရှိသော မြို့ကလေးကိုလှမ်းပြီး ကြည့်လိုက်သည်။

ထိုမြို့ကလေးမှာ နယ်စပ်ဒေသရှိ မြို့ကလေးတစ်မြို့သာဖြစ်သည်။ စီးပွားရေးသမားတွေ၊ ခြေချင်းလိမ်ပြီး ဥပဒေနှင့်လွတ်ကင်းတာတွေရော မလွတ်ကင်းတာတွေရော လုပ်ကိုင်နေသော နေရာလေးဆိုရင် မမှားနိုင်ပေ။

တိုင်းပြည်ရဲ့စနစ် တိုးတက်လာသည်နှင့်အမျှ ဖွံ့ဖြိုးမှုတွေဖြစ်လာတော့ ကူးသန်းရောင်းဝယ်မှုတွေလည်း စီးပွားရေးသမားတွေအတွက် အကြိုက်ဆုံးအခြေအနေ တွင် ရှိနေသည်။

တိုင်းပြည်ငြိမ်းချမ်းရေးအတွက် နယ်စပ်ဒေသတွေရှိလက်နက်ကိုင်အုပ်စုများနှင့် အပစ်အခတ်ရပ်စဲပြီး ဆွေးနွေးပွဲများပြုလုပ်ကာ လွတ်



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာစီးပွားရေးလုပ်ပိုင်ခွင့်တွေကို ပေးထားတာကြောင့် နယ်စပ်ဒေသရှိ ကုန်ကူးမှုပိုင်းတွေမှာ ဥပဒေကိုလက်တစ်လုံးခြားလည်ပတ်ပြီး လုပ်ကိုင်သူတွေရှိနေခဲ့ကြသည်။ အထူးသဖြင့် ထိုဒေသတွင် မူးယစ်ဆေးဝါး၊ လက်နက်မှောင်ခိုဂိုဏ်းတွေကတော့ အသွင် နှစ်မျိုးဖြင့်လှုပ်ရှားနေကြသည်။

တစ်မျိုးကတော့ဥပဒေဘောင်အတွင်းမှ တရားဝင်စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ကြပြီး တခြားတစ်ဖက်တွင် ဥပဒေနှင့်လွတ်ကင်းသောအလုပ်တွေကိုလုပ်ကိုင်ခဲ့ကြသည်။

ထိုဒေသ၏ ကြောက်စရာကောင်းသော ကိစ္စတစ်ခုကတော့ နယ်စပ်ဒေသတွင်တာဝန်ကျနေသောအဖွဲ့တွေကိုလက်နက်နှင့်ခြေချင်းနေခြင်းပင်ဖြစ်သည်။ သူတို့လောက၏ စကားအဆိုအရ ငွေနှင့်ကျည်ဆံ တစ်ခုခုကို ရွေးချယ်တတ်မှ ထိုနယ်မြေတွင် တာဝန်ထမ်းဆောင်ဆိုသောစကားပင်ဖြစ်သည်။

တစ်ချိန်က စစ်တပ်ဘက်မှ အုပ်ချုပ်ရေးပိုင်းကိုချုပ်ကိုင်ထားသောကြောင့်ဥပဒေမဲ့ဒုစရိုက်သမားတွေရဲရဲတင်းတင်းမလှုပ် ... ယခုနောက်ပိုင်းအုပ်ချုပ်ရေးစနစ်ပြောင်းလဲသွားပြီး ... တစ်ဖွဲ့

www.burmeseclassic.com



မှနယ်စပ်တာဝန်ကိုယူပြီးနောက်ပိုင်းတွင် ဒုစရိုက်သမားတွေမှာ အကဲ
စမ်းသည့်သဘောဖြင့် လက်ရဲဇက်ရဲ လုပ်ကိုင်လာကြသည်။ ဒါပေမဲ့
ပေါ်ပေါ်တင်တင်တော့ မဟုတ်ခဲ့ပါ။

တောင်ကုန်းမြင့်ပေါ်မှ အောက်ကိုဆင်းသော ကားလမ်း
အတိုင်းလျှောက်လာရင်း မြို့ဖြစ်သာယာမှုလေးကိုငေးမောကြည့်နေမိ
ခဲ့သည်။ မြို့အဝင်နားကိုရောက်တော့ ဗိုက်ဆာသလိုဖြစ်လာတာ
ကြောင့် စားသောက်ဆိုင်လေးတစ်ဆိုင်ထဲသို့ဝင်ခဲ့သည်။

စားသောက်ဆိုင်လေးမှာ သိပ်ပြီး ကြီးသော ပုံကလေး
မဟုတ် ပေမဲ့ ဆိုင်အတွင်းအပြင်မှာတော့ ပြင်ဆင်ထားမှုတွေက ခမ်း
ခမ်းနားနားရှိလှသည်။ စားသောက်ဆိုင်ရှေ့တွင် ရပ်ထားသော ကား
အမျိုးအစားတွေက မော်ဒယ်မြင့်ကားတွေပင်ဖြစ်သည်။ တရုပ်ပြည်
ဘက်ကနေ ဝင်လာသော ကားတွေဖြစ်သလို နယ်စပ်မြို့ကလေး
အတွင်းမောင်းနှင်ခွင့်ရထားသောကားများပင်ဖြစ်သည်။

တချို့သောကားတွေမှာ ငြိမ်းချမ်းရေးတပ်ဖွဲ့တွေအတွက်
ဒေသတွင်း စီးနင်းခွင့်ပေးထားသော ကားများပင်ဖြစ်ကြသည်။
နယ်စပ်မြို့ဖြစ်သည့် အားလျော်စွာ ငွေကြေးသုံးစွဲမှုတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



တခြားမြို့တွေနဲ့ လုံးလုံးမတူသောမြို့ပင်ဖြစ်သည်။ မြန်မာငွေ၊ တရုတ်၊ ထိုင်း၊ လာအို၊ ဒေါ်လာ၊ ယူရို စသော နိုင်ငံပေါင်းစုံငွေကြေးတွေနဲ့ ဆော့ကစားနေသော မြို့ဆိုရင် မမှား။ အများဆုံး သုံးစွဲတဲ့ငွေကြေးက တော့ မြန်မာ၊ တရုတ်၊ ထိုင်း ငွေကြေးတွေပင်ဖြစ်သည်။

"ဆရာ..ဘာသုံးဆောင်မလဲ၊ မြန်မာ၊ တရုတ်၊ ယိုးဒယားအစား အသောက် စားချင်တာကို မှာလို့ရတယ်"

အသက် (၂၀) ဝန်းကျင်လောက် ရှိမည့် စားပွဲထိုးကလေးက စားပွဲနားလာပြီး မေးတာကြောင့်

"မြန်မာထမင်းဟင်း ကောင်းကောင်းရမလား"

"ရစေမယ်ဆရာ..ဘာနဲ့စားမလဲ"

"ကြက်သားနဲ့ချက္ကာ"

"ဟုတ်ကဲ့"

စားပွဲထိုးကောင်လေးထွက်သွားပြီးမှ စံငြိမ်းနိုင် သည် မိမိ၏ ပတ်ဝန်းကျင်ကိုအကဲခတ်ပြီးကြည့်လိုက်သောအခါ ဆိုင်ထဲတွင်ရှိနေ ကြသော လူတွေ၏ မျက်လုံးတွေက သူ့ဆီကို ရောက်နေကြသည်။ ထိုမြို့ကလေးကိုလူစိမ်းတစ်ယောက်ရောက်လာသောအခါ သတိထားမိကြ



www.burmeseclassic.com

www.burmeseclassic.com



သောသဘောကိုဆောင်နေသည်။

"ဂျိုင်း...ဝုန်း..."

"ဟင်..."

စားသောက်ဆိုင်တံခါးကိုပြင်းပြင်းထန်ထန် ဆောင့်ဖွင့်လိုက်သည့်အသံကြောင့် လှည့်ပြီးကြည့်လိုက်တော့ ကောင်းဘွိုင်စတိုင်ဝတ်ဆင်ထားသောလူ(၃)ယောက် ဆိုင်ထဲသို့ဝင်လာခြင်းဖြစ်သည်။

"လူဝါး...လူဝါး..."

"ဗျာ..."

ကောင်တာတွင်ထိုင်နေသောလူဝါးဆိုသူမှာကြောက်ရွံ့သောမျက်နှာအမူအရာနှင့်ကောင်တာမှထွက်လာသည်။

"ဆရာမိုးကောင်းတို့ဘာကိစ္စရှိလို့လဲ"

"လူဝါး...မင်းဘာအရှုံးရှုံးတာလဲ...ပြောစမ်း"

"ကျွန်...ကျွန်တော်ဘာလုပ်မိလို့လဲဆရာမိုးကောင်း"

"ဘာ...မင်းဘာလုပ်သလဲဆိုတာကိုမင်းမသိဘူးလား"

"နွေးမသားသွားတွေကျွတ်မှမှတ်မိမယ်ထင်တယ်"

စစ်ပြိမ်းနိုင် အခြေအနေကို အကဲခတ်ရင်း ကြည့်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တကယ်မသိတာပါ"

"ကဲ..ကွာ..မသိဦး...ဖြောင်း...အား.."

ဆိုင်ထဲကိုဝင်လာသော (၃)ယောက်ထဲမှ ခေါင်းဆောင်လို့ထင် ရ သော သူက လူဝါးမျက်နှာကို လက်ပြန်ရိုက်ချလိုက်သည်။

"ဖေ...ဖေ..."

အပြင်မှဝင်လာသောမိန်းကလေးတစ်ဦးကကြမ်းပြင်တွင်လဲ ကျနေသောလူဝါးကိုပြေးပွေ့လိုက်ပြီး

"ရှင်...ရှင်တို့ မတရားမလုပ်နဲ့၊ ဒါ ဥပဒေမဲ့နေတဲ့နိုင်ငံမဟုတ် ဘူး၊ ခု...ဆိုင်ထဲက ထွက်သွား"

"ဟား...ဟား...ဟား... ဘာဥပဒေ ဟုတ်လား၊ ကြားရတော့ ရယ်စရာ ဟာသဖြစ်နေသလိုပဲ၊ ဒီဒေသမှာ ဥပဒေဆိုတာ ဒီလောက် မထိရောက်ဘူးကွ"

ထိုလူပြောလိုက်သည့်စကားသည်မခံချင်စရာဝင်း [illegible] သည်၊ ဥပဒေသည် ငွေလောက်မထိရောက်ဘူးဆိုတဲ့ [illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ခြင်းပင်ဖြစ်သည်။

စစ်ငြိမ်းနိုင်သည် စားလက်စထမင်းကို ရပ်လိုက်ပြီး နောက်ဆက်တွဲအခြေအနေကိုစောင့်ကြည့်လိုက်သည်။

"ရှင်တို့လှုပါးသိပ်ပြီးမဝနဲ့၊ ခုထွက်သွားကြ"

"ဒီမယ်ကောင်မလေး...ငါတို့ကို အမိန့်ပေးလို့မရဘူး။ ခု ငါတို့လာတာ နင့်အဖေပေးရမယ့်ငွေတွေကိုလာပြီးယူတာကွ"

"ငါ့ဆီမှာ ဒီလအတွက် ပေးစရာငွေမရှိဘူး။ မင်းတို့သူဌေးကိုပေးခဲ့တဲ့အတိုးငွေတွေက များနေပြီ"

"ဒါတွေလာပြီးပြောမနေနဲ့လေ၊ ခင်ဗျားမပေးနိုင်ရင် ပေးနိုင်တဲ့နည်းကိုပြောမယ်၊ ဟောဒီက ခင်ဗျားသမီးအလှမယ်လေးကိုဆက်သလိုက်ပေါ့"

"ဘာ..."

"ခွေ...ခွေးလိုကောင်တွေ"

"ဒီလိုမဟုတ်ရင် ဆိုင်ကိုတန်ရာတန်ကြေးနဲ့အညီ ဖျက်ဆီးပစ်မယ်၊ ဆိုင်ထဲက ကောင်တွေ အပြင်ကိုထွက်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ရှင်တို့ကိုရဲတိုင်မယ်"

"ဟုတ်လား...တိုင်...တိုင်...ဟား...ဟား..."

ဆိုင်ထဲတွင် စားသောက်နေသူတွေ အသီးသီးထွက်သွားကြပေမဲ့ စစ်ငြိမ်းနိုင်ကတော့ ရေသန့်ဘူးထဲက ရေကိုခပ်အေးအေးပင် မော့ပြီးသောက်နေသည်။

"ဟိုကောင် မထွက်သေးဘူးလား"

"တော်တော်ကို ယဉ်ကျေးမှုမဲ့ပြီး ရိုင်းစိုင်းတဲ့ကောင်တွေပဲ၊ မင်းတို့မိဘတွေက သင်ကြားပေးခဲ့တဲ့ပုံတော့ မပေါက်ဘူး"

"ဘာ...မင်း...မင်း...ဘာစကားပြောလိုက်တာလဲ"

"လူကြည့်တော့ တကယ့်ဆရာကြီးလိုလို ဘာလိုလိုနဲ့ နားခလေးပဲကွ"

"တောက်... ဆရာမိုး ဘာကောင်လဲဆိုတာ သိစေရမယ် ဟေ့ကောင်တွေ ဆုံးမလိုက်စမ်း"

"ဟားဟားဟား... တကယ်အံ့ဩစရာပဲ၊ ကိုယ်ကိုယ်ကိုလည်းမိတော့ မရှုရဲဘဲ ပါလာတဲ့ကောင်တွေကို ချနိုင်းတယ်၊ သညာရှိတော်တော်ကောင်းပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



စစ်ငြိမ်းနိုင် စားပွဲပေါ်မှ မထဘဲ ဝင်ပြီးတိုက်ခိုက်တဲ့ နှစ်ကောင်ကို မျက်နှာချင်းဆိုင်လိုက်ပြီး

"ဗြောင်း...ချမ်း...အီး...အား...ဝုန်း..."

ပြေးဝင်ပြီးတိုက်ခိုက်သော နှစ်ယောက်ရင်ဝဆီသို့ စစ်ငြိမ်းနိုင် ခြေထောက်တန်ချက်တွေက လှလှပပလေး ရောက်သွားပြီးနောက်ဘက်ရှိ စားပွဲတွေပေါ်ကို နောက်ပြန်ကျသွားကြသည်။

"ကဲ...ဒုတ်...ဗြောင်း...အီး...အင့်"

စစ်ငြိမ်းနိုင်သည် ထိုနှစ်ယောက်ကို နောက်တစ်ကြိမ်ပြန်ပြီး မထနိုင်အောင် ဆက်တိုက် ပင်တိုက်ခိုက်လိုက်သည်။

"မင်းရဲ့လက်ရုံးနှစ်ကောင်တော့ အနားယူသွားပြီ၊ ဒီတစ်ခါ မင်းအလှည့်ပဲ"

"ရှောက်..."

"အလို...မင်းက စားကိုင်ဟတ်လို့လား"

"သေစမ်းကွာ"

"ခွမ်း...အား..."

နောက်ဆုံးကျန်နေတဲ့ဆရာမိုးဆိုသောလူ စစ်ငြိမ်းနိုင် နားကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မရောက်လိုက်၊ အရက်ဖန်ခွက်လေးက လေထဲတွင် ပျံ့ဝဲသွားပြီး မျက်နှာတည့်တည့်ကို ထိမှန်သွားသည်။

"ခွေးမသား..."

"ဗိုး...ဖြောင်း...အား...ရွမ်း..."

ဒီတစ်ခါ ထိုလူ၏ နံဘေးကို စစ်ငြိမ်းနိုင် ကန်ချက်ကြောင့် လွင့်ထွင်သွားပြီး မှန်တွေနဲ့အတူ ကားလမ်းပေါ်သို့ရောက်သွားတော့သည်။

စစ်ငြိမ်းနိုင် ဆိုင်ထဲမှထွက်လိုက်ပြီး

"ဘယ်လိုလဲ ဆရာသမား...ကားလမ်းပေါ်မှာအိပ်မနေနဲ့၊ ကားတွေက မင်းပစ္စေးမဟုတ်ဘူး၊ မင်းကို ရဲပြည်ပို့ဆောင်ပေးနေဦးမယ်၊ ထ စမ်းပါဦး"

"တောင်း...တောင်းပန်ပါတယ်"

"မင်းတောင်းပန်လည်း ဘာမှမထူးဘူး၊ ငါက ရွှင်လွတ်တတ်တဲ့ကောင်မဟုတ်ဘူး၊ ဆုံးမတတ်တာကွ"

"ဝေါ...တီ...ပေါ်...တီ"

နယ်မြေခံရဲတပ်ဖွဲ့ကား ရောက်လာပြီး ကားပေါ်မှ နယ်မြေ ခံတပ်ဖွဲ့ဝင်တွေ ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ကြတာလဲ၊ ဟင်…ငမိုး…မင်း…မင်း…ပြဿနာရှာပြန်ပြီလားကွ"

"ဆ…ဆရာ…ကျွန်တော်ရှာတာမဟုတ်ဘူး၊ သူကစပြီးရန်ရှာတာပါ"

ငမိုးမှ စစ်ငြိမ်းနိုင် ကိုလက်ညှိုးထိုးပြီးပြောလိုက်လေသည်။

"အားလုံးကို စခန်းခေါ်ခဲ့ကွာ၊ ဟိုကျမှ ရှင်းမယ်"

"မင်းလည်း ကားပေါ်တက်"

"တက်ဆိုလည်း တက်တာပေါ့ဗျာ၊ ခဏနေဦး၊ ကျုပ် ခရီးဆောင်အိတ်ကျန်ခဲ့တယ်၊ သွားယူဦးမယ်"

"ရှူး…ကျွိ…"

စစ်ငြိမ်းနိုင် ဆိုင်ထဲကိုပြန်ပြီးဝင်မည်အပြု ဆိုင်ကယ်တစ်စီးရောက်လာပြီး

"ဗိုလ်ကြီး…"

"ဆရာလှအောင်"

တပ်ကြပ်ကြီးလှအောင်မှ စစ်ငြိမ်းနိုင် ကိုအလေးပြုလိုက်ခြင်းကြောင့် စခန်းမှူးအပါအဝင်အားလုံးမျက်လုံးပြူးသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စခန်းမှူး...သူက ကျုပ်တို့နယ်စပ်ဒေသအထူးတပ်ဖွဲ့ကို ပြောင်းလာတဲ့ ဗိုလ်ကြီးစစ်ငြိမ်းနိုင်ပဲ"

"ဗျာ...ဟုတ်...ဟုတ်ကဲ့...ကျွန်တော့်ကိုခွင့်လွှတ်ပါ"

"ရပါတယ်၊ ဒီကောင်တွေကို စခန်းထဲမှာထားလိုက်ဦး၊ ကျုပ်သူတို့နဲ့တွေ့စရာရှိသေးတယ်"

"ဟုတ်ကဲ့...ခေါ်သွားကြတော့"

စစ်ငြိမ်းနိုင် ... သူ့ခရီးဆောင်အိတ်ကို ဆရာလှအောင်ကိုပေးလိုက်ပြီးနောက် ဆိုင်ရှင်သားအဖနားကိုလျှောက်သွားသည်။

"ကျုပ်ကြောင့် ပျက်စီးသွားတာတွေကိုလျော်ပေးပါ့မယ်"

"ရပါတယ်...ဗိုလ်ကြီးရယ်"

"ကျွန်မတို့ကိုကယ်ကူညီတာကို အရမ်းကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူး၊ ကျုပ်ရဲ့တာဝန်ပဲလေ၊ သွားခွင့်ပြုဦး...နောက်မှပဲ ဆုံကြတာပေါ့"

"ဟုတ်ကဲ့"

စစ်ငြိမ်းနိုင် ၏ခြေလှမ်းအစမှာပင် ပြဿနာတွေက ဆင်းကြိုနေသလို ဝိန်ခေါ်မှုတစ်ရပ်ကို ကြေညာလိုက်သလိုဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ စစ်ငြိမ်းနိုင်အတွက် ရာဇဝင်တစ်ခုကို ရေးထိုးဖို့ဖြစ်လာ
ခဲ့ခြင်းပင် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

"ဒီဒေသတာ တို့တပ်ဖွဲ့ကို စိန်ခေါ်တဲ့နေရာပဲ"

ရဲ့ချုပ်ကြီးစကားကြောင့် စစ်ပြိမ်းနိုင် ရင်ထဲမှာ နာကျင်မှုတွေကို ပြီးဆွပေးလိုက်သလို ဖြစ်နေသည်။ ဥပဒေအပြင်ဘက်မှ သူတွေက ဥပဒေဘက်တော်သားတွေကို မထီမဲ့မြင်ပြုနေခြင်းသည် သည်းခံလို့ ရနိုင်သောကိစ္စပင်ဖြစ်သည်။

စစ်ပြိမ်းနိုင် ဘယ်လိုမှ ခွင့်လွှတ်လို့မရနိုင်သောအကြောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ နှင့်အထက်တန်းကျောင်းမှပေါင်းခဲ့ပြီး အထူးထောက်လှမ်းရေး
တပ် ရောက်သည်အထိ အတူတူ တာဝန်ထမ်းဆောင်ခဲ့ကြသော
သူငယ်ချင်းဗိုလ်ကြီးမင်းလတ်တစ်ယောက် လုပ်ကြံသတ်ဖြတ်ခြင်းခံ
လိုက်ရသောဒေသဖြစ်နေသောကြောင့်ဖြစ်သည်။

"ဗိုလ်ကြီးအနေနဲ့ ဒီဒေသကို အထူးတာဝန်တစ်ရပ်အနေနဲ့
တာဝန်ထမ်းဆောင်ရမှာဖြစ်လို့ အကောင်းဆုံးလုပ်နိုင်မယ်လို့
ယုံကြည်ပါတယ်"

"ဟုတ်ကဲ့... ကြိုးစားပေးပါ့မယ်"

"ဒီနေရာ ဒီဒေသမှာက တစ်ချက်လေးအမှားမခံတဲ့နေရာဆို
တာကိုတော့ သတိမလစ်ပါစေနဲ့"

"ဟုတ်ကဲ့"

"တို့တပ်ဖွဲ့ကနေ နောက်ထပ်တစ်ယောက်ကို ဆုံးရှုံးမခံနိုင်
တော့သလို ဒီနယ်မြေက ဒုစရိုက်သမားတွေကို အပြီးသတ်ချုပ်ငြိမ်း
နိုင်အောင်လည်းကြိုးစားပါဗိုလ်ကြီး"

"စိတ်ချပါ ရဲချုပ်ကြီး"

စစ်ငြိမ်းနိုင် ... ထိုဒေသကိုမလာခင် ရဲချုပ်ကြီးမှ ယုံကြည်မှု



www.burmeseclassic.com

www.burmeseclassic.com



အပ်နှံခဲ့သောတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ယပ်စဉ်တည်းကအနိုင်ကျင့်မှု မတရားမှုပေါ်မှာ ခါးသီးခဲ့သူတစ်ဦးဖြစ်တာကြောင့်လည်း အထူးထောက်လှမ်းရေးတပ်ဖွဲ့ထဲသို့ ဝင်ရောက်ခဲ့ပြီး ထူးချွန်သော လူတစ်ယောက်ဖြစ်အောင်ကြိုးစားခဲ့သူပင်ဖြစ်သည်။

ခု စစ်ငြိမ်းနိုင်ရောက်လာသောဒေသကို သူငယ်ချင်းဖြစ်သူမင်းလတ်ထက် အရင်ရောက်ဖို့ဖြစ်ခဲ့ပေမဲ့ အရှေ့တောင်အာရှဒေသပူးပေါင်းစစ်ဆင်ရေးတာဝန်တစ်ရပ်တွင်မြန်မာနိုင်ငံအနေဖြင့်ပါဝင်ခဲ့ရတာကြောင့် သူ့ကိုယ်စား မင်းလတ်ရောက်သွားခဲ့ခြင်းဖြစ်သည်။ ခုတော့ သူသံယောဇဉ်ကြီးခဲ့ရသော မင်းလတ်တစ်ယောက်ဒုစရိုက်သမားတွေရဲ့သတ်ဖြတ်ခြင်းကိုခံခဲ့ရပြီဖြစ်သည်။

"ဗိုလ်ကြီး..."

"ပြောဘ်..ဆရာလှအောင်"

"ဗိုလ်ကြီးနေရမယ့်အခန်းကို သွားလို့ရပါပြီ"

"ကောင်းပြီ"

စစ်ငြိမ်းနိုင် သူ့အာရုံထဲက အတွေးစတွေကိုဖယ်ထုတ်ပြီး အပြုံးကြီး ဆရာလှအောင်ခေါ်ဆောင်သောနောက်တို့လိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ငြိမ်းနိုင်ကိုခေါ်ဆောင်သွားသောအခန်းဆိုပေမဲ့ သီးခြားအိမ်တစ်လုံးမဟုတ်ဘဲ လူဖျိုအရာရှိအခန်းတစ်ခန်းပင်ဖြစ်သည်။

"ဗိုလ်ကြီး…လိုအပ်တာရှိရင်ပြောပါ"

"ဆရာလှအောင်"

"ဟုတ်ကဲ့ပြောပါ"

"ခဏထိုင်ပါဦး၊ ခင်ဗျားကိုမေးစရာရှိလို့"

"ဗိုလ်ကြီးဘာသိချင်တာလဲမေးပါ"

"ဗိုလ်ကြီးမင်းလတ်သေဆုံးတာနဲ့ပတ်သက်ပြီး ခင်ဗျားသိသလောက်ကိုပြောပြပါ"

"ဗိုလ်ကြီးမင်းလတ်သေဆုံးတဲ့အစီရင်ခံစာကိုဗိုလ်ကြီးမဖတ်ရသေးဘူးလား"

"ဖတ်ပြီးပါပြီ၊ ကျွန်တော်သိချင်တာက မင်းလတ်အပြင်မှာ အတာယ်တွေ့ ကြုံခဲ့ရတဲ့ ဖြစ်ရပ်မှန်… အစီရင်ခံစာထဲမှာက သိပ်ပြီး မြည့်စုံတာ သာမန်သေဆုံးမှုအဆင့်တင်ပြမှုလောက်ပဲဖြစ်နေတယ်"

"တင်…"

ဆရာလှအောင်…သက်ပြင်းရှည်တစ်ချက်ကိုမှုတ်ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးသူ့ရဲ့မျက်လုံးတွေက တွေဝေနေသလိုတွေ့နေရသည်။

"ဆရာလှအောင်... ကျွန်တော့်ကို အပွင့်လင်းဆုံးပြောပါ။ ပြောတဲ့စကားတွေနဲ့ပတ်သက်ပြီး ကျွန်တော်တာဝန်ယူတယ်"

"ဗိုလ်ကြီးသိပ်ပြီး သိချင်နေမှတော့ ကျွန်တော်ပြောပြပါ့မယ်၊ ကျွန်တော်နဲ့ ဗိုလ်ကြီးမင်းလတ်ဟာ အနီးကပ်နေထိုင်ခဲ့ရတဲ့သူတွေပါ၊ ဗိုလ်ကြီးမင်းလတ်လုပ်သမျှ ကိစ္စတွေအားလုံးတိုင်းမှာ ကျွန်တော်ပါ ခဲ့ပါတယ်၊ ဗိုလ်ကြီးမင်းလတ် အသတ်ခံရတာ တကယ်ဆို မိန်း ကလေးတစ်ဦးကြောင့်ပါ"

"ဘာ...ဟုတ်ပြီ၊ ကျွန်တော့်ဆီကို မင်းလတ်မသေခင် တစ်လ လောက်က စာတစ်စောင်ရေးခဲ့ဘူးတယ်၊ ဒီစာထဲမှာ မဒီနွယ်ဆိုတဲ့ မိန်း ကလေးတစ်ယောက်အကြောင်းကိုရေးဘူးတယ်"

"ဟုတ်တယ် ဗိုလ်ကြီး...မဒီနွယ်ကြောင့် ဗိုလ်ကြီးမင်းလတ် သေဆုံးခဲ့ရတာ"

"ဘယ်လိုကြောင့်လဲ"

"မဒီနွယ်ဆိုတဲ့မိန်းကလေးဟာ တရုပ်နယ်စပ်ဘက်မှာ ... ခိုနားသစ်ဂိုဏ်းခေါင်းဆောင်ဦးကျင်လှ ... သမီးတစ်... ပါ"

www.burmeseclassic.com



"ဒါကိုမင်းလတ်မသိဘူးလား"

"သိပါတယ်၊ မဒီနွယ်ကိုအသုံးချပြီးမြန်မာပိုင်နက်က မူးယစ်အဖွဲ့တွေကိုဖမ်းဆီးနိုင်ဖို့ကြိုးစားရင်း ဗိုလ်ကြီးမင်းလတ်..မဒီနွယ်ကိုသံယောဇဉ်တွယ်သွားခဲ့တယ်၊ အရှင်းဆုံးပြောရရင် မဒီနွယ်ရဲ့စည်းရုံးသိမ်းသွင်းမှုမာယာအောက်ကိုရောက်သွားခဲ့တယ် ဗိုလ်ကြီး"

"ဟင်..."

"ကျွန်တော် အကြိမ်ကြိမ် သတိပေးခဲ့ပေမဲ့ မရ[illegible]ဘူး နောက်ဆုံးတစ်ဖက်ဂိုဏ်းကနေ ဗိုလ်ကြီးမင်းလတ်ကိုအသုံးချလို့မ[illegible] တော့မှန်းသိတာနဲ့ နှုတ်ပိတ်လိုက်တာပဲ"

"ခင်ဗျားပြောတာ သိပ်ပြီးမရှင်းဘူး၊ မင်းလတ်ကိုအသုံးချ[illegible] မရဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ"

"ဌာနချုပ်ကနေ ဗိုလ်ကြီးမင်းလတ်ကိုလုပ်ပိုင်ခွင့်ဓတ္တ ယာ[illegible] ရုပ်သိမ်းပြီး ဌာနချုပ်ကို ပြန်ခေါ်ဖို့လုပ်ချိန်မှာပဲ ဗိုလ်ကြီးမင်းလတ်[illegible] အပြတ်ရှင်းလိုက်တာပဲ"

"ခင်ဗျားစကားအရဆိုရင်မင်းလတ်ဟာ တစ်ဖက်ဂိုဏ်းနဲ့ပ[illegible] သက်ပြီး အချက်တော်တော်များများကို သိထားခဲ့သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗိုလ်ကြီး၊ ဒါတွေကိုဗိုလ်ကြီးမင်းလတ်ကလျှို့ဝှက်ထိန်းသိမ်းထားခဲ့တာ"

"ဟာ...ကွာ.."

နိုင်ငံတာဝန်ကိုထမ်းဆောင်နေတဲ့သူငယ်ချင်းတစ်ယောက် ချစ်ခြင်းတရားကြောင့်တာဝန်တွေကိုလျစ်လျူရှုခဲ့ပြီ။

"သူ့ကိုရှုပ်ကြသွားတာ စနိုက်ပါနဲ့ အဝေးကနေ ပစ်သွားတာ

"ဟုတ်ပါတယ် ဗိုလ်ကြီး... လေဆိပ်ကိုအသွား ကားပေါ်မှာ အပစ်ခံခဲ့ရတာပါ"

"မဒီနွယ် ဒီနယ်မှာရှိလား"

"ရှိပါတယ် ဗိုလ်ကြီး၊ နိုက်ကလပ်တစ်ခုဖွင့်ထားတယ်"

"ဆရာလှအောင်တို့ကရော သူ့ကိုဆက်ပြီးခြေရာခံမလိုက်တော့ဘူးလား"

"ဗိုလ်ကြီး"

ဆရာလှအောင်စကားမဆက်ဘဲတွန့်သွားလေသည်။

"ဆက်ပြီးပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဒီနွယ်ကို ကျွန်တော်တို့အထူးတပ်ဖွဲ့က ခြေရာခံလိုက်ခဲ့ကြတဲ့ (၃) ဦးလုံး ကံကြမ္မာဆိုးတွေနဲ့ဆုံခဲ့ရတယ်"

"ဘယ်လိုကံကြမ္မာဆိုးတွေလဲ"

"ဒုတပ်ကြပ် ဆရာမြင့်ဦးကတော့ ဆိုင်ကယ်နဲ့ကားတိုက်မိပြီး ဆေးရုံမှာတိမ်းပါးသွားတယ်၊ သူ့နဲ့တိုက်မိတဲ့ ကားဆရာကလည်း ပွဲချင်းပြီးသေဆုံးခဲ့ရတယ်"

"နောက်တစ်ယောက်ကရော"

"ဒုအရာခံဗိုလ်အေးသောင်းပါ၊ သူကတော့ နာမည်ဆိုးနဲ့သေခဲ့ရတာ၊ ဟိုတယ်တစ်ခုမှာ မူးယစ်ဆေးဝါး ဆေးထိုးအပ်နဲ့ဆေးထိုးရင်း သေဆုံးခဲ့ရတာ"

"နောက်ဆုံးတစ်ယောက်ကျတော့ရော"

"အထူးတပ်ဖွဲ့ကို ဌာနချုပ်ကနေ ဗိုလ်အဆင့်နဲ့ရောက်လာတဲ့ ဖော်ထိုက်ပါ... အသက်ငယ်ပြီး အတွေ့အကြုံပိုင်းအားနည်းခဲ့တယ်၊ သူကတော့ စားသောက်ဆိုင်တစ်ခုမှာ အဆိပ်သင့်ခဲ့ပြီး ဆေးရုံရောက်မှ သေဆုံးခဲ့တာပါဗိုလ်ကြီး"

"ဒါဆို စားသောက်ဆိုင်မှာတာဝန်ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ဖော်ထိုက်အဆိပ်သင့်ခဲ့ရတဲ့အဆိပ်ကာစားသောက်ဆိုင်နဲ့ဘယ်လိုမှမပတ်သက်ဘူးဗိုလ်ကြီး"

"ဟင်..."

"အဆိပ်ငွေ့တစ်ခုကို ရှူရှိုက်မိပြီး သေဆုံးခဲ့ရတာလို့ ဓာတုဗေဒဌာနက စစ်ချက်ပေးတယ်"

"ကျုပ်တို့လူတွေကိုသတ်ခဲ့တဲ့တရားခံတွေကိုတစ်ယောက်မှ ဖော်ထုတ်လို့မရသေးဘူးပေါ့"

"ဒီလိုပဲပြောရတော့မှာပဲဗိုလ်ကြီး။ မသင်္ကာတဲ့လူတွေကို စစ်ဆေးပေမဲ့သဲလွန်စတစ်ခုမှမရခဲ့ပါဘူး။ ဒါဟာကျွန်တော်တို့ရဲ့ညံ့ဖျင်းမှုလို့ဆိုရတော့မှာပဲ"

"ကျုပ်တို့တပ်ဖွဲ့ဝင်တွေ ခုလို တရားခံတွေကိုမဖော်ထုတ်နိုင်တဲ့ အားနည်းချက်ကို ကျုပ်သဘောပေါက်သင့်သလောက် တော့ [illegible]လိုက်ပါပြီ"

"ဘယ်လိုအားနည်းချက်လဲဗိုလ်ကြီး"

"အကြောက်တရားနဲ့အဂတိလိုက်စားကြလို့ပဲ"

စစ်ငြိမ်းနိုင်စကားကြောင့်တပ်ကြပ်ကြီးဆရာလှ[illegible] တွေ့အ

www.burmeseclassic.com



သလိုဖြစ်သွားသည်။

"ဟုတ်တယ်မဟုတ်လား ဆရာလှအောင်"

"ဗိုလ်ကြီးပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမဲ့ ဗိုလ်ကြီး...ဒီနယ်မြေမှာက အသက်ဟာစက္ကူနဲ့ပိုင်းလောက်နဲ့ပျောက်ကွယ်တတ်တဲ့နယ်မြေဖြစ်နေတော့ ဒုစရိုက်ကောင်တွေရဲ့ စိုးမိုးမှုကို ခံနေကြရတာပေါ့"

အမည်းရောင်နယ်မြေကနေ အဖြူရောင်နယ်မြေအဖြစ် ကူးပြောင်းနေတဲ့ ကာလဖြစ်တာကြောင့် ဒုစရိုက်ကောင်တွေအတွက် အခွင့်အရေးတစ်ခု ရနေခြင်းဖြစ်တာကို စစ်ငြိမ်းနိုင် သဘောပေါက်လိုက်သည်။

"ဆရာလှအောင်...ကျုပ်ဒီနယ်မြေကိုရောက်လာတာ အထူးတာဝန်နဲ့ တပ်ဖွဲ့ကိုပုံစံပြောင်းဖို့ရောက်လာတာပဲ၊ ရွာတည်းကစပြီး ခင်ဗျားတို့ရဲ့ တွေဝေနေတဲ့စိတ်တွေကိုဆွဲထုတ်ထားကြပါ၊ ဥပဒေ အပြင်ဘက်က ဒုစရိုက်ကောင်တွေရဲ့လှုပ်ရှားမှုတွေကို ရပ်တန့်ပေး မယ်..."

"ဗိုလ်ကြီး...ဟို...ဟို..."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အသက်ကိုတစ်ခါတည်းပေးလှူပြီးမှရောက်လာတာ၊ သူတို့ဘက်က လက်ဦးမှု ရခဲ့ရင် ကျုပ်ကံပဲ၊ ကျုပ်အနေနဲ့ကတော့ ဘယ်တော့မှနောက်ကျမှာမဟုတ်ဘူး၊ ဆရာလှအောင်…ကျုပ်ဆီကို အဲဒီကေ့(စ်)တွေရဲ့အမှုတွဲဖိုင်တွေကိုယူလာပေးပါ"

"ဟုတ်ကဲ့"

"ဒီနေ့တော့ ကျုပ်ဒီဖိုင်တွေကိုဖတ်ရင်းအနားယူတော့မယ်၊ မနက်ဖြန် နယ်မြေစခန်းတွေကိုသွားမယ်"

"ဟုတ်…ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

"ကောင်းပြီဆရာလှအောင်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီအမှုအတွက် ကျွန်တော်တို့ စခန်းစာခနေ အာမခံပေးလို့မရပါဘူး"

"အာ... စခန်းမှူးကြီး...ဘာမှမဟုတ်တဲ့ ကိစ္စလေးပါ၊ ဒါမျိုးလည်း ဓလေ့ထုံးစံ... ဖြစ်နေတာပဲ"

"တစ်မျိုးတော့ မထင်ပါနဲ့ ဦးခေါင်မောင်၊ ခင်ဗျားတပည့်တွေနဲ့ပတ်သက်ပြီး အထူးတပ်ဖွဲ့က အမှုဖွင့်ထားလို့ပါ"

"ဟင်..."

"ခု...အသစ်ရောက်လာတဲ့ ဗိုလ်ကြီးက တရားခံ(၁)ယောက်လုံးကို အာမခံမပေးဖို့ ညွှန်ကြားထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ…ရဲလုပ်ပိုင်ခွင့်လေ"

"လုပ်ပိုင်ခွင့်ဆိုတာတော့မှန်ပါတယ်၊ ခုရောက်လာတဲ့ဗိုလ်ကြီး' ကို ဒီနယ်မြေမှာရှိတဲ့ လက်နက်ကိုင်တပ်ဖွဲ့အားလုံးရဲ့ခေါင်းဆောင်အဖြစ် လုပ်ပိုင်ခွင့်တွေအားလုံးကို အထူးလွှဲအပ်ထားတာ"

"တော်တော်ကိုအဆိပ်ပြင်းတယ်ပေါ့၊ သူ့နာမည်က"

"စစ်ငြိမ်းနိုင်"

"ဟင်…"

"ဟာ…"

စစ်ငြိမ်းနိုင်… စခန်းမှူးအခန်းထဲကို လှမ်းဝင်ရင်းပြောလိုက်ခြင်းဖြစ်သည်။

"တွေ့ရတာဝမ်းသာစွာကြိုဆိုပါတယ်ဗိုလ်ကြီး"

"ကျေးဇူးတင်ပါတယ်၊ ခင်ဗျားကောင်တွေနဲ့ပတ် သက်ပြီး တရားရုံးကနေပဲရင်ဆိုင်ပါ…"

"တရားလိုကကျေအေးနေတာပဲဗျာ… ဘာလို့တရားရုံးထိကို တက်ရမှာလဲ"

"တရားလို ကျေအေးတိုင်း အမှုကပြီးဆုံးသွားတာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဥပဒေမဲ့ ရမ်းကားရိုင်းစိုင်းတာကို ဥပဒေက မျက်ကွယ်ပြုတယ် ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပဲ"

"ဒီနယ်မှာ ဒါမျိုးကိစ္စတွေဟာ ဘာမှမဆန်းပါဘူး"

"အရင်က မဆန်းခဲ့ပေမဲ့ ခု ဆန်းရတော့မယ်"

"ကောင်းပြီ... ကျုပ်ကောင်တွေကို ထောင်ကျအောင်ပဲ ရှုလိုက်ပါ ဗိုလ်ကြီး"

"သေရှာပေါက် ထောင်ကျစေရမယ်"

"စောင့်ကြည့်တာပေါ့၊ သွားခွင့်ပြုပါဦး"

"ကောင်းပြီ... ကျုပ်နာမည်တော့ မှတ်မိပါတယ်နော်"

"သိပ်ပြီး မှတ်လို့ကောင်းတဲ့ နာမည်ပါ"

ဦးစလိုင်မောင်သည် ကောက်ကျစ်သောအပြုံးနှင့်အ[illegible] ပြန်ပြီး ထွက်သွားသည်။

"ဗိုလ်ကြီး...ဘာကူညီပေးရမလဲ"

"ဟို(၃)ကောင်ထဲက တစ်ယောက်ကို ခေါ်ထုတ်လိုက်ပါ"

"ဟုတ်ကဲ့...ဆေးရာမြင့်ဦး...တစ်ယောက်ကို ခေါ်ခဲ့ဟေ့"

စစ်ကြောရေးအခန်းထဲကို ဗိုလ်ကြီးစစ်ငြိမ်းနိုင် ရောက်သွာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သောအခါ စစ်ဆေးသည့် စားပွဲတွင် ဖမ်းဆီးထားသော တရားခံ ရောက်နေပြီဖြစ်သည်။

"သူ့ကိုလက်ထိတ်ဖြုတ်ပေးလိုက်ပါ"

"ဗိုလ်ကြီး…ဒီကောင်တွေက မလွယ်ဘူးနော်"

"ဖြုတ်မှာသာဖြုတ်ပေးလိုက်ပါ၊ ဘယ်လောက်တော်တယ်ဆို တာသိရတာပေါ့"

"ရောက်…"

ရဲတပ်ကြပ်ကြီးမှ တရားခံကိုလက်ထိတ်ဖြုတ်ပေးလိုက်သည်။

"မင်း…ကောင်ဖီသောက်မလား"

"မကြိုက်ဘူး"

"မင်းက ဘာသောက်ချင်လို့လဲ"

"အရက်"

"ကောင်းလိုက်တဲ့ တောင်းဆိုမှုကွာ၊ အရက်မသောက်ခင် ဒါလေးကိုအရင်သောက်ကြည့်ပါဦး"

"ဖြောင်း…အား…ဝုန်း…"

"ဗိုလ်ကြီး…"



www.burmeseclassic.com

www.burmeseclassic.com



တရားခံမှာ ကုလားထိုင်နှင့်အတူ နောက်ကိုလှန်ပြီး ကျသွားသည်။ ဘေးမှာရပ်နေတဲ့ တပ်ကြပ်ကြီးက စိုးရိမ်စွာ ဆွဲယူပေးဖို့ ပြင်လိုက်တာကြောင့်

"ဆရာမြင့်ဦး...အပြင်ကိုခဏထွက်ပေးပါ၊ ကျွန်တော့်ကိစ္စကို ကျွန်တော်တာဝန်ယူပါတယ်"

"ဟုတ်ကဲ့"

ဆရာမြင့်ဦး အပြင်ကိုထွက်သွားပြီးနောက်

"ထစမ်းပါကွာ၊ မင်းငါ့ကိုယှဉ်ပြီး တိုက်ခိုက်နိုင်ရင် မင်း အာမခံမလိုဘဲ ထွက်လို့ရတယ်"

"ဟို...ဟို...မ...တိုက်...ခိုက်...ရဲပါဘူး...ဗိုလ်ကြီး"

စစ်ငြိမ်းနိုင် လက်စွမ်းကို သိသွားတာကြောင့် တိုက်ခိုက်ဖို့ မဆိုထားနှင့် ရဲရဲတင်းတင်းတောင် မော့မကြည့်ရဲတော့

"မင်းတို့ဆရာ အားကိုးနဲ့ ပြန်ပြီးလွတ်မယ်လို့တော့ မထင်ထားနဲ့နော်"

"ကျွန်တော်တို့ အမှုက ဒီလောက်ကြီး မကြီးကျယ်ပါဘူး ထောင်ကျလည်း လပိုင်းလောက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ ဗညားရယ်၊ မင်းဘာတွေ လုပ်ခဲ့တယ်ဆို ဘာကိုမင်းမှတ်မိမှာပေါ့"

"ကျွန်…ကျွန်တော် ဘာမှမလုပ်ခဲ့ဘူး"

"မင်း မမှတ်မိရင် ငါကပြောပြရမှာပေါ့၊ မြဝတီက ဓားပြမှုကို ...မေ့သွားပြီလား ဗညား (ခေါ်) စောကလူ"

"ဗျာ…"

"ငါ့ကို စပ်စုစုကောင်လို့ မင်းက ထင်ထားတာကိုးကွ၊ ...ကမင်းတို့ဓားပြတိုက်တဲ့ (၅) ယောက်ထဲမှာ (၁) ယောက်ဘည်း ...ပြောက်သွားတာမင်းမဟုတ်ဘူးလား"

ဗညား ဘာမှမပြောနိုင်ဘဲ ခေါင်းကိုငုံ့ပြီးနေလိုက်သည်။

ဗညား (ခေါ်) စောကလူ သတင်းကို စစ်ငြိမ်းနိုင် ရလိုက်သည် ...သူငယ်ချင်းဖြစ်သူ ဗိုလ်ကြီးမင်းလတ် ချန်ထားခဲ့သော မှတ်တမ်း ...ထဲမှ သိခဲ့ရခြင်းပင်ဖြစ်သည်။

စစ်ငြိမ်းနိုင်…သူ စုနေရသောအခန်းသည် ယခင်ဗိုလ် ကြီး ...ခနေခဲ့သော အခန်းဖြစ်သောကြောင့် သူငယ်ချင်းခဲ့အ ...ကို ...တောင်းကောင်းသိထားသူဖြစ်တာမို့ ဒီနယ်မြေနဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှို့ဝှက်ချက်တွေကိုမှတ်တမ်းလုပ်ထားမှာကိုသတိပြုမိပြီးရှာရာ
အခန်းထဲရှိစုတင်အောက်တွင်ဝှက်ထားခဲ့ဖူးသာ မှတ်တမ်းစာအုပ်ကို
ရှာတွေ့ခဲ့လေသည်။

"ငါပြောတာ လွဲနေသလားစောကလူ"

"ဗိုလ်...ဗိုလ်ကြီး...ကျွန်တော့်ကိုအားပြုမှုတော့မတပ်ပါနဲ့"

"ကောင်းပြီ...ငါ့ဘက်က စဉ်းစားပေးပါ့မယ်၊ တစ်ခုတော့
တယ်၊ မင်းနဲ့ငါ အပေးအယူတော့ လုပ်ရမယ်"

"ဟုတ်ကဲ့ပြောပါဗိုလ်ကြီး...ကျွန်တော်လုပ်ပါ့မယ်"

"ဦးခလိုင်မောင်နဲ့ပတ်သက်ပြီး...မင်းဖြောင့်ချက်ပေးမယ်၊
ထုတ်ပေးမယ်ဆိုရင် မင်းတောင်းဆိုတာကိုငါစဉ်းစားမယ်"

"ဗိုလ်ကြီးတကယ်ပြောတာလား"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည် စညားကို ပရိယာယ်ဆင်၍သူ
ချင်သော သဲလွန်စတစ်ခုကို ဆွဲထုတ်နိုင်ရန် ပြင်ဆင်လိုက်ခြင်း
သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးခလိုင်မောင်ကိုဒီနေ့ဖမ်းဖို့အသင့်ပြင်ထားပါ"

"ဗျာ...ဟင်...ဟို...ဟာ"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်၏စကားကြောင့် အရေးပေါ်ဘေးစည်း အစေးခန်းတွင်ရောက်နေကြသောတာဝန်ရှိသူတွေအားလုံး အံ့အား သင့်သွားကြသည်။

"ဗိုလ်ကြီး...ဦးခလိုင်မောင်ကိုဖမ်းဖို့ဆိုတာကိုယ့်ဘက် က ခိုင် လုံတဲ့သက်သေတွေတော့လိုအပ်တယ်"

"ကျုပ်ဘက်ကမခိုင်လုံဘဲနဲ့ဒီအမိန့်ကိုမပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုစဉ်းစားပါဦးဗိုလ်ကြီး"

"စခန်းမှူးကြီး ပြောပါ"

"ဦးခလိုင်မောင်နဲ့ပတ်သက်ပြီးကျွန်တော်တို့ရဲ့တပ်ဖွဲ့ဘက်က သတင်းတွေရထားပါတယ်၊ ဒါပေမယ့်ဒီနယ်မြေက အကာအကွယ်မဲ့နေတယ်ဗိုလ်ကြီး။ ဦးခလိုင်မောင်ရဲ့လူတွေ၊ အဖွဲ့တွေက များတော့ အန္တရာယ်ကိုဖိတ်ခေါ်သလိုဖြစ်မှာမို့ပြင်ဆင်ပြီးမှ ဖမ်းစေချင်တယ်"

"ဟုတ်ပါတယ်...စခန်းမှူးပြောတဲ့အချက်ကကောင်းပါတယ်၊ ဗိုလ်ကြီး"

"ခုပြောလိုက်တဲ့ အကြံပြုချက်က ကောင်းပါတယ်၊ ဒါပေမဲ့ အချိန်မရတော့ဘူး"

"ဟင်...ဟာ..."

"ဘာကြောင့်ဒီစကားကိုပြောရသလဲဆိုရင်ဦးခလိုင်မောင်တို့ဘက်ကကျုပ်တို့ကိုတိုက်ခိုက်ဖို့ခြေလှမ်းကစနေပြီ၊အဓိကဦးတည်ချက်ကကျုပ်ကိုပဲဦးတည်မှာသေချာလို့အထူးတလည်ပြင်ဆင်ပရာမလိုဘဲတိုက်ရိုက်စိန်ခေါ်မှုကိုကျုပ်ဘက်ကစပြီးလုပ်ရတော့မှာပါ"

ဗိုလ်ကြီး စစ်ငြိမ်းနိုင်၏ တင်ပြမှုကြောင့် အစည်းအဝေးခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံးမှာရှိကြသော သူတွေအားလုံးတိတ်ဆိတ်သွားကြသည်။ ခန်းမအတွင်းအပ်ကျသံကိုကြားရသလောက်ပင်ဖြစ်သည်။

"ဗိုလ်ကြီး...တစ်ခုတော့ပြန်ပြီးစဉ်းစားစေချင်ပါတယ်"

"ကျွန်တော်က ဘာကိုပြန်ပြီးစဉ်းစားရမှာလဲ နယ်မြေမှူးကြီး"

"ဗိုလ်ကြီးအနေနဲ့ ဒီနယ်မြေရဲ့အခြေအနေကို လေ့လာပြီးမှ ဆုံးဖြတ်ချက်တစ်ခုကိုချသင့်ပါတယ်"

"ဟုတ်ပါတယ်ဗိုလ်ကြီး... ဒီနယ်မြေက အမည်းရောင် ကာနေ ဘူးပြောင်းတာ ဘာမှမကြာသေးတော့ ကိုင်တွယ်ရတဲ့အနေအထားမှာ အရမ်း ကိုစက်ခဲနေပါတယ်၊ အရှင်းဆုံးပြောရရင် ဥပဒေစိုးမိုးမှုအား နည်းနေတယ်"

"ဒီအားနည်းမှုတွေကနေ တရားဥပဒေစိုးမိုးမှု အားသာနိုင်ဖို့ အတွက် ကျုပ်တို့ဘက်ကနေ ဥပဒေမဲ့ ပြုမူမှုတွေကို ပြတ်ပြတ်သားသား အရေးယူရမယ်၊ ရာဇဝတ်သား၊ ဒုစရိုက်ကောင်တွေကို အားနည်းချက်တွေနဲ့ ချော့မထားနိုင်ဘူး။ ခင်ဗျားတို့အားလုံးမှာ ပိုင်းခြား ခေါင်းငုံနိုင်ဘူးဆိုရင်လည်း ကျွန်တော့်ဘက်က လုပ်ရမှာကို ဆက်ပြီးလုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို...ဟာ...ဒီလိုသဘောမျိုးနဲ့တင်ပြနေတာ မဟုတ်ရပါဘူး ဗိုလ်ကြီး၊ မလိုအပ်တဲ့အန္တရာယ်တွေကို ဖိတ်ခေါ်သလိုဖြစ်မှာ စိုး လို့ပြောနေတာပါ"

"သေနတ်ကိုင်ထားတဲ့လူတွေအနေနဲ့ အန္တရာယ်ဆိုတာကို ရှောင်လွှဲနေလို့မရဘူး၊ ရင်ဆိုင်ရမှာပဲ၊ တာဝန်နဲ့အမိန့်ဟာ ကျုပ်တို့ရဲ့ အသက်ပဲ"

"ဗိုလ်ကြီးအမိန့်အတိုင်းနာခံပါ့မယ်"

"ကောင်းပြီ...ကျုပ်တို့နယ်မြေခံရဲတပ်ဖွဲ့တွေအားလုံး ပူးပေါင်း ပြီးစစ်ဆင်ရေးတစ်ရပ်ကိုအားချင်းလုပ်ဆောင်ရမယ်"

"ဟုတ်ကဲ့..."

ဗိုလ်ကြီးစစ်ငြိမ်းနိုင်မှ လှုပ်ရှားရမည့် စစ်ဆင်ရေးအတွက် တာဝန်ခွဲဝေမှုအသီးသီးကိုပြုလုပ်ပေးပြီး သူ့ဘက်မှပြင်ဆင်သင့်တာ တွေကိုပြင်ဆင်တော့သည်။

"ဗိုလ်ကြီး..."

"ဆရာလှအောင်...ဘာများပြောစရာရှိလို့လဲ"

"ဦးခလိုင်မောင်နဲ့ပတ်သက်ပြီး ဗိုလ်ကြီး ...သင့်တာလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုပြောချင်လို့ပါ"

"ပြောလေ"

"ကျွန်တော်တို့ဒီနယ်မြေမှာ ဦးစလိုင်မောင်ထက် ကြောက်ဖို့ကောင်းတဲ့သူရှိတယ်"

"ဘယ်သူလဲ"

"ဦးစလိုင်မောင် သမီး ပန်းရတီဆူး..."

"ပန်းရတီဆူးတဲ့လား၊ နာမည်လေးကတော့ စိတ်ဝင်စားစရာကောင်းတယ်"

"လူကလည်း စိတ်ဝင်စားဖို့ကောင်းသလို ကြောက်စရာကောင်းတဲ့အလုပ်တာရားတွေကိုပိုင်ဆိုင်ထားတယ်ဗိုလ်ကြီး"

"ခင်ဗျားကြော်ငြာက ကောင်းလှချည်လား"

"ဗိုလ်ကြီးကိုယ်တိုင် တစ်နေ့တွေ့ရမှာပါ"

"သူဒီနယ်မြေမှာမရှိဘူးမဟုတ်လား၊ ဂျပန်ကစိတ်ညာဆိုင်ရာ တက္ကသိုလ်တစ်ခုမှာ တက်နေတယ်၊ ဦးစလိုင်မောင်ရဲ့ သမီးဖြစ်သလို သူတို့ဂိုဏ်းအတွက် အားထားရတဲ့လက်ထောက်ထားဦးဆောင်ဖြစ်တယ်၊ သူ့ရဲ့လှုပ်ရှားမှုတွေဟာ သွေးအေးပြီး ပီပြင်သိမ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်မှုတွေကိုကျူးလွန်တတ်တယ်မဟုတ်လား"

"ဗိုလ်...ဗိုလ်ကြီး သိနေပြီးသားကိုး..."

"ဆရာလှအောင်... ကျုပ်က အလုပ်တစ်ခုပေါ်မှာ အပေါ်ယံ အမြင်တစ်ခုနဲ့ ဆုံးဖြတ်ချက်မချတတ်ဘူး၊ ကဲ...ဒါတွေကို နောက်မှ ဆက်ပြီး ပြောမယ်၊ ညနေ (၆း၀၀) နာရီထိုးတာနဲ့ စစ်ဆင်ရေးစမယ်၊ ဆရာလှအောင်တို့ဘက်က တစ်ချက်လေးမှ လစ်ဟင်းလို့မရဘူး"

"စိတ်ချပါဗိုလ်ကြီး"

"ဦးစလိုင်မောင်အိမ်ကြီးရဲ့ပတ်ဝန်းကျင်မှာပစ်မှတ်ယူထားတဲ့ သူတွေဆီက သတင်းကိုတော့ မပြတ်စေနဲ့ ဆရာလှအောင်၊ ထူးခြားတာနဲ့ ချက်ချင်းသတင်းပို့ပါ"

"ဟုတ်...သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"

တပ်ကြပ်ကြီးဆရာလှအောင်မှာ အရိုအသေပေးပြီး အခန်းထဲမှထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခြံဝန်းအုတ်တံတိုင်းကြီးအပြင်ဘက်ကနေကြည့်ရင် အိမ်ကြီးထဲကို ဘာတစ်ခုမှမြင်တွေ့လို့မရအောင် တည်ဆောက်ထားသော ခြံဝန်းကြီးတစ်ခုပင်ဖြစ်သည်။ ခြံကြီးထဲသို့ ဝင်ထွက်နိုင်သော တံခါးပေါက်ကြီးကိုစတီးသံပန်းများဖြင့်ခေတ်မီခိုင်ခံ့အောင်တပ်ဆင်ထားပြီး ခြံဝတွင် လုံခြုံရေးဂိတ်တစ်ခုကိုတောင် ဆောက်လုပ်ထားသည်။

ဦးခလိုင်မောင်ဆိုသူ၏ ခမ်းနားကြီးကျယ်မှုတွေဟာ ကြောက်ခမန်းလိလိပင်ဖြစ်သည်။ ဒီလောက်ချမ်းသာကြွယ်ဝမှုတွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဦးခလိုင်မောင်၏စီးပွားရေးက ဘာများလဲ...

တရားဝင်လုပ်ကိုင်နေတာက ကျောက်မျက်ရတနာနှင့်ရွှေရောင်းဝယ်ရေးလုပ်ငန်းဖြစ်သည်။ ထို့အပြင် နယ်စပ်မှ တစ်ဖက်နိုင်ငံသို့ ပဲနှင့်ဆန် တင်ပို့သောလုပ်ငန်းများကို လုပ်ကိုင်နေသဖြင့် အလုပ်သမားတွေနှင့် တပည့်တပန်းတွေက ပေါများလှသည်။

ထိုမြို့တွင် အလုပ်သမားအင်အားအတောင့်တင်းဆုံးလူ တစ်ယောက်ဆိုလျှင် မမှား။ ဒါပေမဲ့ အလုပ်သမားတွေကို လိုအပ်တာထက်ပိုပြီး ထားသည်ကတော့ သံသယဖြစ်စရာပင်ဖြစ်သည်။

ဦးခလိုင်မောင် ကျောထောက်နောက်ခံပြုထားသော အဖွဲ့မှာ အစိုးရနှင့်အပစ်အခတ် ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့ပင်ဖြစ်သည်။ လက်ရှိအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေပြီဖြစ်သော်လည်း တရားဝင်တော့ လက်မှတ်ထိုးသဘောတူချက်မရသေးပေ... သို့သော် အစိုးရဘက်မှ သဘောထားကြီးစွာဖြင့် ထိုလက်နက်ကိုင်အဖွဲ့ကို နယ်မြေသတ်မှတ်၍ လွတ်လပ်စွာ သွားလာခွင့်ပြုထားခြင်းပင်ဖြစ်သည်။

"ဝုန်း...ကျွီ..."



www.burmeseclassic.com

www.burmeseclassic.com



မြို့တံခါးဝတွင် ဗိုလ်ကြီးစစ်ငြိမ်းနိုင်တို့အဖွဲ့ကားထိုးရပ်လိုက်သည်နှင့် မြို့ထဲမှ အရပ်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့်လူ(၂)ယောက်ထွက်လာပြီး...

"ဘာကိစ္စလဲ"

"ဘာကိစ္စဆိုတာ မင်းကိုရှင်းပြစရာမရှိဘူး၊ မင်းအာလုပ်တတံခါးဖွင့်ဖို့ပဲ"

"ဘာကွ...ဒီမြို့ထဲကိုဝင်ချင်တိုင်းဝင်လို့မရဘူး"

"မင်းတို့မြို့ကိုအလည်လာတာမဟုတ်ဘူး၊တာဝန်နဲ့လာတာ စကားသိပ်ပြီးရှည်မနေနဲ့၊မြို့တံခါးဖွင့်စမ်း"

"မင်းတို့က ဘာကောင်တွေလဲ"

"မင်းသိပ်ပြီးသိချင်ရင် သိရမှာပေါ့"

စစ်ငြိမ်းနိုင်သည် ကားပေါ်မှဆင်းပြီး မြို့တံခါးနားသို့တစ်ချက်သွားပြီးမြို့တံခါးတစ်ဖက်တွင်ရပ်နေသောလူနားသို့ရောက်သောအခါမှ

"ဖြောင်း...အီး...ဟင်"

တစ်ဖက်တံခါးဆီမှလူထွားကြီး၏ခေါင်းကိုမြို့တံခါး [illegible]နှင့်ဆွဲဆောင့်ရိုက်လိုက်ပြီး ခါးကြားမှသေနတ်ကိုထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ..တံခါးဖွင့်ပေးလိုက်"

"ဟုတ်ကဲ့..."

ခပ်လှမ်းလှမ်းဆီမှ တံခါးဖွင့်စိုင်းလိုက်သူက ဦးခလိုင်မောင်ပင်ဖြစ်သည်။

"ဆောရီးဗျာ..ကျုပ်လူတွေကအပြောအဆိုမတတ်သလိုဖြစ်သွားတယ်၊ကိစ္စရှိလို့ထင်တယ် ဗိုလ်ကြီးစစ်ငြိမ်းနိုင်"

"သေရာတာပေါ့၊ခင်ဗျားဆီကိုအလည်အပတ်လာတာတော့မဟုတ်ဘူး"

"ကောင်းပါပြီ...အိမ်ထဲကိုကြွကြပါ"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်နှင့် ဦးခလိုင်မောင်တို့လမ်းလျှောက်ပြီး ရှေ့ကနေဝင်သွားသလို နောက်ကနေ တပ်ဖွဲ့ဝင်ကားလေးမောင်းဝင်လာခဲ့သည်။

ဗိုလ်ကြီးစစ်ငြိမ်းနိုင်အတွက် ကြီးမားသော လောင်းကြေးထပ်မှုတစ်ခုဆိုလျှင်မမှားပေ။ သူရောက်နေသောနယ်မြေဒေသသည် [illegible]အစည်းရှောင်ဒေသဖြစ်တာကြောင့် ဥပဒေမဲ့လုပ်ဆောင်[illegible]မှုတွေတဖျောက်ကွယ်သွားခြင်းမရှိသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေမဲ့လုပ်ရပ်တွေကို မကြာခဏဆိုသလို ကျူးလွန်တတ်ကြသည်။ ဗိုလ်ကြီးစစ်ငြိမ်းနိုင်တို့လိုဥပဒေဘက်တော်သားတွေကိုစိန်ခေါ်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဤဒေသတွင်ဩဇာအရှိန်အဝါကြီးမားသော ဦးစလိုင်မောင်လိုလူတစ်ယောက်ကို ဖမ်းဆီးရခြင်းသည် မမြင်နိုင်သော ကျည်ဆံတွေကိုဖိတ်ခေါ်နေသလိုပင်ဖြစ်သည်။

"တစ်ခုခုသောက်ဖို့စီစဉ်လိုက်မယ်၊ ဘာကြိုက်နှစ်သက်တယ်ဆိုတာကိုပြောပါ"

"ကျေးဇူးတင်ပါတယ်ဦးစလိုင်မောင်၊ ကျွန်တော်တို့အတွက်အချိန်မရလို့ပါ"

"စကားပြောဆိုဖို့တောင်အချိန်မရဘူးဆိုတော့ ဘာကိစ္စတွေများအရေးကြီးလာလို့လဲ...ငွေကြေးကိစ္စနဲ့ပတ်သက်တယ်ဆိုင်ရင်တော့ ... စဉ်းစဉ်မပြုပါနဲ့၊ ငွေဘယ်လောက်လိုချင်လဲပြောပါ"

ဦးစလိုင်မောင်စကားဖြေ့မှာ ခံပြင်းစရာပင်ကောင်းနေသည်။ ... ကို ချုပ်တည်းလိုက်ကာ သူ့လုပ်စရာရှိတာတွေကိုသာ လုပ်ရ... ည်ဖြစ်သည်။

"ကောင်းပြီလေ၊ စကားကိုနောက်မှဆက်ပြီးပြောကြတာပေါ့

www.burmeseclassic.com



လုပ်ကိုင်ရမယ့်ကိစ္စတွေကို အပြီးသတ်အောင်လုပ်လိုက်ဦးမယ်၊ ဆရာလှအောင်"

"ဟုတ်ကဲ့အမိန့်ရှိပါဗိုလ်ကြီး"

"ဟိုမှာချိတ်ဆွဲထားတဲ့ နှင်းဆီပန်းချီကားချပ်ထဲက အဖြူရောင်နှင်းဆီပွင့်ကိုလက်နဲ့ဖိလိုက်ပါ"

"ခင်ဗျားတို့ ဒါဘာလုပ်မလို့လဲ၊ ဒီပန်းချီကားရဲ့တန်ဖိုးက ကြီးတယ်နော်"

ဦးခလိုင်မောင်မျက်နှာပျက်သွားပြီးပန်းချီကားရှေ့တွင်ဝင်ရပ်လိုက်သည်။

"ကျုပ်တို့က ခင်ဗျားဆီကိုတာဝန်နဲ့လာတာနော်၊ ရှေ့ကဖယ်ပေးပါ"

"မဖယ်နိုင်ဘူးဆိုရင်ရော"

"ရပါတယ်၊ ဖယ်နိုင်အောင်လုပ်ရမှာပေါ့၊ ဖြောင်း...အင့်..."

"ချောက်...ချောက်..."

ဦးခလိုင်မောင်ကို အသွက်လက်ဆုံးလက်ပြန်ရိုက်ချလိုက်ပြီးခြင်းအိမ်ထဲတွင်ရှိနေသောဦးခလိုင်မောင်လှုပ်ရှားမှုပြ



www.burmeseclassic.com

www.burmeseclassic.com



နေ့တွင် စစ်ငြိမ်းနိုင်ရဲဘော်တွေက သေနတ်နှင့်ချိန်ရွယ်ထားလိုက်သည်။

"ခင်ဗျားတို့ဘက်က ထပ်ပြီးလှုပ်ရှားလာမယ်ဆိုရင် ကျုပ်တို့ဘက်က သက်ညှာနေမှာတော့ မဟုတ်ဘူးနော်၊ ရဲဘော်အားလုံးကို ခွင့်ပေးထားတယ်၊ ဆရာလှအောင်လုပ်စရာရှိတာကို ဆက်ပြီးလုပ်"

"ကျွီ..."

"ဟင်...ဟာ..."

ဆရာလှအောင်ပန်းချီကားထဲမှ အဖြူရောင်နှင်းဆီပန်းလေးကိုနှိပ်လိုက်သည်နှင့် နံရံနှင့်တစ်ပြေးညီလုပ်ထားသော တံခါးချပ်ကြီးပွင့်သွားသည်။ အခန်းတော့မဟုတ်၊ အောက်ကိုဆင်းရသောလှေကားတစ်ခုပင်ဖြစ်သည်။

"ဒါဘာအခန်းလဲဦးစလိုင်မောင်"

"ဒါက သိပ်ပြီး ဆန်းကြယ်လှတဲ့ကိစ္စမဟုတ်ပါဘူး။ ဇာတိမြေမှာက ငြိမ်းချမ်းတာမဟုတ်ဘူး။ အန္တရာယ်တွေကအချိန်မရွေးဆိုက်လာနိုင်တယ်လေ၊ ဒါကြောင့် စုလိုမြေအောက်ခန်းဆောက်ထား



www.burmeseclassic.com

www.burmeseclassic.com



ထားရတာပဲ"

"ခင်ဗျားဆိုလိုတာက လုံခြုံရေးအတွက်ပေါ့"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဥပဒေနဲ့မလွတ်ကင်းတဲ့ကိစ္စတွေကို လုပ်မယ်ထင်လို့ သံသယရှိနေရင် အောက်ကိုဆင်းပြီးကြည့်လို့ရ ပါတယ်"

"ခုလိုခွင့်ပြုပေးတာ ကျေးဇူးတင်ပါတယ်"

"ဟို...ဟို...နေဦး ဗိုလ်ကြီးစစ်ငြိမ်းနိုင်"

"ဘာများပြောချင်လို့လဲ...ပြောပါ"

"ကျုပ်ဆိုတဲ့လူက ဒီဒေသမှာ ဂုဏ်သိက္ခာရှိရှိနဲ့နေထိုင်ခဲ့တဲ့သူ ဆိုတော့ အဲကယ်၍ ခင်ဗျားဘက်ကနေ သက်သေခိုင်ခိုင်လုံလုံမရှိခဲ့ ရင် တန်ရာတန်ကြေးတော့ ပေးဆပ်ရလိမ့်မယ်"

"ခင်ဗျားဖြစ်စေချင်တဲ့ပုံစံအတိုင်းဖြစ်စေရမယ်"

"ကောင်းပါပြီ"

"ဆရာလှအောင်တို့အဖွဲ့ အပြင်မှာနေခဲ့ကြပါ၊ စခန်းမှူးကြီးတို့ အဖွဲ့လိုက်ခဲ့"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်ရှေ့မှဦးဆောင်ပြီး ကျောက်မီးလှကား



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းဆင်းခဲ့သည်။ လှေကားထစ် (၁၀၀)လောက်ဆင်းပြီး အဆုံးတွင် မြေအောက်အခန်းကြီးတစ်ခုကိုရောက်ခဲ့ကြသည်။ မြေအောက်ခန်းထဲတွင်ထူးထူးခြားခြားဘာကိုမှမတွေ့ရဘဲခုတင်( )လုံး ဗီရို(၁)လုံးနှင့်တခြားအိမ်သုံးပစ္စည်းတွေကိုသာတွေ့လိုက်ရသည်။

"ဗီရိုကိုဖွင့်ပြလိုက်ပေ့ါ"

ဦးခလိုင်မောင်သူ့လူတွေကိုဗီရိုဖွင့်ပြဖို့ပြောလိုက်တာကြောင့်

"ဗီရိုကဖွင့်စရာမလိုပါဘူး၊ဘေးကိုတွန်းဖို့ပဲလိုပါတယ်"

"ဘာ..."

ဗိုလ်ကြီးစစ်ငြိမ်းနိုင်စကားကြောင့်ဦးခလိုင်မောင်မျက်နှာ ပျက်သွားသည်။ချက်ချင်းပင်ဘေးနံရံမှပန်းအိုးလေးကိုကိုင်မည်အပြု

"ဦးခလိုင်မော[illegible]ခင်ဗျားရပ်နေရာကနေ လှုပ်တာနဲ့ ဘုန်းထိုး အဆိုးမဆိုနဲ့နော်၊ခင်ဗျားဘာလုပ်မယ်ဆိုတာ ကျုပ်သိနေတယ်"

"သိပ်ပြီးတော်ပါတယ်စုံထောက်ကြီး"

"စခန်းမှူး...သူ့ကိုလက်ထိတ်ခတ်လိုက်ပါ။ ကျန်တဲ့ငါ အေ ..ည်းဖမ်းဆီးလိုက်ပါ"

"ရောက်...ရောက်..."



www.burmeseclassic.com

www.burmeseclassic.com



ဦးခလိုင်မောင်နှင့်အတူပါလာသော တပည့်(၃)ယောက်ကိုပါ လက်ထိတ်ခတ်လိုက်တော့သည်။

"ကျွီ...ကျွီ...."

နံရံကပ်ဗီရိုကြီးကို ဆက်ပြီးတွန်းလိုက်တော့

"ဟာ....."

လက်နက်မျိုးစုံ၊ ခဲယမ်းသေတ္တာတွေနှင့်ဖောက်ခွဲရေးပစ္စည်း များစွာကိုတွေ့လိုက်ရသည်။

"ဒီလက်နက်တွေက တရားမဝင် ရောက်နေတဲ့လက်နက်တွေ ပါဦးခလိုင်မောင်၊ ခင်ဗျားဘာပြောင်းချင်သေးလဲ"

"ကျုပ်...မပြောင်းတော့ပါဘူး၊ ကျုပ်ကိုဖမ်းဆီးတဲ့အတွက် ရလာ မယ့် တန်ဖိုးကတော့ကြီးတယ်နော်"

ဦးခလိုင်မောင်ပြောလိုက်သော စကားအဓိပ္ပာယ်ကိုစစ်ငြိမ်းနိုင် ကောင်းကောင်းကြီးသဘောပေါက်တာကြောင့်ပြုံးလိုက်ပြီးမှ

"စစ်ငြိမ်းနိုင် ဘယ်လိုကောင်မျိုးဆိုတာ သံတိုင်တွေကြားထဲ ကနေ စောင့်ကြည့်လိုက်ပါဦး"

"စိတ်ချ...စောင့်ကြည့်နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"စခန်းမှူးကြီးသူ့ကိုခေါ်သွားလို့ရပါပြီ၊ လက်နက်တွေ ဒိုဘော မှတ်တမ်းသတင်းစာတ်ပုံတွေရိုက်ပြီးရင် ရှာဖွေပုံစံနဲ့ သိမ်းဆည်းလိုက်ပါ"

ဟုတ်ကဲ့...ဒီအိမ်ကိုရော ချိတ်ပိတ်ထားရမှာလား"

"အိမ်ကို ချိတ်မပိတ်ပါနဲ့ ယာယီစောင့်ကြပ်ထားလိုက်ပါ၊ သူ့ဘက်ကပတ်သက်ဆက်နွယ်သူတွေရောက်လာရင် လွှဲပြီးပေးလိုက်ပါ"

"ဟုတ်ကဲ့"

စစ်ငြိမ်းနိုင်အတွက်အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုကို တင်ပြီး ပြုလုပ်လိုက်ပြီဖြစ်သည်။ ရေ့ဆက်မည့်မနက်ဖြန်တွေရဲ့မျက်နှာမြင် တွေကတော့ သွေးညှီနံ့တွေနှင့် သင်းပျံ့နေသလိုပင်...

www.burmeseclassic.com

www.burmeseclassic.com

ဦးခလိုင်မောင်ကို ဖမ်းဆီးပြီး တရားရုံးသို့စွဲချက်တင်အမှုစ
နေသည်မှာ တစ်လတိတိရှိခဲ့ပြီဖြစ်သည်။ တရားရုံးမှပြန်ပြီး အထွက်
ထွင်စခန်းမှူးကိုကိုကြီးနှင့် မျက်နှာချင်းဆိုင်ဆုံလိုက်သည်။

"စခန်းမှူးကြီး နယ်မြေအခြေအနေဘယ်လိုလဲ"

"ခုထိတော့ အေးအေးချမ်းချမ်းပဲဦးလေးကြီး၊ ဦးခလိုင်မောင်
ထောင်ထဲရောက်ပြီးအပြင်မှာကျန်ခဲ့တဲ့သူ့ကောင်တွေတစ်စုစုတော့ပြန်မ
ခေါင်းထောင်လာ ကိုယ့်ရဲဘော်တွေကိုတောင် သတိရှိဖို့ ပြောထားတ
ယ်၊ ဒါပေမယ့်တော့ အရိပ်အယောင်တောင်မတွေ့ရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စခန်းမှူးကြီးရေ၊ ဒီကောင်တွေမလှုပ်ရှားတာအကြောင်းမဲ့တော့မဟုတ်ဘူး၊ သူတို့ကိုခေါင်းဆောင်မယ့်သူရဲ့အမိန့်ကိုစောင့်နေတာဖြစ်မယ်"

"ဗိုလ်ကြီးဆိုလိုတာက ဦးစလိုင်မောင်ပြီးရင် နောက်ထပ်ခေါင်းဆောင်တစ်ဦးပေါ်လာနိုင်တယ်ပေါ့"

"သိပ်သေချာတဲ့စကားပဲ၊ ကျုပ်တို့ဦးစလိုင်မောင်နဲ့ပတ်သက်ပြီး ဖမ်းမိထားတဲ့ အခြေအနေက အရမ်းကို သေးဖွဲတဲ့သက်သေခံ အထောက်အထားတွေ၊ ဒီထက်မကတဲ့ကိစ္စတွေက အများကြီးရှိသေးတယ်"

"ခုမိထားတဲ့လက်နက်တွေကတောထဲက သူပုန်အဖွဲ့တွေကို ဆောင်းဖို့ဆိုပြီးထွက်ဆိုထားတာ ..ဒါက မဟုတ်ဘူးလား"

"မဟုတ် စခန်းမှူးကြီးရဲ့ လက်နက်တွေက သူပုန် အဖွဲ့ကို ဆောင်းဖို့မဟုတ်ဘူး၊ သူ့အဖွဲ့အတွက် သုံးဖို့ဝယ်ထားတဲ့လက်နက်တွေ"

"ဟာ...ဗိုလ်ကြီး..လက်နက်တွေကမနည်းဘူးနော်၊ ဘယ်ချိန်ထိရင်းစာလောက်ရှိတယ်၊ ပြီးတော့ ဆက်သွယ်ရေးစက်တွေ ဆောင်

"အမည်းရောင်နယ်မြေကနေ အဖြူရောင်နယ်မြေ အဖြစ် ပြောင်းလဲခဲ့ပေမယ့် သူတို့အနေနဲ့ ဒီနယ်မြေဟာ



www.burmeseclassic.com

www.burmeseclassic.com



မြေအဖြစ်ပြန်ပြီးရောက်လာမယ်လို့ သတ်မှတ်ထားကြတာ"

"ဒါက မဖြစ်နိုင်တဲ့ကိစ္စပဲဗိုလ်ကြီး၊ အစိုးရနဲ့လက်နက်ကိုင်တွေ ကြားမှာ နိုင်နိုင်မာမာ ကတိပြုထားကြတာပဲ၊ အလွယ်လေးနဲ့တော့ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး"

"အစိုးရနဲ့ငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့တွေကြားမှာ ပဋိပက္ခ ဖြစ်အောင် သူတို့က လုပ်ဆောင်ကြမှာလေ"

"တော်တော်ပက်စက်တဲ့အကြံပဲ"

"လောဘရမ္မက်တွေကြီးမားနေတဲ့ဦးခလိုင်မောင်တို့အတွက် ဘယ်သူသေသေ တော်မာရင်ပြီးရောဆိုတဲ့ လူတန်းစားတွေလေ"

"ဩော်...ဗိုလ်ကြီးကို သတင်းပို့စရာရှိသေးတယ်"

"ဘာများလဲ စခန်းမှူးကြီးရဲ့"

"ဦးခလိုင်မောင်ရဲ့သမီး ပန်းရတီဆွေး ရောက်နေပြီ"

"ဟင်..."

ပန်းရတီရွှေအမည်ကိုကြားလိုက်ရသည်နှင့် ဗိုလ်ကြီးစစ်ငြိမ်း တို့အတွက် မကြာခင် ဦးခလိုင်မောင်နဲ့ပတ်သက်ပြီး ရင်ဆိုင်မှုတွေ ကိုကြုံရတော့မယ်ဆိုတာကို သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စခန်းမှူးကြီး"

"ပြောပါဗိုလ်ကြီး"

"ကျုပ်တို့ဘက်က လုံခြုံရေးသတိရှိဖို့ကို အရင်ထက်ပိုပြီးလုပ်ဆောင်ထားပါ၊ ပန်းရတီဆူး ပြန်ရောက်လာခြင်းဟာ ကျွန်တော်တို့အတွက် အန္တရာယ်ကြီးတယ်"

"သူ့အဖေအတွက် သူလက်စားချေမယ်ထင်တယ်"

"ကျုပ်အထင်ပြောရရင် လက်စားချေမှုတွေကို အရင်မလုပ်ခဲ့ သူ့ဖခင်လွတ်မြောက်အောင်ကြိုးစားလိမ့်မယ်ထင်တယ်"

"ဦးစလိုင်မောင်ကို အထူးထောင်ကိုပို့ထားတာပဲ သူ့အဆောင်ကို မဝင်ပြီးကယ်လို့မရနိုင်ပါဘူး"

"ထောင်ကိုဖောက်ပြီးကယ်မှာတော့မဟုတ်ဘူး တခြားနည်းလမ်းတွေနဲ့ ကယ်တင်ဖို့ကြိုးစားလိမ့်မယ်"

နှစ်ဦးသား စကားပြောရင်း ကားနားဆီသို့ရောက်လာခြင်းကြောင့်

"စခန်းမှူးကြီး ခွင့်ပြုဦး"

"ဟုတ်ကဲ့ ဆက်သွယ်ရေးတွေတော့ မပြတ်သေးပါဘူး ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရှု..."

စခန်းမှူးကိုကိုကြီးကို နှုတ်ဆက်ပြီး ဗိုလ်ကြီးစစ်ငြိမ်းနိုင် ကား ပေါ်တက်တော့

"တီ...တီ...တီ..."

ခါးကြားမှ ဟန်းဖုန်းခေါ်သံကြောင့်နားထောင်လိုက်သည်။

"ဟလို"

"ဗိုလ်ကြီးစစ်ငြိမ်းနိုင်ထင်ပါတယ်"

"ဟုတ်ပါတယ်...ဘာကိစ္စများရှိလို့လဲ ပန်းရတီဆူး"

"ရှင်...ခြေဘ်...ကျွန်မ ပန်းရတီဆူးဆိုတာကို ရှင်ဘာကြောင့် ပြောနိုင်တာလဲ"

"စိတ်ထဲက ထင်လိုက်တာပါ"

"ရှင်မဆိုးပါဘူး၊ ကျွန်မ ပန်းရတီဆူးပါ၊ ရှင်နဲ့စကားပြောချင်လို့ ပါ၊ တွေ့လို့ရမလားမသိဘူး"

"တွေ့ချင်သူရှိရင် တွေ့ရတာပေါ့၊ တွေ့ရမယ့်အချိန်ကိုပြောပါ"

"တွေ့ချင်တာကတော့ ခုပဲ"

"ကောင်းပြီ၊ ဘယ်ကိုလာခဲ့ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရီ ဟိုတယ်ကို လာခဲ့ပါ၊ ကျွန်မ စောင့်နေမယ် ခြောက်— ဗိုလ်ကြီးကိုညာက်စမ်းတာတော့မဟုတ်ဘူး။ ရှင် ကျွန်မကိုတွေ့အောင် ရှာနိုင်ပါ့မလား"

"ပုန်းနေမှာမို့လို့လား"

"လူတွေကြားထဲမှာထိုင်နေမှာပါ"

"ကောင်းပြီ...ကျုပ်ရှာလာခဲ့မယ်"

စစ်ငြိမ်းနိုင်သည် ပန်းရတီရွှေနှင့် ချိန်းဆိုထားသော နေရာသို့ ထွက်လာရင်းပြုံးလိုက်မိသည်။ ပန်းရတီရွှေနဲ့ပတ်သက်သော ဓာတ်ပုံတွေကို ဖြူလှိုင်မောင်ဆီမှာမရှိ၊ နယ်မြေတွင် တာဝန်ထမ်းဆောင်နေကြသောသူတွေလည်းမတွေ့ဘူးကြ၊ ဒီလိုမှတ်ချက်သည် ဦးခင်နိုင်အောင် တမင်အကွက်ချပြီး ချမှတ်ထားသော ကိစ္စတစ်ခုပင်ဖြစ်သည်။ ဒါပေမယ့် စစ်ငြိမ်းနိုင်ကတော့ ပန်းရတီရွှေရဲ့ဓာတ်ပုံကို ရယူပြီးပြည်တာ နေရရှိပြီးသားဖြစ်သည်။ ဘယ်သို့ပင်ဖြစ်စေ စစ်ငြိမ်းနိုင်နှင့်ပန်းရတီရွှေ တို့၏ ဂိမ်းကစားပွဲလေးက စတင်ပြီဟု ထင်မှတ်လိုက်သည်။

ချယ်ရီဟိုတယ် ကားပါကင်ခံနေရာတွင် ကားထိုးရပ် ပြီးမှ ဟိုတယ်ခန်းမထဲသို့ဝင်လာခဲ့သည်။ ဟိုတယ်တွင် ထည့်သွင်းထားသူတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် သီးသန့်စန်းမဆီသို့ဝင်လိုက်တော့ စားပွဲ (၃)နေရာတွင် မိန်းကလေး(၃)ဦးထိုင်နေတာကိုတွေ့လိုက်ရပေမဲ့စစ်ငြိမ်းနိုင် ဓာတ်ပုံထဲတွင်တွေ့ခဲ့သော မိန်းကလေးတစ်ဦးမှမဟုတ်။ တခြားစားပွဲတွေလည်း မိန်းကလေးတွေရှိနေသော်လည်း သီးသန့်မဟုတ်၊ သူတို့နှင့်ဆက်နွယ်နေသောသူတွေမိသားစုတွေနှင့်ထိုင်နေကြခြင်းပင်ဖြစ်သည်။

မိန်းကလေး(၃)ဦးကိုအကဲခတ်ကြည့်လိုက်တော့တည်တည်ငြိမ်ငြိမ်ထိုင်နေကြသည်။ ဘယ်သူဟာပန်းရတီလူးဆိုတာကိုဆုံးဖြတ်ဖို့ခက်နေသည်။ စစ်ငြိမ်းနိုင် တစ်ယောက်ချင်းဆီကို တစ်ချက်ကြည့်လိုက်ပြီးပြုံးလိုက်သည်။ သူရှာဖွေနေသော ပစ်မှတ်ကိုတွေ့လိုက်ရပြီဖြစ်သည်။

ဟိုတယ်စန်းမ၏ အစွန်ဆုံးစားပွဲ မှန်ချပ်တွေနှင့်ကပ်လျက်တွင်ထိုင်နေသောမိန်းကလေးဆီသို့တည့်တည့်မတ်မတ်ပင်လျှောက်သွားလိုက်သည်။

စစ်ငြိမ်းနိုင် သဲလွန်စရလိုက်တာကတော့မိန်းကလေး (၃)ဦး၏ ဖိနပ်တွေပင်ဖြစ်သည်။ သူမ စီးထားသောဖိနပ်က ကြိုးသိုင်းဖိနပ်လေး ဖြစ်ပြီး ဂျပန်နိုင်ငံတွင် မိန်းကလေးအများစီးတတ်သော



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ပင်ဖြစ်သည်။ တခြားမိန်းကလေး (၂)ဦးကတော့မြန်မာနိုင်ငံတွင် ဈေးအကြီးဆုံးဖိနပ်တွေဖြစ်ပေမဲ့ မြန်မာ့မြေပေါ်တွင် နေသားကျနေသော ခြေထောက်နှင့်ဖိနပ်တို့ပင်ဖြစ်သည်။

"ထိုင်လို့ရမယ်ထင်တယ်"

"ထိုင်လို့တော့ရပါတယ်၊ ဒါပေမဲ့အချိန်ကြာကြာတော့ ထိုင်လို့ရဘူး၊ ကျွန်မ လူတစ်ယောက်နဲ့ချိန်းထားလို့ပါ"

"ခင်ဗျား ချိန်းထားတဲ့သူက ကျွန်တော်များဖြစ်နေမလား မသိဘူး"

"မသေချာတဲ့စကားပဲ၊ တစ်ခုခုမှားနေပြီထင်တယ်"

"မှားသွားရင် တောင်းပန်ပါတယ် ပန်းရတီရေ။ သွားခွင့်ပြုပါဦး။ ဒီနေ့ ကျွန်တော် ညံ့ဖျင်းမှုကြောင့်ပဲ သတ်မှတ်ထားလိုက်ပါ့မယ်"

စစ်ငြိမ်းနိုင်စကားကို သူမပြုံးလိုက်ပြီး

"လေးစားပါတယ် ဗိုလ်ကြီးစစ်ငြိမ်းနိုင်၊ ထိုင်နိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

"ရှင်ဘာကြောင့် ကျွန်မဆိုတာကို သိသလဲဆိုတာ [illegible] [illegible]သောပေါက်လိုက်ပါတယ်၊ ကျွန်မဟာကွက်လေးပေါ်[illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီးရွေးချယ်လိုက်တာမဟုတ်လား"

"အမှန်ဆုံးစကားပါပဲ"

"ပထမဦးဆုံးပွဲလေးကတော့ ကျွန်မဘက်က အမှတ်လျော့သွားပါပြီ၊ ထားလိုက်ပါလေ၊ ရှင် ဘာသုံးဆောင်မလဲ၊ အရက်ကြိုက်တတ်ရင်မှာနော်၊ ကျွန်မကိုအားမနာနဲ့"

"အအေးတစ်ခုခုပဲမှာလိုက်ပါ"

"ကျွန်မကတော့ ဝိုင်တစ်ခွက်လောက် သောက်ချင်တယ်၊ ယဉ်ကျေးမှုမရှိသလိုတော့မဖြစ်ပါဘူးနော်"

မိုလ်ကြီးစစ်ငြိမ်းနိုင် ခေါင်းကို ညိတ်ပြလိုက်ပြီး ပြုံးနေလိုက်သည်။

"စကားစပြီးပြောလို့ရပြီထင်တယ်"

"ရပါပြီ"

"ကျွန်မဒယ်ဒီနဲ့ပတ်သက်ပြီးရှင့်ဘက်ကသဘောထားလေးကိုပြောစေချင်တယ်"

"ဥပဒေကို ကျွန်တော်က ချုပ်ကိုင်ထားတာမဟုတ်ပါဘူး ဥပဒေအတိုင်းပဲဆောင်ရွက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးရယ်… ဘာလို့ ဂုဏ်ထူးဆောင်ဘွဲ့ကြီးကို မက်မောနေရတာလဲ၊ ဘဝတစ်ခုမှာ ချမ်းချမ်းသာသာနေဖို့စိတ်ကူးသင့်တယ်"

"ချမ်းသာကြွယ်ဝချင်ရင် ဒီအလုပ်ကို လုပ်မှာမဟုတ်ဘူး၊ အခြားစီးပွားရေးလုပ်ငန်းကိုလုပ်မှာပေါ့ဗျာ"

"ရှင့်အတွက် ဘာမှ အကျိုးမရှိတဲ့ကိစ္စဖြစ်နေလို့ပါ"

"ကျွန်တော့်အလုပ်က ဥပဒေမဲ့နေတဲ့လူတွေကို ဥပဒေဘောင်အတွင်းခေါ်ယူရမှာ တာဝန်ပဲလေ"

"လူ့အသက်တစ်ချောင်းက အရမ်းကိုတန်ဖိုးရှိပါတယ်"

ပန်းရဝီဆူးစကားလုံးတွေက ခြိမ်းခြောက်မှုတွေပါဝင်ဘာပြီးသည်၊ ထိုစကားလုံးတွေကို စစ်ငြိမ်းနိုင် မသိကျိုးကျွံပြုလိုက်ပြီး

"လူသားအားလုံးဟာ သေခြင်းတရားနဲ့စီးသွားနေကြရတာ သေရတာ သိပ်ပြီးဆန်းပြားတဲ့ကိစ္စတစ်ခုမဟုတ်ပါဘူး"

"တကယ်ပဲသေမှာကိုမကြောက်ဘူးပေါ့"

"နောက်ဆုံးကျည်ဆန်တစ်တောင့်ထိတော့ ကိုယ့်အသက်ကို အာ့ယ်သွားမယ်လေ"

"လေးစားပါတယ် ဗိုလ်ကြီးစစ်ငြိမ်းနိုင်၊ ရှင့်အတွက် ...



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တံဆိပ်တစ်ခုကိုပိုင်ဆိုင်ရမှာပါ"

"ကျုပ်အတွက် ဂုဏ်ထူးဆောင်တံဆိပ်က ဘာမှအရေးမကြီးပါဘူး"

"အရေးကြီးတာကဘာလဲ"

"ဥပဒေမဲ့ကျူးလွန်သူတွေကို ဥပဒေရဲ့လမ်းပေါ်ကိုဆွဲတင်နိုင်မှာ"

"ကြိုးစားပေါ့ရှင်... တစ်ခုတော့ ရှင့်ကိုသတိပေးလိုက်ချင်တယ်"

"နားထောင်ကြည့်မယ်လေ"

"ဒီနယ်မြေဟာရှင်ဖြတ်သန်းဘူးခဲ့တဲ့နယ်မြေတွေနဲ့မတူဘူးနော်"

"တရားဥပဒေတည်ရှိနေတဲ့နေရာအားလုံးဟာ အတူတူပါပဲ၊ ထူးခြားတယ်ဆိုတာ မရှိပါဘူး၊ တစ်ခုတော့ ကျုပ်ဘက်ကပြောထားချင်တယ်၊ ရန်သူကိုကြောက်တတ်တဲ့သူတွေထဲမှာ စစ်ငြိမ်းနိုင်မပါဘူး"

စစ်ငြိမ်းနိုင်၏စကားကို ဘာတစ်ခွန်းမှတုံ့ပြန်ခြင်းမပြုပေ။ ဘဲ[illegible]ပြုံးနေလိုက်သည်။ ထိုအပြုံးသည် ဝံပုလွေမတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



...ပြီးပင်ဖြစ်သည်။

"တခြားစကားတွေ ပြောစရာမရှိရင် ပြန်ခွင့်ပြုပါ"

"ရှင်ထပ်ပြီး စဉ်းစားပါဦး"

"ကျုပ်ဟာအရောင်ပြောင်းလဲတတ်တဲ့မြွေတစ်ကောင်မဟုတ်
...ဘူး"

"အင်းလေ...ရှင့်ရဲ့အနာဂတ်ပြက္ခဒိန်စာမျက်နှာတွေကတော့
...နည်းခြင်းတွေနဲ့ ပြည့်နက်နေဦးမှာပဲ၊ အဲဒီလို မဖြစ်ဖို့ ကျွန်မ ဆု
...တောင်းပေးလိုက်ပါမယ်"

"ကျေးဇူးတင်ပါတယ် ပန်းရတီဆူး၊ ဒီပြက္ခဒိန်စာမျက်နှာတွေ
...မှာမင်းနဲ့ကျုပ်ဆုံကြရဦးမှာပေါ့...ဗွတ်ဘိုင်"

"ကောင်းသောနှုတ်ဆက်ခြင်းပါ"

စစ်ငြိမ်းနိုင်သည့်ပန်းရတီဆူးကိုနှုတ်ဆက်ပြီးကားဆီသို့ပြန်
...ခဲ့သည်။

ကားနားဆီသို့ရောက်တော့သတိပြုမိလိုက်သည်။ ပန်းရတီဆူး
...ကိုစပ်ဖေ့ပဲ့ဖေ့ပဲ့လေးတွက်ဆပြီးကားအောက်တွင်ငုံ့ ...
...ကိုမသိဘူးထင်နေသည်။ အမှန်တကယ်ထိုသို့လုပ်ဆောင်ရန် သည်



www.burmeseclassic.com

www.burmeseclassic.com



ကိုစစ်ငြိမ်းနိုင် ဟိုတယ်ထဲမှလှမ်းပြီး တွေ့လိုက်ပြီးသားပင်ဖြစ်သည်။

မှိုင်းကပ်သွားသောသူကိုလည်း ကောင်းကောင်းမှတ်မိလိုက်သည်။ ကားတံခါးကိုဖွင့်ပြီး တစ်ဖက်တံခါးဆီမှ အပြင်သို့ လှမ်းပြီး အောက်သို့ဆင်းလိုက်သည်။

"ဝုန်း..."

ကံကောင်းထောက်မစွာပင် ကားတံခါးဘေးတွင် ကုက္ကိုပင်ကြီးရှိနေတာကြောင့် ကားပေါက်ကွဲမှုဘေးမှ သီသီလေးလွတ်မြောက်သွားသည်။ ထိုမြင်ကွင်းကို ဟိုတယ်ထဲမှ ပန်းရတီရူး လှမ်းပြီးကြည့်နေရင်း

"စိတ်မကောင်းလိုက်တာ ဗိုလ်ကြီးစစ်ငြိမ်းနိုင်ရယ်၊ ပွဲကသိပ်ပြီးမြန်နေတော့ နောက်ထပ် ရှင်ပြောတဲ့ ဆုံချိန်လေးတောင် မရှိလိုက်ရဘူး"

"ဝေါ...တီ...တီ...ပေါ်..."

ကားပေါက်ကွဲမှုဖြစ်ပြီး သိပ်မကြာ အရေးပေါ်ကားနှင့် မီးသတ်ကားတွေ၊ သက်ဆိုင်ရာ တပ်ဖွဲ့ကားတွေရောက်လာကြသည်။

"မမလေး..."



www.burmeseclassic.com

www.burmeseclassic.com



"ဂျက်နီ..ဘာလဲ"

"ကျွန်တော်တို့ဘာဆက်ပြီးလုပ်ရမလဲ"

"ဘာလုပ်ရမှာလဲ၊ သူ့ရှာပနပွဲလေးကို လှလှပပလေးဖြစ်အောင်ကူညီပေးလိုက်တာပေါ့"

"မြစောအတွက်ရော..."

"သူ့ကိုလည်းဂုဏ်ပြုပေးရမှာပေါ့"

ပန်းရဝီရှေးပြောလိုက်သောဂုဏ်ပြုမှုကတော့စစ်ငြိမ်းနိုင်ကိုညပ်ကြံခဲ့သောမြစောကိုနှုတ်ပိတ်ရန်အတွက်ရှင်းနိုင်းလိုက်ခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာလှအောင်…ဒီလိပ်စာက သေချာတယ်နော်"

"သေချာပါတယ်…ဗိုလ်ကြီးပြောတဲ့သူဟာ မြစေဆိုတာလုံး
သေချာတယ်၊ ဒီကောင်က တရုပ်နယ်စပ်…နေ ပြန်ဝင်လာပြီး ဒီ
ကြေးစားပုံစံမျိုးလုပ်ရှားနေတာ"

"သွားကြရအောင်၊ ကျုပ်တို့နောက်ကျလို့မဖြစ်ဘူး"

တပ်ကြပ်ကြီးဆရာလှအောင်နှင့် ဗိုလ်ကြီးစစ်ငြိမ်းနိုင်…က
လေးဖြင့်မြစေနေထိုင်သောနေရာဆီသို့ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့က စက်ရုံပျက်ထဲမှာနေတာ သေချာတယ်"

"ကားကိုဒီမှာပဲရပ်လိုက်...ဆရာလှအောင်"

ခပ်လှမ်းလှမ်းတွင် တွေ့နေရသော သစ်စက်ဟောင်းစက်ရုံဆီသို့ခြေလျင်လျှောက်ပြီးလာခဲ့ကြသည်။ စက်ရုံဝန်းနားသို့ရောက်တော့ ဆိတ်ဆိတ်နေပြီး လူ့အရိပ်အယောင်ပင် မတွေ့ရ။

"တစ်ခုခုတော့ဖြစ်နေပြီ..."

"ဘာကြောင့်လဲဗိုလ်ကြီး"

"ဟိုမှာ တွေ့လား။ ကားဘီးရာတွေနဲ့ ခြေရာတွေ၊ ကျုပ်စိတ်ထင်ခြေစာကို သူတို့ဘက်က နှုတ်ပိတ်သွားလောက်ပြီ"

"ဟင်..."

တပ်ကြပ်ကြီးဆရာလှအောင် အံ့အားသင့်သောမျက်လုံးဖြင့် ကြည့်နေရင်း စက်ရုံဝန်းထဲသို့ဆက်ပြီးဝင်ခဲ့စဉ်

"အု...ဒီး...ဒီ..."

"ဟာ..."

စက်ရုံအဝင်ဝနားတွင်ခွေးနက်လေးတစ်ကောင် သွေးအိုင်ရဲရဲအောက်ညည်းနေတာကိုတွေ့လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလှအောင်ရေ…နောက်ကျသွားပြီထင်တယ်"

"ဗိုလ်ကြီးဟိုမှာ"

"တင်…"

စစ်ငြိမ်းနိုင် ထင်ထားသည့်အတိုင်းမြစောတစ်ယောက် ေ
ချိုင်ထဲတွင်လဲကျနေတာကိုတွေ့လိုက်ရသည်။

"ဗိုလ်ကြီး…မြစောသေနေပြီ"

စစ်ငြိမ်းနိုင် ကြမ်းပြင်ပေါ်က သွေးကွက်တွေကိုကိုင်ကြ
ကိုက်ပြီးရှု

"သွေးတွေက ခြောက်နေပြီ၊ ဒီကောင်တွေ ညကတည်း
သတ်ထားတာဖြစ်မယ်၊ နယ်မြေခံတပ်ဖွဲ့တွေဆီသတင်းပို့ပြီး စောင့်
လိုက်"

"ဗိုလ်ကြီးက ဘယ်လဲ"

"ခွေးလေးကို ဆေးကုဖို့လုပ်ရမယ်၊ တိရစ္ဆာန်ဆေးခန်းဘ
ဆေးရှိသလဲ"

"အင်း…ဗိုလ်ကြီး… ( × × × × × )လမ်းထိပ်က ရက
တိရစ္ဆာန်ဆေးခန်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သွားမယ်၊ ပြီးမှပဲ ဆရာလှအောင်နဲ့ပြန်ပြီးတွေ့ကြတာပေါ့"

တပ်ကြပ်ကြီးဆရာလှအောင်ကိုထားရစ်ခဲ့ပြီး စစ်ငြိမ်းနိုင်ခွေးတ်လေးကိုကားပေါ်သို့မွေ့တင်ပြီး မောင်းထွက်ခဲ့တော့သည်။

ပန်းရဝတီရေးဆိုသော မိန်းကလေးသည် ကြားထားဘူးသော သတင်းတွေထက် ပိုပြီးကြောက်စရာကောင်းနေတာကို စစ်ငြိမ်းနိုင် လက်တွေ့စတင်ပြီး သိလိုက်ရပြီဖြစ်သည်။ လူတစ်ယောက်၏အသက်ကိုဘာမှတန်ဖိုးမရှိသလိုသဘောထားသူတစ်ဦးပင်ဖြစ်၏။

ဥပဒေကို မျက်ကွယ်ပြုပြီး ထင်တိုင်းကြဲနေသော သူမ၏ လုပ်ရပ်တွေကိုခွင့်လွှတ်နိုင်စရာတော့မရှိ။ စစ်ငြိမ်းနိုင်နှင့်ပန်းရဘီဆုံးတို့တိုက်ပွဲကတော့ ယမ်းငွေ့တွေ ဝေနေတော့မယ်ဆိုတာလည်း သိလိုက်ရပြီဖြစ်သည်။

"ကရဏာမွန်တီရွှာန်ဆေးကုစန်း" ဆိုင်းဘုတ်လေး ၌တွေ့လိုက်ရသည်နှင့် ကားထိုးရပ်ပြီး ကားပေါ်မှ ခွေးတလေးကို ပွေ့မကာ ဆေးခန်းထဲသို့ စပ်သွက်သွက်လေးဝင်လာခဲ့သည်။

စစ်ငြိမ်းနိုင်အဝင် ဆေးခန်းထဲ ကြောင်ကိုလာပြီးပြသော့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ဦးထွက်လာတာကြောင့်စစ်ငြိမ်းနိုင် ခွေးအတွက်ချော

ချောမောမောဖြစ်ခဲ့ရသည်။

"ခွေးက ဘာဖြစ်လာတာလဲ"

"ခေသနတ်ထိမှန်ထားတာ"

"ရှင်...အဲ"

တိရစ္ဆာန်ကုဒေါက်တာမလေးကဗိုလ်ကြီးစစ်ငြိမ်းနိုင်၏စကား

ကြောင့်မျက်လုံးလေးဝိုင်းသွားသည်။

"ကျွန်တော်က သက်ဆိုင်ရာအဖွဲ့အစည်းကပါ၊ ဘာမှ မပူ

စေရပါဘူး"

"ဪ...ဟုတ်ကဲ့၊ခွေးကိုအခန်းထဲကို ခေါ်ခဲ့လိုက်ပါ၊အခု

ပေါ်ခွဲစိတ်ရမယ်နဲ့တူတယ်"

ဒေါက်တာမလေး လိုအပ်တာတွေ ပြုလုပ်ပြီးဖူခွေးနက်လေး

အသက်ကိုကယ်တင်နိုင်အောင်ကြိုးစားနေတော့သည်။မိနစ်(၂

လောက်ကြာမှဒေါက်တာမလေးထွက်လာပြီး

"စိတ်ချရပါပြီ၊ ခုလောလောဆယ် မေ့ဆေးကြောင့် မေ့

တယ်၊နောက်တစ်နာရီလောက်ဆိုသတိရလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဒေါက်တာ"

"ရပါတယ်ဗိုလ်ကြီးစစ်ငြိမ်းနိုင်ရယ်"

"ဟင်...မင်း...မင်းကငါ့နာမည်ကိုသိနေတာပေါ့"

"ကျွန်မ ဖခင်နဲ့ ကျွန်မကို ကယ်တင်ခဲ့တဲ့ဗိုလ်ကြီး ကျေးဇူးကို မမေ့ပါဘူး"

"ဪ..."

ဗိုလ်ကြီးစစ်ငြိမ်းနိုင် ဒီနယ်မြေကိုစတင်ပြီးရောက်သောနေ့က ကြုံခဲ့ရသော အဖြစ်အပျက်လေးကိုပြန်ပြီးမြင်ယောင်မိလိုက်ရင်း သူမ မျက်နှာလေးကိုမှတ်မိသလိုဖြစ်သွားသည်။

"ဒီအတွက် ကျေးဇူးတင်စရာမလိုပါဘူး၊ ဒီအလုပ်တွေက ကျွန်တော်တို့လုပ်ကိုင်ပေးရမယ့်တာဝန်ပါ"

"ကျွန်မနာမည် ခင်မြတ်နိုးအိမ်ပါ၊ မှတ်ထားနော်"

"မှတ်ထားပါ့မယ်၊ ခွေးလေးကိုပြန်ခေါ်လို့ရပြီလား"

"ခေါ်မယ်ဆိုရင် ခေါ်သွားနိုင်ပါပြီ၊ ကျည်ဆန်ကထုတ်ပြီးပါပြီ၊ ဒါပေမဲ့ ဒဏ်ရာအတွက်တော့ ဆေးခန်းဆက်ပြီးပြနေရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်းလာပြီးပြဖို့ဆိုတာတော့ သိပ်ပြီးမဖြစ်နိုင်ဘူး ကျွန်တော်တို့တာဝန်တွေက အရေးပေါ်ရင်ပေါ်သလို သွားရတာဆို တော့"

"ကျွန်မသဘောပေါက်ပါတယ်၊ဒီလိုလုပ်ရင်ရော အဆင်မပြေ နိုင်ဘူးလား"

"ဘယ်လိုလဲဒေါက်တာ"

"ဒဏ်ရာပျောက်တဲ့အထိကျွန်မဆီမှာထားပေါ့"

"အလုပ်တစ်ခုပေးသလိုဖြစ်နေပြီ"

"ရပါတယ်ရှင်…ကျွန်မအလုပ်ကလည်းတိရစ္ဆာန်တွေကိုဆေး ကုပေးဖို့လေ"

"ဒါဆိုရင်တော့ အဆင်ပြေပါတယ်၊ ကျေးဇူးလည်းတင်ပါ တယ်"

"ကျေးဇူးစကားတွေကိုထည့်ပြီးပြောမနေပါနဲ့ဗိုလ်ကြီး"

"တစ်ခုတော့ပြောထားချင်တယ်"

"ပြောပါဗိုလ်ကြီး"

"ဒီခွေးလေးဟာ တရားခံအတွက် သိပ်ကိုအရေးပါနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်သေတစ်ခုဖြစ်နေတော့ နည်းနည်းတော့ ဂရုစိုက်ပေးပါ၊ ကျွန်တော့်ဖုန်းနံပါတ်ကိုလည်းယူထားပါ"

"ကောင်းပါပြီ"

တစ်ဦးနှင့်တစ်ဦးဖုန်းနံပါတ်ကိုယ်စီပေးပြီးအပြင်သို့ဗိုလ်ကြီး စစ်ငြိမ်းနိုင် ထွက်လာခဲ့သည်၊ ကားလမ်းမထက်တွင် သူ့ကိုအရိပ်ပမာ စောင့်ကြည့်နေသော အရိပ်အယောင်တွေကိုတွေ့နေရသည်၊

စစ်ငြိမ်းနိုင်အတွက် သတိတစ်ချက်လေး ကင်းလွတ်သည်နှင့် အန္တရာယ်ရောက်ကမ်းပါးသို့ကျဆင်းသွားနိုင်သည်၊ ပန်းရတီဆူးနှင့် စစ်ငြိမ်းနိုင်တို့၏မရကာဂိမ်းကစားပွဲမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင့်နာမည်က ဘသက်အောင်၊ မြစောနဲ့အရမ်းကို ရင်းနှီးတဲ့တွဲဖော်တွဲဖက်၊ လူသတ်၊ အလောင်းဖျောက်မှုနဲ့ ထောင်ကျ သွားပြီးပြန်လွတ်လာတာ၊ မြစော အသတ်ခံရတဲ့နေ့က ညနေပိုင်းထိ သူတို့(၂)ယောက်အတူရှိနေကြတာဗိုလ်ကြီး"

"ဒီသတင်းက ခိုင်လုံလား ဆရာလှအောင်"

"ခိုင်လုံတယ်ဗိုလ်ကြီး"

"ဘသက်အောင်ကို ဘယ်မှာခြေရာခံလို့ရမလဲ"

"ဒီကောင့်သတင်းကိုရဖို့ကတော့ သိပ်ပြီးမလွယ်ဘူးဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနယ်မြေထဲမှာ ရှိတာရော သေရှာလား"

"သေရှာသလောက်ပဲ"

"သူ့ကိုအနီးစပ်ဆုံးသတင်းရနိုင်တဲ့နေရာရော မရှိဘူးလား"

"အင်း...ရှိတယ်၊ ဒါပေမဲ့ ဝင်တိုးရတာတော့ ခက်မယ်"

"ဘာကြောင့်လဲ"

"ဦးဝိန် လောင်းကစားရုံမှာဆိုရင်တော့ ဘာသက်ဖအောင် သတင်းကိုရနိုင်တယ်"

"တရားဝင်လောင်းကစားရုံလား ဆရာလှအောင်"

"တရားဝင်ကတော့ အကြွေစေ့ဂိမ်း ကစားခွင့်ပြုထားတာပါ၊ အဲဒါကိုခေါင်းစည်းတပ်ပြီး လျှို့ဝှက်လုပ်ကိုင်နေကြတာ၊ နောက်တစ်ချက်ဆိုးတာက ငြိမ်းချမ်းရေးယူထားတဲ့ တပ်ဖွဲ့တွေရဲ့ရုံပုံငွေဖြစ်နေတော့ ကိုင်တွယ်ရ ခက်တယ်"

"ဘယ်လိုပဲဖြစ်နေပါစေ... ကျုပ်တို့အတွက်အရေးပါတဲ့ တရားခံကိုစွဖြစ်နေရင် ဝင်ပြီးရှင်းရမှာပဲ၊ ရှိမရှိ မသေချာဘဲနဲ့တော့ မဝင်ချင်ဘူးဖြစ်နေတာ"

"ဗိုလ်ကြီးဘယ်လိုစဉ်းစားထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီးဆရာလှအောင် စကားကို ချက်ချင်းမဖြေသေးဘဲ စစ်ငြိမ်းနိုင် ခဏမျှစဉ်းစားလိုက်ပြီး

"တခြားပုံစံတစ်မျိုးနဲ့ဝင်ရမှာပဲ..ဆရာလှအောင်.. ခင်ဗျားကတော့အပြင်ကနေ ကားနဲ့အသင့်စောင့်ရမယ်၊ ပြီးတော့ တပ်ဖွဲ့ကကားကိုမသုံးဘူး၊တခြားကားတစ်စီးကိုသုံးမယ်၊ဆရာအောင်အောင်"

"ဗျာ..ဗိုလ်ကြီး"

"ဆရာအောင်အောင်က စိတ်ချလုံခြုံတဲ့နေရာတစ်နေရာကိုအမြန်ရှာပါ"

"ဟုတ်ကဲ့"

"ရပြီဆိုတာနဲ့ဆရာလှအောင်ကိုဆက်သွယ်ပါ"

"ဟုတ်..."

"ဒါဆိုရင် ခုကစပြီး လှုပ်ရှားကြတော့၊ ဆရာလှအောင်ကားရတာနဲ့သွားမယ်"

"ကားအတွက်ကတော့ မပူနဲ့ ဗိုလ်ကြီး၊ နာရီဝက်အတွင်းကျွန်တော်ယူလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ...ကျွန်တော့်ဘက်ကပြင်ဆင်စရာတွေကိုပြင်ဆင်ပြီးစောင့်နေမယ်"

ဆရာလှအောင်နှင့် ဆရာအောင်အောင်တို့ထွက်သွား ပြီးသည်နှင့်စစ်ငြိမ်းနိုင် သူ့နဂိုပုံစံကိုပြောင်းလဲလိုက်သည်။ သေနတ်ထဲသို့ ကျည်ဖြည့်လိုက်ရင်းနှင့်လွန်ခဲ့သော (၁)နှစ်ဝန်းကျင်လောက်က ဓါးပြဘဦးဆိုသူကိုဖမ်းခဲ့စဉ်က မထင်မှတ်ဘဲ သူ့ဆီက ဖဲပညာကိုရလိုက်သည်။ ထိုစဉ်က ဘဦးကို လူသတ်မှုဖြင့် တောနယ်တစ်ခုတွင် သွားရောက်ပြီး ဖမ်းဆီးစဉ် ဘဦး ငှက်ဖျားရောဂါကြောင့် ရက်ချင်းခေါ်နိုင်ဘဲရွာမှာ (၅)ရက်လောက်သောင်တင်ခဲ့ရသည်။ တရားခံဖြစ်ပေမဲ့ လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် စစ်ငြိမ်းနိုင်သည် ဘဦးကို ဆေးကုသပေးခဲ့သည်။ ထိုကျေးဇူးတရားကြောင့် ပဥ္စလက်ဆန်သော ဖဲပညာတစ်ရပ်ကိုလက်ဆောင်အဖြစ် ပြန်ရခဲ့သည်။ စစ်ငြိမ်းနိုင် နှင့်မသက်ဆိုင်သော ပညာတစ်ရပ်ဖြစ်ပေမဲ့ လိုအပ်လျှင် လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် သင်ယူခဲ့သော ဖဲပညာကို စစ်ငြိမ်းနိုင်အသုံးချရတော့မည်ဖြစ်သည်။

စစ်ငြိမ်းနိုင်ငွေအနည်းငယ်ယူပြီး တစ်ဖွဲ့မှ သိမ်းဆည်းထား



www.burmeseclassic.com

www.burmeseclassic.com



သော ပတ္တမြားအရိုင်းကျောက် (၃)တုံးကို အိတ်ထဲကိုထည့်လိုက်သည်။

"တီ...တီ..."

ဆရာလှအောင် ကားရောက်ပြီဆိုတာကို အချက်ပေးလိုက်သည်နှင့်လွယ်အိတ်ကိုလွယ်ပြီးအပြင်သို့ထွက်လာခဲ့သည်။

"ဟာ...ဗိုလ်ကြီး..."

ရုပ်ဖျက်ထားသော ဗိုလ်ကြီးစစ်ငြိမ်းနိုင်ကို ချက်ချင်းမမှတ်မိသလိုဖြစ်သွားပြီးမှသိသွားခြင်းဖြစ်သည်။

"ဘယ်လိုလဲ ကျွန်တော့်ပုံစံက နယ်စပ်ကနေတက်လာတဲ့ပုံစံ ပေါက်ရဲ့လား"

"ပေါက်ပါတယ်ဗိုလ်ကြီး"

"သွားကြစို့... ကားကို ခပ်လှမ်းလှမ်းမှာရပ်ပြီး ကျွန်တော့်ကို ချပေးပြီးရင်ဆရာလှအောင်တို့လောင်းကစားရုံနဲ့ အနီးဆုံးနေရာမှာ ရပ်ထားပါ။ ကျုပ်ထွက်လာပြီဆိုတာနဲ့ အသင့်သာလုပ်ထားတော့"

"ကောင်းပါပြီ"

ဗိုလ်ကြီး စစ်ငြိမ်းနိုင်တို့ ကားလေးမောင်းထွက်လာခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



...အချိန်က ညဦးအလွန်မို့ မှောင်ရိပ်တွေက လွှမ်းမြိုးနေပြီဖြစ်...

ဦးဝိန် ကျောင်းကစားရုံထောင်ထားသော နေရာက နေရာ ...ကောင်းတစ်ခု၊ အပြင်ပတ်ဝန်းကျင်နဲ့လွတ်လွတ်ကင်းကင်းရှိပြီး ...ကျောင်းကစားသမားတွေ၊ ဒုစရိုက်သမားတွေအတွက်စိတ်ကြိုက်နေ ...တစ်နေရာပင်ဖြစ်သည်။ မိနစ်ပိုင်းလောက်ပဲ မောင်းလိုက်ရပြီး ဦးဝိန် ကျောင်းကစားရုံနှင့်မလှမ်းမကမ်းအမှောင်ရိပ်နားတွင် ...ကားကိုရပ်နိုင်းလိုက်ပြီး

"ဆရာလှအောင်၊ မလွဲချော်စေနဲ့နော်"

"ကျွန်တော့်ဘက်က စိတ်ချပါဗိုလ်ကြီး"

စစ်ငြိမ်းနိုင် အေးဆေးတည်ငြိမ်သောခြေလှမ်းတွေနှင့် ဦးဝိန် ကျောင်းကစားရုံထဲသို့ဝင်လာခဲ့သည်။ ရုံထဲကိုရောက်သည်နှင့်အရက် ...ဆောင်တာနားသို့သွားကာ ဘီယာတစ်ခွက်ကိုအရင်ဆုံးမှာလိုက်ပြီး ...ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ မျက်လုံးစိမ်းတွေက သူ့ကို ...ကြည့်နေကြသည်။ တစ်ခုတော့ သေချာသည်။ ကြည့်နေကြသော ...မျက် လုံးတွေအားလုံးဟာ ဗိုလ်ကြီး စစ်ငြိမ်းနိုင်ဆီကိုကို



www.burmeseclassic.com

www.burmeseclassic.com



သိနေကြသောမျက်လုံးတွေမဟုတ်။

"အပြင်းမယူတော့ဘူးလား"

"ဈေးအမြင့်ဆုံးထဲက အရက် (၂)ပက်လောက်သောက်ချ

တယ်"

"ရစေရမယ်"

ကောင်တာတွင် အရက်ငှဲ့ပေးနေသော သူက စစ်ငြိမ်း

အတွက် အရက်နှစ်ပက်ကိုငှဲ့ပေးလိုက်ရင်း

"စည့်သည်လား၊ ကုန်သည်လား"

"တစ်ခုမှမဟုတ်ဘူး၊ ဒါအတွက်လာတာ"

စစ်ငြိမ်းနိုင် လက်တစ်လေးကို ပွတ်ပြလိုက်သည်၊ အဓိပ္ပာ

ကတော့ ဖဲရိုက်ချင်တယ်လို့ ဆိုခြင်းဖြစ်သည်၊

"ဒီမှာက လူစိမ်းမရဘူး"

"ပတ်သက်ရာပတ်သက်ကြောင်းနဲ့ဆိုရင်ရော"

"ဒါဆိုရင်ဖြစ်နိုင်တယ်"

"ခင်ဗျားအတွက် မနစ်နာစေရဘူး"

စစ်ငြိမ်းနိုင် ငွေစက္ကူတစ်ထပ် ချပေးလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဘာလုပ်ပေးရမှာလဲ"

"ခင်ဗျားနဲ့ပတ်သက်တဲ့လူအဖြစ် ဝင်ကစားရအောင် ပြောပါ"

"ကောင်းပြီ...ပွဲအောင်ရင်ထပ်ပြီးတော့ဆက်သနော်"

"ဆုကြေးမနည်းစေရပါဘူး"

"ဒီမှာစကားစောင့်၊ ကျုပ်သွားပြီးညှိလိုက်မယ်"

"အဆင်ပြေအောင်လုပ်လိုက်ပါ"

"အိုကေစေရမယ်"

စစ်ငြိမ်းနိုင်ကို ထားခဲ့ပြီး ထိုလူထွက်သွားပြီး သိပ်မကြာ ပြန်ထွက်လာသည်။ ထိုသူနှင့်အတူ လူငယ်တစ်ဦးပါလာသည်။

"မိတ်ဆွေကြီး သူနဲ့သာလိုက်သွားတော့"

"ဆရာ...သွားကြရအောင်၊ လူတစ်ယောက်လျှော့နေတယ်"

ချာတိတ်လေးခေါ်ဆောင်ရာနောက်ကို လိုက်သွားရင်း ထိုသူထံ (၂)ရှက်ကိုပေးလိုက်သည်။

"ဟာ...ရပါတယ်ဆရာ"

"ယူပါကွာ၊ မုန့်ဖိုးပေါ့....တစ်ခုတော့ ငါ့ကိုကူညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကူညီရမလဲဆရာ"

"ဘသက်အောင် ဒီမှာရှိနေလား"

"ဗျာ..ဟို..ဟို.."

"ဘာမှရှေ့မရှိပါဘူး၊ ရှိမရှိ သိချင်တာပါ"

"ရှိ...ရှိပါတယ်ဆရာ၊ ဟိုမှာလေ"

"အေး.. အေး..ကျေးဇူးပဲ"

ရှာတိတ်လေးသူ့ကိုထားခဲ့ပြီးထွက်သွားသည်နှင့် စစ်ငြိမ်း

ဘသက်အောင်ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ကုန်သည်လား..ခရီးသွားလား"

"ကုန်သည်"

"ကြေးမြင့်တယ်နော်"

"ငွေကုန်ရင် ဒါရှိပါတယ်"

"ဟင်...ဟာ...ဟဲ့"

စစ်ငြိမ်းနိုင် ထုတ်ပြလိုက်သော ပတ္တမြားအရိုင်းလုံးကို

သွားပြီးအားလုံးမျက်လုံးတွင် လောဘရမ္မက်တွေသိုင်းလက်

သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကစားလို့ရမှာလား"

"ရ...ရပါတယ်ဗျာ၊ စကြမယ်ပေါ့၊ တစ်နာရီဆက်ရှင်နဲ့ ရိုက်ဆယ်၊ ခင်ဗျားသဘောတူလား"

"တူပါတယ်"

ဖဲဝိုင်းလေးစပြီး သိပ်မကြာလိုက်ပေ၊ ငွေအတော်များများ စမ်ငြိမ်းနိုင်ဆီကိုရောက်နေပြီဖြစ်သည်။ ဝိုင်းထဲတွင် ဘသက်အောင်နှင့်စမ်ငြိမ်းနိုင်သာ ငွေအားကောင်းကောင်းကျန်နေကြသည်။ ကျန်တဲ့သူတွေ အခြေအနေမကောင်းကြတော့

"ဒီတစ်လှည့်ဒတော့ အဆုံးသတ်ရင် ကောင်းမယ်"

စမ်ငြိမ်းနိုင်စကားကို ဘသက်အောင်စပ်ရေးရေးပြုံးပြီး

"အဆုံးသတ်လိုက်တာပေါ့၊ ကဲ...စတော့"

နောက်ဆုံးဖဲချပ်လေးတွေရဲ့လှုပ်ရှားမှုလေးကတော့ ရပ်တန့်သွားပြီး ဘသက်အောင်မျက်နှာတွင် ချွေးစေးလေးများပင် ကျသွားတော့သည်။

"စိတ်မကောင်းပါဘူး၊ ပွဲကသိပ်ပြီးမြန်သလိုဖြစ်နေတယ်"

"နောက်ဆက်ရှင်ဆက်ရိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှာငွေရှိသေးလို့လား"

"ငွေမလိုဘူး၊ဒါပဲလိုတယ်"

"ဘုတ်…"

ဘသက်အောင်သူ့ခါးကြားထဲက ပစ္စတိုသေနတ်ကိုထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။

"ဒါဘာသဘောလဲ"

"ကျည်တစ်ထောင့်ကို (၁)သိန်းတန်တယ်၊ ကျည်အတောင့် (၂၀) ရှိတယ်၊ သိန်း (၂၀) ပေါ့"

"တန်ဖိုးက ကြီးလိုက်တာ၊ မှောင်ခိုဈေးကွက်မှာတောင် ဒီလောက်ဈေးမပေါက်ဘူး"

"ဒါမှောင်ခိုဈေးကွက်မဟုတ်ဘူး၊ ခင်ဗျားအသက်ကို ကျည်တစ်ထောင့်ချင်းနဲ့လဲယူပေါ့၊ ဒီကျည်တွေကုန်သွားရင် ခင်ဗျား လွတ်လွတ်လပ်လပ်ပြန်လို့ရပြီ"

"ဟား…ဟား…ဟား"

"ခင်ဗျားဘာရယ်တာလဲ"

"သိပ်ပြီးတော့ သဘာဝမကျသလိုဖြစ်နေတယ်၊ ရယ်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်းနေတယ် ဘသက်အောင်"

"ဟင်...မင်း...မင်း ငါ့နာမည်ကိုသိနေတယ်"

"ရှောက်..."

"ဟာ...အီး..."

စစ်ငြိမ်းနိုင်၏လှုပ်ရှားမှုက အရမ်းကိုမြန်ပြီး ဘသက်အောင် တက်ကို ရိုးလိမ်ပြီး နားထင်ကို သေနတ်နှင့်တေ့ချိန်လိုက်သည်။

"ငါ့နာမည်ကို မင်းကြားဖူးမှာပါ၊ စစ်ငြိမ်းနိုင်တဲ့"

"ဗျာ..."

"ကိုယ်နဲ့မဆိုင်သလိုဘဲ အားလုံးနေကြပါ၊ ကျုပ်သေနတ်က မ်ညှဲ့ညှဲ့တော့မဟုတ်ဘူးနော်"

"ဒိုင်း...ဒိုင်း...ဒိုင်း...ရွမ်း...ဂွမ်း"

စစ်ငြိမ်းနိုင်...နံရံတွင်ကပ်ထားသောပုလင်းတွေကိုပစ်ပြလိုက် ည်။ သေနတ်ကို ဘယ်လောက်ကျွမ်းကျွမ်းကျင်ကျင်ပစ်တတ်တယ် ဆိုတာကိုပြလိုက်ခြင်းဖြစ်သည်။ ဘယ်သူမှ ဘသက်အောင်ဘက်က တကွယ်ပေးမည့်သူမရှိတော့။

"ရှေ့ကသွား"



www.burmeseclassic.com

www.burmeseclassic.com



"အား...လက်ကျိုးပါပြီ"

"စိတ်ချပြီးသာ သွား၊ မင်းလက်မကျိုးစေရဘူး"

ဘသက်အောင်ကိုခေါ်ထုတ်လာပြီး အိမ်ပေါက်ဝနားသို့ရော

တော့ ငြိမ်းချမ်းရေးယူထားသော တပ်ဖွဲ့ဝင်တွေ ရောက်လာပြီ

စစ်ငြိမ်းနိုင်ကိုဝိုင်းထားကြသည်။

"ကျုပ်ကဒီနယ်မြေကိုအထူးတာဝန်နဲ့ရောက်လာတဲ့ဗိုလ်ကြီ

စစ်ငြိမ်းနိုင်ပဲ၊ ဒီတရားခံကိုလာပြီးဖမ်းတာ"

"ဟိုကောင်...ခုနောက်ဆုတ်စမ်း"

အံသံမာမာနှင့်အော်ပြီးပြောလိုက်သောအသံကြောင့်ရှေ့တ

ပိတ်ဆို့ထားသူတွေအားကိုဖယ်ပေးလိုက်ကြသည်။

"စိတ်မရှိပါနဲ့ဗိုလ်ကြီး၊ သူ့ကိုခေါ်သွားလို့ရပါပြီ"

ငြိမ်းချမ်းရေးယူထားသော တပ်ဖွဲ့မှ ခေါင်းဆောင်၏စကား

အတိုင်းဘသက်အောင်ကိုစပ်သွက်သွက်ခေါ်ထုတ်လာခဲ့သည်။

"ဒိုင်း...ချလွင်..."

အမှောင်ထုထဲမှ ကျည်ဆံက ကံကောင်းထောက်မစွာ

စစ်ငြိမ်းနိုင်တို့ရှေ့တတ်တိုင်ကိုထိမှန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး…ကျို…"

"ဗိုလ်ကြီးကားပေါ်ကိုတက်"

"ကျိုင်း…"

ဘသက်အောင်ကိုကားပေါ်တွန်းတင်ပြီးကားကိုမောင်းထွက်ခဲ့သည်။နောက်ထပ်ကျည်ဆံတွေရောက်လာပေမဲ့ကားကိုသာထိမှန်ခဲ့သည်။

"ဝူး…"

တပ်ကြပ်ကြီးဆရာလှအောင်ကားကိုစက်ကုန်တင်ပြီးမောင်းထွက်ခဲ့သည်။နောက်မှကား(၁)စီးလိုက်လာတာကိုတွေ့နေရသည်။

"ဆရာလှအောင်…လက်ထိတ်ပါလား"

"ပါတယ်ဗိုလ်ကြီး"

"ကျွန်တော့်ကိုပေး"

ဆရာလှအောင်ဆီမှ လက်ထိတ်ကို လှမ်းယူငင်ပြီး ဘသက်အောင်ကိုနောက်ပြန်လက်ထိတ်ခတ်ထားလိုက်သည်။

"ဆရာလှအောင်… ဆရာအောင်အောင်နဲ့အဆက်အသွယ်ရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပြီဗိုလ်ကြီး"

"ကောင်းပြီ…ခင်ဗျားအဲဒီကိုသွားနှင့်"

"ဟင်…ဗိုလ်ကြီးကရော"

"ကျွန်တော့်ကိုရေချောက်ကွေ့မှာ ချထားခဲ့. နောက်မှဆက်သွယ်ပြီးလိုက်လာခဲ့မယ်"

"ဖြစ်ပါ့မလားဗိုလ်ကြီး"

"ဖြစ်အောင်လုပ်ရမှာပေါ့၊ စိတ်ချပြီးသာသွား၊ သိပ်မကြာပါဘူး"

ဆရာလှအောင်သည် စစ်ငြိမ်းနိုင်ပြောသည့်အတိုင်း ချောက်ကွေ့တွင်ချထားပေးလိုက်သည်။ ချောက်ကွေ့မှာ ကုန်းမြင့်ပေါ်ဖြစ်ပြီး အောက်မှကားကိုအမြင့်ကနေ စိတ်တိုင်းကျလှမ်းပစ်နိုင်သောနေရာပင်ဖြစ်သည်။

စစ်ငြိမ်းနိုင် မြင်ကွင်းကောင်းကောင်းရွေးချယ်လိုက်ပြီး လိုက်လာသောကားကိုစောင့်နေလိုက်သည်။ ကားလမ်းမှာ ကားနှစ်စီး တစ်ပြိုင်တည်းမောင်းလို့မရသော လမ်းဖြစ်သလို ဘေးဘက်တွင် ချောက်တွေကရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး...ဝူး..."

နောက်မှလိုက်လာသော ကားမှာ ကျောက်ကွေ့လမ်းပေါ်သို့ ဆောက်နေပြီဖြစ်တာမို့ စစ်ငြိမ်းနိုင် စိတ်ကြိုက်ချိန်ရွယ်ပြီး ကားမောင်း သူကိုပစ်ချလိုက်သည်။

"ဒိုင်း...ရှွင်...ဝူး...ကျွီ...ကျွီ...ဝုန်း..."

"ဟူး..."

စစ်ငြိမ်းနိုင်၏ ပစ်ချက်မှာ ပစ်မှတ်ကို တိုက်ရိုက်ရောက်သွား သောကြောင့် ကားမှာ ထိန်းလို့မရတော့ဘဲ ချောက်ထဲသို့ထိုးဆင်းသွား သည်။

ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည် အခြေအနေကို တစ်ချက်စောင့် ကြည့်ပေမဲ့ဘာမှထူးခြားလာခြင်းမရှိသောကြောင့် ဆရာလှအောင်ကို ခေါ်လိုက်သည်။ ဆရာလှအောင်ဆီမှ သွားရမည့်နေရာကိုသိရပေ ချက်ချင်းသွားဖို့အတွက် ကားစက်ခဲနေသည်။ လမ်းကြိုကားကို တင့်ရင်းနှင့် လမ်းလျှောက်လာသည်။

"ဝူး...ဟာင်..."

ဆိုင်ကယ်တစ်စီးမောင်းလာတာကိုတွေ့လိုက်ရ...

www.burmeseclassic.com



ကြည့်နေလိုက်သည်။ ရန်သူထပ်ဖြစ်နေရင် ရင်ဆိုင်ဖို့ပါ အသင့်ဖြ
ထားလိုက်သည်။

"ရှူး...ကျွဲ..."

"ဗိုလ်ကြီးစစ်ငြိမ်းနိုင်"

"ဟာ... ခင်မြတ်နိုးအိမ်"

"ဗိုလ်ကြီး ဘယ်သွားမလို့လဲ၊ ခရီးကြုံရင် လိုက်ခဲ့လေ"

"ကျေးဇူးတင်ပါတယ် ခင်မြတ်နိုးအိမ်၊ အရေးပေါ်ကိစ္စလေ
တစ်ခုပေါ်နေလို့မင်းဆိုင်ကယ်ကိုအကူအညီယူချင်တယ်"

"ရပါတယ်... ကျွန်မကို မြို့လမ်းဆုံမှာ ချထားပြီး ယူသွားလေ
အဲဒီမှာကျွန်မ သူငယ်ချင်းရှိပါတယ်၊ သူ့ကိုလိုက်ပြီးပို့နိုင်းလိုက်မယ်"

"ဒါဆိုရင်တော့ အဆင်ပြေတာပေါ့၊ ကျွန်တော်မောင်းမယ်"

"ဟုတ်ကဲ့"

မိနစ်ကလေးနောက်က ရွှေပြီးစီးရတာ မသင့်လျှော်သောကြောင်
စစ်ငြိမ်းနိုင် ဆိုင်ကယ်ကိုသူကိုယ်တိုင်မောင်းပြီးထွက်လာခဲ့တော့သည်

ညလေညင်းတို့နှင့်အတူ သူမ၏ကိုယ်သင်းရနံ့ကလေး
တိုးဝေ့နေလေသည်။ ထိုအပြင် နူးညံ့လှသော သူမ၏အထိအတွေ



www.burmeseclassic.com

www.burmeseclassic.com



လေး ကရင်ကိုနှေးဝေးနေသလိုဖြစ်မိသည်။

"ဟုး..."

သံယောဇဉ် နှောင်ဖွဲ့ခြင်းတွေနဲ့ပတ်သက်ပြီး စစ်ငြိမ်းနိုင်အာကိုမှ မခံစားချင်တော့ရပေ။ နှလုံးသားမှအကြောင်းအရာချက်တွေနှင့်

"ရေနွေးမှာရပ်လို့ရပြီဗိုလ်ကြီး..."

"ကျိ..."

ဆိုင်ကယ်ထိုးရပ်ပေးလိုက်သည်နှင့် ခင်မြတ်နိုးအိမ်အောက်တိုဆင်းပြီးအပြုံးချိုလေးနှင့်နှုတ်ဆက်လိုက်သည်။

"သွားခွင့်ပြုပါဦး...နောက်မှပြန်ဆုံတာပေါ့"

"ကောင်းပါပြီ ဗိုလ်ကြီး"

"ဝူး...."

ဆိုင်ကယ်ကို စက်နှိုးပြီး ထွက်သွားတော့ စစ်ငြိမ်းနိုင်ကိုခင်မြတ်နိုးအိမ် ရပ်၍ကြည့်ရင်း...

"လောကကြီးက အရမ်းကို အံ့ဩဖို့ကောင်းလိုက်တာ၊ ရှင်နဲ့ကျွန်မ ခုလိုပြန်ပြီး ဆုံရမယ်ဆိုတာကို ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး။ ကျွန်မအတွက်ကံကောင်းခြင်းလက်ဆောင်တစ်ခုကိုပေးလိုက်သလိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဝဲလေ...ကျွန်မနှလုံးသားက ထုံးရှုံးသွားတဲ့အိပ်မက်ပန်းလေးတစ်ပွင့်

ထိုမြိုးမြိုးတောက်ရသလိုပါပဲ...အင်းလေ ရှင်ကတော့ တွေကိုသိမ်း

မှာသေချာမှတ်ထားပါ ရှင်နဲ့ကျွန်မ အလင်းမဲ့အောက်မှာ အရိပ်ကလေး

ထက်နှလုံးမှာ ခဲ့ကြတာကို..."

"ကျေနပ်တင်ပါတယ်လောကကြီးရယ်..."

ခင်မြတ်နိုးအိမ် ကျေနပ်စွာပြုံးလိုက်ပြီး ရင်ထဲမှာ ကြည်နူး

အင်မတန်နွေးထွေးတဲ့ရင်ခုန်ခြင်းလေးတွေ လှုပ်ယမ်းနေဆဲ...။

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ဒါဘာလုပ်တာလဲ၊ ကျုပ်ကိုဖမ်းတယ်ဆိုရင် ရဲစခန်းကိုပို့လေ..."

ကုလားထိုင်မှာ လက်ကိုနောက်ပြန်လက်ထိတ်ခတ်ပြီး ထိုင်ခိုင်းထားတော့ ဘသက်အောင် သူ့ကိုခေါ်လာသောနေရာမှာ ရဲစခန်းမဟုတ်ဘူးဆိုတာကို သဘောပေါက်ပြီးပြောနေခြင်းဖြစ်သည်။

"မင်းကို ဖမ်းချင်လို့ခေါ်လာတာမဟုတ်ဘူး ဘသက်အောင်"

"ဘာ...ခင်...ခင်ဗျားတို့ ဥပဒေမဲ့ မလုပ်နဲ့ ဥပဒေအတိုင်း [illegible] ကြနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား..."

ဘသက်အောင်စကားကြောင့် စစ်ငြိမ်းနိုင် အားပါးတရ ရယ်မောလိုက်သည်။

"မင်းတို့ပါးစပ်က ဥပဒေအကြောင်းကိုပြောတာ တကယ့်ရယ်အံ့ဖွယ်ပဲကွ၊ ဒီမှာ ဘသက်အောင်၊ မင်းတို့နယ်မြေမှာ ဥပဒေအတိုင်းလုပ်ကိုင်ရတာ သိပ်ပြီးတော့မဟန်ဘူးကွာ၊ မင်းတို့လိုပဲဥပဒေမဲ့ရှင်ရတာ ပိုပြီးကောင်းတယ်"

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

"မင်းဘာလုပ်ခဲ့တယ်ဆိုတာ မင်းကိုယ်တိုင်သိမှာပေါ့၊ မြဧကိုမင်းသတ်ခဲ့တယ်လေ"

"ဟာ...ကျုပ်...ကျုပ်မသတ်...သတ်...ဘူး"

"ဘသက်အောင်...မင်းငြင်းလည်း မထူးဘူး၊ ဒါစစ်ကြောနေရာမဟုတ်ဘူး၊ မင်းကိုခေါ်လာတာ ငါ့သူငယ်ချင်း ဗိုလ်ကြီးဇော်ထိုက်အတွက် လက်စားချေချင်လို့ခေါ်လာတာ"

"ဗိုလ်ကြီးဇော်ထိုက်ကို ကျုပ်...သတ်...သတ်တာမဟုတ်ဘူးအရမ်းစွတ်ပြီးမလုပ်ကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ...ဘက်က ဘယ်သူသတ်ခဲ့တယ်ဆိုတာကို ပြောခဲ့ရင်

မြစောအမှုကို ငါ့ဘက်က စဉ်းစားမယ်၊ မြစောကို မင်းသတ်ခဲ့တဲ့

သက်သေအထောက်အထားတွေက ငါ့မှာရှိပြီးသား။ ဒီအမှုလောက်နဲ့

မင်းကို ထောင်ထဲမပို့ချင်ဘူး၊ ငါ့သူငယ်ချင်းအသက်နဲ့ထပ်တူတဲ့

တန်ဖိုးကိုငါကယူချင်တာ"

"တကယ်ပြောတာပါ၊ ဗိုလ်ကြီးဇော်ထိုက်ကို ကျွန်တော်

သတ်ခဲ့ပါဘူး"

"သတ်တဲ့သူကိုမင်းသိမှာပေါ့"

"သတ်တဲ့သူကိုပြောပြရင်ဗိုလ်ကြီးကျွန်တော့်ကိုလွှတ်ပေးမှာ

လား"

"ငါ့ဘက်က စဉ်းစားပေးမယ်၊ မင်းပြောမှာသာပြောပါ"

"သတ်ခဲ့တဲ့သူက ဝတ်ရည်သဇင်ပါ၊ ဗိုလ်ကြီးဇော်ထိုက်အသုံး

ပြုတဲ့ရေမွှေးကို သူက လက်ဆောင်ပေးလိုက်ပြီး အဲဒီရေမွှေးထဲမှာ

အဆိပ်ငွေ့တွေ ထည့်ထားတာပါ၊ ချက်ချင်းတော့ အာနိသင် မပြဘူး၊

နောက်ပိုင်းမှ အဆိပ်တက်ပြီးသေတဲ့နည်းကို သုံးခဲ့တာပါ ဗိုလ်ကြီး"

"ဝတ်ရည်သဇင်နဲ့ ပန်းရတီဆေးတို့ရဲ့ပတ်သက်မှုကရော"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရတီရေးအတွက် စိတ်ချရဆုံးလူယုံတစ်ဦးပါ"

"မင်းပြောတဲ့ဝတ်ရည်သဇင်ဆိုတာ အနောက်တိုင်းရေ

တွေကိုသီးသန့်ရောင်းတဲ့သဇင်စတိုးပိုင်ရှင်မဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်"

စစ်ငြိမ်းနိုင်အတွက် လိုအပ်တဲ့သဲလွန်စကိုရလိုက်ပြီဖြစ်သည

ဒါပေမဲ့ဘသက်အောင်နဲ့ပတ်သက်ပြီးတော့မပြီးဆုံးသေး။

"ကျေးဇူးအထူးတင်ပါတယ် ဘသက်အောင်၊ မင်းရဲ့လုပ်

ခွင့်လေးကိုတော့ပြောပါဦး"

"ကျွန်...ကျွန်တော်က ကြေးစားသက်သက်ပါ၊ ဒါပေ

ဝတ်ရည်သဇင်ကိုအနီးကပ်ကာကွယ်ပေးရတဲ့တာဝန်ကိုပါယူထ

ရတာ"

"မြစေကို မင်းနှုတ်ပိတ်လိုက်ရတဲ့အကြောင်းကရော ဝ

လုပ်ကြံမှုနဲ့ပတ်သက်ပြီးပေါက်ကြားမှာစိုးလို့လား"

"ဟုတ်ပါတယ်၊မြစေကအခုနောက်ပိုင်းစိတ်တွေကအ

လိုမဟုတ်တော့ဘူး။ဒါကြောင့်နှုတ်ပိတ်ခိုင်းလို့နှုတ်ပိတ်လိုက်ရတာ

ကျွန်တော်သတ်တာမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူသတ်ခဲ့တာလဲ"

"ပန်းရတီဆူးနဲ့ပါလာတဲ့ ကြေးစားတစ်ယောက်၊ ဘယ်သူ ဘယ်ဝါဆိုတာတော့ မသိခဲ့ရပါဘူး၊ ကျွန်တော်က မြစောနေရာကိုပြရုံ သတ်သက်ပါ"

"ဘာလူမျိုးလဲ"

"တရုပ်ကပြားတစ်ယောက်ပါ ဗိုလ်ကြီး"

"ဒီလူ ဒီနယ်မြေမှာ ရှိနေတုန်းပဲလား"

"ပန်းရတီဆူးရှိနေသရွေ့ရှိနေမယ်ထင်ပါတယ်"

"ဆရာလှအောင်...သူ့ကိုခေါ်သွားပါ"

"ဗိုလ်ကြီး"

"မင်းကိုပေးထားတဲ့ကတိ မပျက်ပါဘူး၊ ခုနေ မင်းကိုပြန်ပြီး သတ်ပေးလိုက်တာနဲ့ မင်းအသက်ဟာ အာမခံချက် မရှိဘူးဖြစ်သွား ယ်၊ ငါပြောတာ ဟုတ်ရဲ့လား"

"ဟုတ်...ဟုတ်ပါတယ်"

"မင်းအသက်လုံခြုံရေးအတွက် ငါတို့ဆီမှာ မင်းနေတာ အကောင်းဆုံးပဲ ဘသက်အောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ဆရာလှအောင်တို့…ဘသက်အောင်ကိုခေါ်သွားပြီး နောက် စစ်ငြိမ်းနိုင် ဆိုင်ကယ်လေးပေါ်တက်ပြီး သူမ မျက်နှာလေးကို မြ ယောင်မိလိုက်သည်။

သူမ မျက်လုံးတွေ၊ အကြည့်တွေ၊ အပြုံးတွေက သူ့အပေါ် ရင်းနှီးကျွမ်းဝင်ဘူးနေသော သဏ္ဌာန်တွေပင်ဖြစ်နေသည်၊ ဒါပေ ခင်မြတ်နိုးအိမ်ကို စစ်ငြိမ်းနိုင် အာရုံထဲတွင် တွေ့ဆုံဘူးတာကိုတော့ အရိပ်အယောင်ပင် ထင်ဟပ်ခြင်းမရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

စစ်ငြိမ်းနိုင် "သဇင်" စတိုးဆိုင်ရှေ့တွင် ကားကိုထိုးရပ်ပြီး အောက်ကိုဆင်းလိုက်သည်။ အရင်ဆုံး ဆိုင်အခြေအနေကို အကဲ တ်လိုက်တော့အဆင့်မြင့်တည်ဆောက်မှုတွေ၊ခေတ်မီပစ္စည်းတွေနဲ့ အမြင့်ဆုံးတည်ဆောက်ထားသော ဆိုင်ပင်ဖြစ်သည်။

ဆိုင်မှန်တံခါးလေးကိုတွန်းဖွင့်ပြီးဝင်လိုက်တော့ ဆိုင်ထဲတွင် အသက်(၂၀)ဝန်းကျင်မိန်းကလေး(၅)ဦးအရောင်းကောင်တာများ

သစ္စာမှန်စာပေ

www.burmeseclassic.com



တွင်ရပ်နေကြသည်။ ထိုထဲတွင် ဝတ်ရည်သဇင်ကိုမတွေ့သေး။

"အစ်ကို ဘာပစ္စည်းယူချင်လို့လဲ"

"မင်းတို့ပိုင်ရှင်နဲ့တွေ့ချင်လို့"

"မမလေးက အပြင်ကိုကိစ္စတစ်ခုနဲ့သွားနေတယ်၊ ဘယ် အချိန်ပြန်ရောက်မလဲဆိုတာတော့မသိဘူး။ ကျွန်မကိုမှာခဲ့လေ"

"သူ့နဲ့ဖုန်းစကားပြောလို့ရမလား"

"မမလေးဖုန်းနံပါတ်ကိုပေးခွင့်မရှိလို့ပါ၊ စိတ်မရှိပါနဲ့ အစ်ကို"

"ရပါတယ်၊ မင်းတို့ကိုယ်တိုင်ပဲ ပြောလိုက်ပါ၊ အထူးထောက် လှမ်းရေးတပ်ဖွဲ့က ဗိုလ်ကြီးစစ်ငြိမ်းနိုင်က တွေ့ချင်လို့လို့ပြောပေးပါ"

"ဟုတ်...ဟုတ်ကဲ့"

မိန်းကလေး (၅)ယောက်တည်းမှ လုပ်ပိုင်ခွင့်ရှိသော မိန်းကလေး တစ်ယောက်ဆိုင်ရှိ ကြိုးဖုန်းဖြင့်လှမ်းပြီးခေါ်နေသည်။ ခဏကြာမှ

"အစ်ကို...ဧည့်ခန်းမှာ စောင့်နေပါ။ မမလေးမကြာခင်ပြန်လာ မယ်တဲ့"

"ကျေးဇူးပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးစစ်ငြိမ်းနိုင် စည့်ခန်းတွင် ဝင်ပြီးထိုင်လိုက်သည်။ မိန်းကလေးတစ်ဦးက ကော်ဖီနှင့်မုန့်လာပြီးချပေးသည်။ ဧည့်ခန်းတွင် (CCTV) ကင်မရာတွေကို တပ်ဆင်ထားသည်ကိုတွေ့ရသည်။ အမန်အနေအထားနှင့်ကြည့်လျှင် မထင်မှတ်အောင် တပ်ဆင်ထားခြင်းဖြစ်သည်။

စစ်ငြိမ်းနိုင် ကော်ဖီခွက်ကိုမသောက်ဘဲ ဒီအတိုင်းထားလိုက်သည်။ ဒါဟာ ဝတ်ရည်သဇင်၏ အဆိပ်မာယာတွေကို ကြိုတင်ပြီး ရှောင်ရှားထားခြင်းပင်ဖြစ်သည်။

"ဆောရီးနော် ဗိုလ်ကြီး။ နိုင်ငံခြားသားဧည့်သည်တွေရောက်နေလို့"

"ရပါတယ်"

"ကော်ဖီတွေအေးကုန်ပြီ..မသောက်ဘူးလား"

"ကော်ဖီနဲ့မတည့်လို့ပါ"

"ဒါဆို တစ်ခုခုသောက်ပါလား"

"ရပါတယ် ဝတ်ရည်သဇင်၊ လာရင်းကိစ္စပဲ စကားပြောကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးဘာကိစ္စတွေကိုစကားပြောချင်တာလဲ"

"ဗိုလ်ကြီးဖော်ထိုက်နဲ့ပတ်သက်ပြီးပြောချင်လို့ပါ"

"ရှင်…အဲ…ဗိုလ်ကြီးနဲ့ပတ်သက်ပြီး ကျွန်မဘက်က ထွေထွေ ထူးထူးစကားပြောစရာမရှိဘူးထင်တယ်"

"ခင်ဗျားဘက်က ထွေထွေထူးထူးဘာမှ ပြောစရာမရှိဘူး သာပြောနေတာ၊ ကျွန်တော့်သူငယ်ချင်းကတော့ခင်ဗျားနဲ့ပတ်သ ပြီးတော်တော်များများကျွန်တော့်ကိုပြောခဲ့တယ်"

"ဟင်…"

စစ်ပြိမ်းနိုင်စကားကိုဝတ်ရည်သဇင်ဟန်မပျက်နား‌ထောင်နေ ပေမဲ့မျက်လုံးထဲတွင်စိုးရိမ်စိတ်တွေကရစ်ဝဲနေသည်ကိုတွေ့မြင်နေ ရသည်။

"သူပြောတဲ့ထဲမှာခင်ဗျားလက်ဆောင်ပေးတဲ့အီတလီထုတ် နှင်းဆီရေမွှေးလေးအကြောင်းကအရမ်းကိုတင်စားပြီးပြောခဲ့တာ"

"အဲ…"

ဝတ်ရည်သဇင် ဟန်ဆောင်နေသည့်ကြားက မျက်နှာပေါ် တွင်ထိတ်လန့်မှုတွေကပ်တွယ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတစ်ယောက်အနေနဲ့ လက်ဆောင်ပေးခဲ့တာပါ၊ ဗိုလ်ကြီးလည်းရေမွှေးနှစ်သက်တယ်ဆိုရင်ကျွန်မလက်ဆောင်ပေးပါရစေ"

"ကျွန်တော်က ရေမွှေးမကြိုက်ဘူးလေ၊ ကဲပါလေ... သူငယ်ချင်းမကြာခဏပြောပြောနေတဲ့သူမို့လာပြီးတော့တွေ့တာပါ၊ တခြားအကြောင်းတော့မရှိပါဘူး"

"ကျွန်မဗိုလ်ကြီးဖော်ထိုက်အတွက်စိတ်မကောင်းပါဘူး"

"ဘာတတ်နိုင်မလဲဗျာ၊ သူသိပ်ကြိုက်နှစ်သက်တဲ့အရာက သူ့ဘဝကိုအဆုံးသတ်သလိုဖြစ်သွားတာလေ"

"ဟင်..."

ဝတ်ရည်သဇင်မျက်နှာတွင် သိသိသာသာပင်အရောင်ပြောင်းသွားတော့သည်။ စစ်ငြိမ်းနိုင် ခပ်ရေးရေးသာပြုံးပြီးဆိုင်ထဲမှ ပြန်ပြီးထွက်လာခဲ့သည်။ ဆိုင်ထဲတွင် ကျန်ရစ်ခဲ့သော ဝတ်ရည်သဇင် သူ့တန်းဖုန်းဖြင့် ပန်းရဝတီရေးဆီကိုလှမ်းဆက်လိုက်သည်။

"မမလေး..."

"ဝတ်ရည်သဇင်...မင်းဘာပြောချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို...ဟို..."

"ဝတ်ရည်သဘင်...မင်းဘာဖြစ်နေတာလဲ၊ ငါ့ကိုမြန်မြန်ပြောစမ်း"

"မိုလ်ကြီးစစ်ငြိမ်းနိုင် ကျွန်မဆီကိုလာသွားတယ်"

"ဘာ...ဟိုကောင် ဘသက်အောင် သစ္စာဖောက်ပြီနဲ့တူတယ်"

"သေချာသလောက်ပဲ မမလေး"

"ဘသက်အောင်ကိုနှုတ်ပိတ်ဖို့ကြိုးစားရမယ်၊ ဘသက်အောင် ဘယ်မှာရှိသလဲဆိုတာကို အရင်စုံစမ်းထား၊ ရဲစခန်းနဲ့ထောင်ထဲမှာ တော့မရောက်သေးဘူး"

"ထောက်လှမ်းရေးတပ်ဖွဲ့ရုံးမှာရှိနေမှာပေါ့၊ မမလေး စရိုက် လောက်ဆို ဘသက်အောင် အကုန်ဖော်လောက်ပြီ"

"သိသွားတာထက် သက်သေပျောက်သွားဖို့က အရေးကြီး တယ်၊ ဘသက်အောင် သေသွားရင် သက်သေ မရှိတော့ဘူး ...... ဝတ်ရည်သဘင်"

"ရှင်...မမလေး"

"ထောက်လှမ်းရေးတပ်ထဲကို ဖောက်ဝင်လို့ရတဲ့နည်းလမ်း ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် မမလေး။ အရင်ဆုံး စည်းရုံးရမှာပဲ"

"ဒါဆို အမြန်ဆုံးလုပ်တော့၊ စစ်ငြိမ်းနိုင်ဆိုတဲ့ကောင်က ငါတို့ခန့်မှန်းထားတာထက်တောင်မြန်တယ်"

"စိတ်ချပါ မမလေးရယ်၊ သူက ဘာသားနဲ့ထုထားတာမို့လို့လဲ၊ ဗိုလ်ကြီးဖော်ထိုက်ထက် ဆိုးဝါးတဲ့နည်းတွေ အများကြီးရှိပါတယ်"

"ဒါပဲနော်"

"ဟုတ်..."

ဝတ်ရည်သဇင် ဖုန်းကိုပိတ်ပြီး သူလုပ်ကိုင်ရမယ့်အစီအစဉ်ကို စဉ်းစားနေလိုက်သည်။

"ဟုတ်ပြီ...အရာခံဗိုလ်ဦးကိုကိုနိုင်ရဲ့ဇနီးကို ကောင်းကောင်း အသုံးချရမယ်"

ဝတ်ရည်သဇင် သူ့အတွေးနှင့်သူ သဘောကျစွာပြုံးလိုက်သည်။

"စက်စက်..."

"ရှင်...မမလေး"

"ဒေါ်ခင်ခင်လတ်ကို သိတယ်မဟုတ်လား"

"သိပါတယ် မမလေး။ ထောက်လှမ်းရေးတပ်က အရာခံဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ဇနီးလေ"

"သူဒီမှာ ဘာအဝယ်များလဲ"

"သူက ကိုရီးယားထုတ်ရေမွှေးကိုဝယ်နေကျပဲ"

"ဒီတစ်ခါ သူဆိုင်ကိုလာရင် ငါ့ကိုချက်ချင်းဆက်သွယ်"

"ဟုတ်ကဲ့ပါ မမလေး"

"လုပ်စရာရှိတာသွားလုပ်၊ နင်တို့အားလုံးကို ငါမှာထားမယ်

ဆိုင်ကို ဘယ်သူပဲ ဖြစ်ဖြစ်လာပြီး ငါနဲ့ပတ်သက်တာ ဘာပဲမေးမေး

ရှိတယ်၊ မရှိဘူးဆိုတာကလွဲပြီး ကျန်တာ ဘာမှမပြောပါစေနဲ့နော်"

"ဟုတ်ကဲ့ပါ"

"ခင်နှောင်းကို ငါ့ဆီလွှတ်လိုက်စမ်း"

"ဟုတ်ကဲ့"

စက်စက်ထွက်သွားပြီး ခဏကြာတော့ ခင်နှောင်းရောက်လာ

သည်။

"မမလေး ဘာကိစ္စများရှိလို့လဲ"

"ခင်နှောင်း မင်းဟာဝန်တစ်ခုယူပေးရမယ်"

"ရှင်...ဘာတာဝန်လဲ မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း...ဘာသက်အောင်ညီမအဖြစ် သရုပ်ဆောင်ပေးရမယ်"

"ရှင်..."

"မင်းဘာမှမစိုးရိမ်နဲ့၊ မင်း ငါခိုင်းတဲ့အတိုင်းသာ သရုပ်ဆောင်"

"ကျွန်မက ဘယ်နေရာမှာ ဘယ်လိုသရုပ်ဆောင်ရမှာလဲ၊ မမလေး"

"ထောက်လှမ်းရေးတပ်ထဲကို ဘာသက်အောင်ညီမအဖြစ်နဲ့ စားစရာသွားပြီးပို့ပေးရမှာ"

"သူတို့က ယုံပါ့မလား၊ ပြီးတော့ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်လို့ရတဲ့နေရာမှမဟုတ်တာ"

"မင်း စကားတွေအများကြီးမပြောနဲ့ခင်နှောင်း၊ ငါခိုင်းတဲ့အတိုင်းသာလုပ်၊ မင်းဝင်ဖို့ထွက်ဖို့ငါစီစဉ်ပေးမယ်၊ သွားတော့"

"ဟုတ်ကဲ့"

"နေဦး"

"ဘာများလဲမမလေး"

"မင်း ပါးစပ်လေးတော့ ပိတ်ထားနော်၊ ငါက စကားမ်းတွေ ထက်မြင်းထန်တဲ့လက်ဆောင်ပေးတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ကဲ့ပါ...မမလေး"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလက်စဆောင်နဲ့ငွေတွေကာ ဝတ်ရည်သင်ဖင်ပေးလိုက်တာပေါ့"

"ဟုတ်...ဟုတ်ပါတယ်ဗိုလ်ကြီး၊ ကျွန်မ ငြင်းတာဘယ်လိုမှ ငြင်းမရတာနဲ့ ယူခဲ့တာပါ"

ဒေါ်ခင်ခင်လတ်....မိမိရှေ့တွင်ရှိနေသော အကောင်းစား ရေမွှေးဘူးတွေနဲ့ ငွေစက္ကူတွေကိုဗိုလ်ကြီးစစ်ငြိမ်းနိုင်ကိုအပ်နေခြင်း ဖြစ်သည်။

"ကျွန်မ...ကိုအရေးမယူပါနဲ့"

အရာခံဗိုလ်ဦးကိုကိုနိုင်လည်းမျက်နှာမကောင်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလတ်...ဒါတွေကို လက်ခံလိုက်ပါ"

"ရှင်..."

"သူက ဘာလုပ်ပေးနိုင်းလဲ"

"ဒါတော့ မသိရသေးဘူး၊ ဒီညမှ ဖုန်းဆက်ပြီး ကျွန်မဆီက အဖြေကိုစောင့်မယ်လို့တော့ပြောပါတယ်"

"မမလတ် သူဘာလုပ်ခိုင်းမလဲဆိုတာကိုသာ နားမှထောင်ပြီး သူခိုင်းတဲ့အတိုင်း လုပ်လိုက်ပါ"

"ဟုတ်ကဲ့"

"သူ့ဘက်က လှမ်းလာမယ့်ခြေလှမ်းပေါ်မှာ မူတည်ပြီး စဉ်းစား ကြတာပေါ့"

"တီ...တီ..."

"ဟင်..."

ဗိုလ်ကြီးစစ်ငြိမ်းနိုင်နဲ့ ဒေါ်ခင်ခင့်လတ် စကားပြောနေချိန်မှာ ဝတ်ရည်သဇင်ဆီက ဖုန်းဝင်လာသည်။

"မမလတ် နားထောင်လိုက်"

"ဟုတ်...ဟလို...ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမခင်လား"

"ဟုတ်ပါတယ်"

"ကျွန်မပေးလိုက်တဲ့လက်ဆောင်တွေကိုသဘောကျရဲ့လား"

"ကျပါတယ်"

"ကျွန်မကိုတစ်ခုလောက်ပဲ ကူညီပေးပါ"

"မမ..ဘာကိုကူညီပေးရမှာလဲ"

"ထောက်လှမ်းရေးစခန်းထဲမှာ ဘသက်အောင်ဆိုတဲ့လူရှိနေ ဘာကို သိပါတယ်၊ အဲဒါ သူ့ညီမတစ်ယောက်ကတွေ့ချင်နေတာကို ကူညီပေးဖို့ပါ"

"ဒီတရားခံကို အပြင်က ဘယ်သူနဲ့မှ အတွေ့မခံဘူး၊ မမတို့ ...သ်မိသားစုတွေတောင် သွားတွေ့လို့မရဘူး"

"ကျွန်မသိထားတာက မမခင် ခင်ပွန်းသည်က အဲဒီမှာ တာဝန် ...ဆို"

"ဟုတ်တာတော့ဟုတ်ပါတယ်"

"သူပြီးရင် ပြီးတာပဲလေ.. ခုပေးလိုက်တဲ့လက်ဆောင်ထွေ ...တ်အများကြီးကိုပေးဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမ..ခင်ပွန်းသည်ကိုပြောကြည့်လိုက်ဦးမယ်"

"ကောင်းပြီလေ...အဆင်ပြေပြီဆိုတာနဲ့ဖုန်းဆက်လိုက်ပါ"

"အေးပါကွယ်...ဒါပဲနော်"

ဝတ်ရည်သဇင် ဖုန်းပိတ်လိုက်သည်။ ဟန်းဆက် စပီကာ ဖွင့်ပြီးပြောနေတာမို့ အားလုံးကို ဗိုလ်ကြီးစစ်ငြိမ်းနိုင်တို့ ကြားနေ သည်။

"မမလတ်..ပြောလိုက်တာတွေအရမ်းကောင်းပါတယ်"

"ကျွန်မ ဘာဆက်လုပ်ရမလဲဗိုလ်ကြီး"

"အိုကေတယ်လို့သာ ပြောလိုက်ပါ၊ ဆရာကြီးကလည်းသူ တောင်းဆိုတဲ့အတိုင်း ကူညီပေးလိုက်၊ လာပြီးတွေ့တဲ့သူကိုတော မျက်ခြည်မပြတ်စေနဲ့နော်"

"စိတ်ချပါဗိုလ်ကြီး"

"ကျွန်မ သွားလို့ရပြီလားဗိုလ်ကြီး"

"ရပါပြီမမလတ်၊ ခုလို ပူးပေါင်းဆောင်ရွက်ပေးတာကိုအ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူးဗိုလ်ကြီးရယ်၊ ...ခင်ပွန်းသ



www.burmeseclassic.com

www.burmeseclassic.com



လိုပဲတာဝန်သိရမှာပေါ့။ ငွေနဲ့အားလုံးကိုလုပ်ယူလို့ရတယ်လို့ထင်နေ
တာ သူတို့ရဲ့တွက်ဆမှု အမှားတစ်ခုပါ"

ဒေါ်ခင်ခင်လတ်ပြန်ထွက်သွားပြီး ဗိုလ်ကြီးစစ်ငြိမ်းနိုင် ရုံးခန်း
အတွင်း အားလုံးခေါင်းချင်းဆိုင်ကြတော့သည်။

"ဗိုလ်ကြီး...သူတို့ဘာအတွက်ဒီအကွက်ကိုဆင်တာလဲ"

"ရှင်းရှင်းလေးပဲ ဆရာလှအောင်...ဘသက်အောင်ကို သတ်
ချင်လို့ပဲပေါ့"

"ဟင်..."

"တပ်ဖွဲ့စခန်းထဲကိုဝင်ပြီး လုပ်ကြံရဲတဲ့သတ္တိက မစေ့ဘူး။ သူတို့
သတ်ရဲပါ့မလား"

"သတ်မှာတော့သေချာတယ်၊ ဘယ်လိုပုံစံနဲ့ သတ်မလဲဆိုတာ
နည်းစပ်ဆုံးအဖြေရှာရင် အဆိပ်နဲ့သတ်မှာ"

"ဗျာ..."

"သူတို့တွေက အဆိပ်နဲ့ပတ်သက်ပြီး နည်းပညာမိုင်းမှာ
နည်းကိုတော်ကြတယ်၊ ဘယ်လိုမှ လက်စဖော်လို့မရအောင် အဆိပ်
နည်းတွေကို သုံးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး ပြောပုံအရဆိုရင် အဆိပ်နဲ့သတ်တာတောင် ချက်ချင်းကြီးမသေတဲ့နည်းကိုသုံးမှာပေါ့"

"သေချာတာပေါ့ ဆရာကြီးရယ်၊ ဘယ်လိုပစ္စည်းမျိုးသုံးမလဲဆိုတာကိုတော့ စောင့်ကြည့်ရမယ်"

"ဗိုလ်ကြီး...စောစောက ဝတ်ရည်သဇင်ပြောတဲ့စကားနဲ့တင်ဖမ်းလိုက်ရင်မကောင်းဘူးလား"

"ဆရာလှအောင်ရေ...သူပြောတဲ့စကားထဲမှာ ဘာသက်အောင်ကိုလုပ်ကြံမယ်ဆိုတာမပါဘူးလေ၊အရမ်းကိုပါးနပ်ပြီးအကွက်စေ့တဲ့လူတွေ၊ ဆရာလှအောင်... သူတို့ဘက်က အဆင့်ဆင့် ရှောင်ထွက်နိုင်တဲ့အကွက်တွေကို ချပြီးလုပ်ကြမှာ၊ ကျွန်တော်တို့ဘက်ကဒါတွေကိုသတိထားပြီး ကိုင်တွယ်ရမှာ၊တစ်ချက်လေး ဟသွားတာနဲ့ အရေးကြီးတဲ့ပစ်မှတ်နဲ့လွဲချော်သွားနိုင်တယ်"

"တကယ့်ကိုကြောက်စရာကောင်းတဲ့သူတွေပဲ"

"ကြောက်ဖို့ကောင်းသလောက် မာယာတောင်ချောက်တွေဝှမ်းလွှဲအကြံအစည်တွေနဲ့ ကျွန်တော်တို့ ထိပ်တိုက်တွေ့တော့မယ်ဆရာလှအောင်ရေ..."



www.burmeseclassic.com

www.burmeseclassic.com



"စစ်ပွဲတစ်ပွဲလိုပဲ"

"ဒီလိုပဲ သတ်မှတ်ပြီးရင်ဆိုင်ဖို့သာ ပြင်ထားကြတော့"

"အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့တွေရော ပါဝင်ပတ်သက်နိုင်လားဗိုလ်ကြီး"

"ပါဝင်ပတ်သက်မှုကတော့ မရှိလောက်ဘူး။ ဒါပေမဲ့ တစ်ချိန်က ဆက်နွယ်ခဲ့တဲ့ လောင်းရိပ်တွေကတော့ ရှိကောင်းရှိနိုင်ပေမယ့် သူတို့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ကနေတော့ သွေဖီသွားမှာ မဟုတ်ပါဘူး။ ခုချိန်ကစပြီး စစ်ဆင်ရေးတစ်ခုလိုသဘောထားပြီး ဆောင်ရွက်ကြရမယ်၊ ဒီနယ်မြေမှာရှိကြတဲ့ တပ်ဖွဲ့အားလုံးပူးပေါင်းပြီး လုပ်ကိုင်ရမှာဆိုတော့ ဆရာလှအောင်အနေနဲ့ ကျန်တဲ့တပ်ဖွဲ့တွေကို ဆက်သွယ်ပြီး လုပ်ဆောင်ပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

စစ်ငြိမ်းနိုင်နှင့် ပန်းရတီဆူးတို့ အားပြိုင်ပွဲကြီးက အန္တရာယ်ဖုံ ပေါ်သို့ဝင်ရောက်လာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**မနှင်းတစ်မှုင်နီကျုံး**

သဇင်စတိုးဆိုင်ရှေ့လေးတွင် ကားကိုထိုးရပ်ပြီး

"ဆရာလှအောင်တို့အားလုံး အပြင်ကပဲစောင့်နေကြပါ။ သူတို့ဘက်က တုံ့ပြန်မှုကြမ်းမှသာ တုံ့ပြန်ကြပါ"

"ဟုတ်ကဲ့ဗိုလ်ကြီး"

"ဝတ်ရည်သဇင်ကိုကျွန်တော်ခေါ်လာခဲ့မယ်"

ဗိုလ်ကြီးစစ်ငြိမ်းနိုင် လိုအပ်တာတွေကို ညွှန်ကြားခဲ့ပြီး သဇင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆိုင်ထဲသို့ဝင်လာခဲ့သည်။ ဆိုင်ထဲကိုရောက်တော့အရင်ကဆိုင်ရှင်(၅)ယောက်ရှိနေပေမဲ့ ယခု(၄)ယောက်သာတွေ့နေရသည်။

"ဆရာ ဘာများကြည့်ချင်သလဲကြည့်ပါ"

"မင်းတို့မမလေးကိုတွေ့ချင်တယ်"

"ရှင်...ဟို...ဟို...မမလေး"

"ဗိုလ်ကြီးစစ်ငြိမ်းနိုင်...ဧည့်ခန်းဆောင်ကိုလာခဲ့ပါ"

အရောင်းကောင်မလေး စကားမဆုံးခင်မှာ ဝတ်ရည်သဇင်ထွက်လာပြီး ခေါ်လိုက်သဖြင့် ဗိုလ်ကြီးစစ်ငြိမ်းနိုင် နောက်မှလိုက်ပြီး ဝင်လိုက်သည်။ ဧည့်ခန်းရှိ ဆိုဖာတွင် ဝင်ထိုင်လိုက်သည်နှင့်

"တစ်ခုခု သုံးဆောင်ပါလား ဗိုလ်ကြီး"

"နေပါစေ ဝတ်ရည်သဇင် ကိစ္စလေးရှိလို့လာခဲ့တာပါ"

"ဘာကိစ္စများလဲ"

"မဝတ်ရည်သဇင်...ကျွန်တော်တို့နဲ့ လိုက်ခဲ့စေချင်ပါတယ်"

"ကျွန်မကိုဖမ်းတာလား"

"ခေါ်ယူစစ်ဆေးတာပါ"

"ဘာအမှုနဲ့လဲ၊ ရှင့်ဘက်က ထောက်လှမ်းရေးရာရှိ ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရှိန်နဲ့ဖမ်းတာဆိုရင်တော့ဆော်ရီးပဲနော်"

"အပြင်မှာ သက်ဆိုင်ရာတာဝန်ရှိလူတွေပါပါတယ်၊ မင်းရဲ့ဂုဏ်

သိက္ခာကိုငဲ့ပြီး ငါတစ်ယောက်တည်း ဝင်လာခဲ့တာ၊ ရာဇဝတ်ပုံစံနဲ့ ဖမ်း

ဝရမ်းပါ,ပါတယ်"

"ကောင်းပြီလေ...လိုက်ခဲ့တာပေါ့၊ တစ်ခုတော့ မေးချင်တယ်"

"မေးနိုင်ပါတယ်"

"ဘာအမှုနဲ့ဖမ်းတာလဲ"

"လူသတ်မှု...လူသတ်နှုတ်ပိတ်ဖို့ကြံစည်မှု"

"ဟားဟားဟား... တကယ်ကို ရယ်စရာကောင်းနေပြီ၊ ရှင်တို့

အရာခံဗိုလ်ဇနီးပြောတဲ့စကားနဲ့ဖမ်းမှာလား၊ ဒါကတော့ အရှင်းကြီး

ကျွန်မဆိုင်ကကာလေးမအတွက်ကူညီပေးတာလေ၊ ဘာသက်အောင်

သူ့အစ်ကိုဆိုလို့ လုပ်ပေးလိုက်တာ၊ ဒါဟာပြစ်မှုကြီးမှ မဟုတ်တာပဲ"

"မင်းဘာတွေကို ကျူးလွန်ထားသလဲဆိုတာ ‌ရောက်တော့

ရှမှာပါ"

"ကျွန်မ လိုက်ခဲ့မယ်၊ ဒါပေမဲ့ကျွန်မရှေ့နေကိုတော့ အကြောင်း

ကြားခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုပါတယ်"

ဝတ်ရည်သဇင် သူ့ဇရှုတွင် ရှေ့နေထံသို့ဖုန်းလှမ်းဆက်ပြီး အကြောင်းကြားနေသည်။

"မင်းကိစ္စတွေပြီးပြီဆိုရင် သွားကြရအောင်"

သူမအပေါ်မှ အနွေးအကျီကို ထပ်ဝတ်ပြီး ရှေ့ကနေထွက်လာခဲ့သည်။ သူ့ဆိုင်မှ မိန်းကလေးတွေကို မှာနေသည်။

"မဝတ်ရည်သဇင်"

"ပြောပါ ဗိုလ်ကြီး"

"ခရီးနီကစပြီး သဇင်စတိုးကို ယာယီပိတ်ပြီး ရှာဖွေမှုတွေကို ပြုလုပ်သလို ဒီက မိန်းကလေးတွေကိုလည်း စစ်မေးဖို့ ခေါ်သွားမှာပါ"

"ဘာ...ရှင်တို့ဘက်က သိပ်ကိုလွန်နေပြီထင်တယ်၊ ကိုယ်လုပ်တဲ့အလုပ်ကိုတော့ တာဝန်ယူရမယ်နော်"

"စိတ်ချပါ ဝတ်ရည်သဇင်၊ ခုကိစ္စတွေအတွက် ပခုံးပေါ်က အပွင့်တွေနဲ့ထပ်ပြီး တာဝန်ယူပါတယ်"

စစ်ငြိမ်းနိုင် အပြင်မှာရှိနေသော ဆရာလှအောင်တို့ကိုဆက်သွယ်လိုက်ပြီး ရဲမေများနှင့်အတူ သဇင်စတိုးဆိုင်မှ မိန်းကလေးများ



www.burmeseclassic.com

www.burmeseclassic.com



ကိုခေါ်ဆောင်သွားကြပြီး ဝတ်ရည်သဇင်ကိုတော့ စစ်ငြိမ်းနိုင်တို့ကားနှင့်ခေါ်ဆောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဝတ်ရည်သဇင်"

"ရှင်ဘာပြောချင်လဲပြောပါ"

"ခင်ဖနှောင်းကို ကျုပ်တို့ နယ်စပ်ဂိတ်မှာ ဖမ်းမိထားတာတော့ သိသေးဘူးထင်တယ်"

"ဟင်..."

စစ်ငြိမ်းနိုင်စကားကို ဝတ်ရည်သဇင် တကယ်ပင် အံ့အားသင့်သွားသည်။ ခင်ဖနှောင်းကို တရုပ်ပြည်ဘက်ကို ခြေရာဖျောက်နိုင်ခဲ့သည်။ ဒါကို စစ်ငြိမ်းနိုင်ဘက်မှ အားချင်းဖမ်းမိလိုက်တာကို မယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပင်ဖြစ်သွားသည်။ ဝတ်ရည်သဇင် အတွေးထဲတွင် စစ်ငြိမ်းနို

ဖရိုဟာယ်ဆင်ပြီး ပြောတယ်လို့တွေးမိလိုက်သည်။

"ဩော်...ဟုတ်လား၊ ဘာအမှုနဲ့ဖမ်းကြတာလဲ"

"ခင်နှောင်းကို ဖမ်းတဲ့အမှုနဲ့ ဝတ်ရည်သဇင်ကို ဖမ်းတဲ့အမှု

အတူတူပါပဲ"

"လုံးဝ မပတ်သက်ဘူး၊ ရှင်တို့လိုချင်တဲ့ပုံစံကို သွင်းပြီး မလု

ကြနဲ့နော်"

"စိတ်လေးကိုလျှော့လိုက်ပါ။ မင်းဘာတွေလုပ်ခဲ့တယ်ဆိုတာ

မင်းကိုယ်မင်း သိနေမှာပါ။ ခိုင်လုံတဲ့သက်သေမရှိဘဲမင်းကို မဖမ်းဘူး"

"ဘာသက်သေတွေရှိလဲ"

"မင်းပေးလိုက်တဲ့ စီးကရက်ဘူးလေ"

"ခင်နှောင်း..."

"ဒီလောက်ဆို မင်းသဘောပေါက်မှာပါ၊ ဒီစီးကရက်ဟာ

အဆင့်အမြင့်ဆုံး အဆိပ်ပညာကိုသုံးပြီး စီစဉ်ထားတာ၊ ဒီလိုအဆိပ်

ချစ်သူငယ်ချင်းကို မင်းသတ်ခဲ့တာပဲ မဟုတ်လား"

ဝတ်ရည်သဇင် နှုတ်ခမ်းဆီမှ စကားသံလွှင့်ထပ်ပြီးထွက်ပေ



www.burmeseclassic.com

www.burmeseclassic.com



သာခြင်းမရှိတော့ပေ။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင်မဟုတ်သား။ စစ်ငြိမ်းနိုင် ၏ ဖမ်းဆီးမှုထဲက လွတ်မြောက်နိုင်ဖို့မလွယ်ကူတော့ဘူးဆိုတာလည်းကောင်းကောင်းသဘောပေါက်လိုက်တော့၏။

"တီ...တီ...တီ..."

ဗိုလ်ကြီးစစ်ငြိမ်းနိုင် ထံဖုန်းလာတာကြောင့် နားထောင်လိုက်သည်။ သဖင်စခိုးတွင် ကျန်ခဲ့သောဆရာကြီးကိုကိုကြီးဆီမှ ဖြစ်နေသည်။

"ဟလို.."

"× × × × × × × × ×"

"× × × × × × × × × × × × × × × × × ×"

"ကောင်းပြီ ဆရာကြီး.. ရှာတွေ့ရှိတာတွေကိုနိုင်နိုင်လုံလုံ အထောက် အထားယူပါ၊ ဆောင်ရွက်စရာရှိတာတွေကို ဆက်ဆောင်ရွက်ပါ"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်ဖုန်းပိတ်လိုက်ပြီးဝတ်ရည်သဇင်မျက်နှာလေးကိုလှမ်းကြည့်လိုက်သည်။

"မင်းအတွက် စိတ်မကောင်းစရာသတင်းတစ်ခုပင်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဝတ်ရည်သဇင် မျက်လုံးဝိုင်းလေးဖြင့် မျက်တောင်မခတ်ဘဲ ကြည့်ခံနေသည်။

"မင်းစတိုးဆိုင်ရဲ့လျှို့ဝှက်အခန်းတစ်ခုကိုရှာဖွေတွေ့ခဲ့ပြီ ဝတ်ရည်သဇင်"

"ဘာ..."

"မင်းအပါအဝင် (၃)ယောက်ပဲသိခဲ့တဲ့အခန်းကိုရှာဖွေတွေ့ခဲ့ လို့အံ့သြနေလား"

စင်နောင်းဆီမှ လျှို့ဝှက်အခန်းကို သိနိုင်စရာမရှိဘူးဆိုတာ ဝတ်ရည်သဇင်ကောင်းကောင်းသဘောပေါက်သည်။ ဘာကြောင့်လဲ ဆိုတော့ စင်နောင်းထိုလျှို့ဝှက်အခန်းကိုဘယ်နည်းနဲ့မှမသိနိုင်သလို ဆိုင်တွင်ရှိနေကြသူတွေလည်းမသိနိုင်။ သိနိုင်သော (၃)ယောက်ထဲမှ တစ်ယောက်ယောက်သစ္စာဖောက်မှသာ သိနိုင်မှာဖြစ်သည်ဟု ဝတ်ရည်သဇင် ယုံကြည်သည်။ သိထားသော (၃)ယောက်ဟာ ဘယ်နည်းနဲ့မှသစ္စာဖောက်မယ့်သူတွေမဟုတ်၊ သူတို့ကဝတ်ရည်သဇင် ၏ခေါင်းဆောင်တွေပင်ဖြစ်သည်။ တကယ့်ကို မျက်ကြည်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပင်ဖြစ်သည်။

"စဉ်းစားရကျပ်သွားပြီလား ဝတ်ရည်သဇင်၊ သိထားတဲ့ထဲက ဖောက်ထွက်လာတာတော့မဟုတ်ပါဘူး၊ မင်းကိုယ်တိုင်ဖော်လိုက်တာပါ"

"ရှင်..."

"မင်းဆီကိုငါရောက်လာတုန်းက သတိထားမိတာပါ၊ ဧည့်ခန်းမရဲ့နောက်မှာ လျှို့ဝှက်အခန်းရှိတယ်၊ ဒီအခန်းကိုတော့ အားလုံးသိထားတဲ့အခန်းပါ၊ အဲဒီအခန်းထဲကနေ (CCTV)ကင်မရာထဲက လှုပ်ရှားမှုတွေကိုကြည့်နေမယ်ဆိုတာ ငါသိပါတယ်"

"ဆိုင်ထဲမှာ (CCTV)ကင်မရာတွေတပ်ထားတာကို ရှင့်ကို ခင်နှောင်းပြောပြတာဖြစ်မှာပေါ့"

"ဝတ်ရည်သဇင် စုံထောက်တစ်ယောက်အတွက် ဒီလောက်တော့ မညံ့ပါဘူး၊ နံရံမှာ ကပ်ထားတဲ့အလှပန်းအိုးတွေမှာ ကင်မရာတပ်ထားတယ်ဆိုတာ မင်းဆိုင်ရောက်ကတည်းက သိထားတာပါ၊ ဒါပေမဲ့ ဒီထက်အရေးကြီးတဲ့နေရာကိုပဲ အဓိကထားပြီး စုံစမ်းတာ၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ဧည့်ခန်းဘုရားစင်ပေါ်က တိဘက်ဗုဒ္ဓရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com



တော်လေးကိုသတိထားမိလိုက်တယ်၊ စိတ်ထဲမှာလည်းမသင်္ကာဖြစ်တာနဲ့ ဘုရားဖူးသလိုနဲ့ ကပ်ပြီးကြည့်တော့ လျှို့ဝှက်ခလုတ်တစ်ခုအသွင်ပုံစံကိုပေါက်နေခဲ့တာ၊ ဒါကြောင့် ခုတော့ တိဘက်ဗုဒ္ဓရုပ်ပွားတော်လေးကနေ မင်းရဲ့လျှို့ဝှက်ခန်းကိုဖွင့်လို့ရသွားခဲ့တာပဲ"

"ရှင် သိပ်ပြီးတော်ပါတယ်"

"ဒီအခန်းထဲမှာ အဆင့်မြင့် အဆိပ်တွေကို ပြုလုပ်တဲ့ဓာတုဗေဒ ပစ္စည်းတွေ အစုံအလင်ကိုတွေ့ခဲ့တယ်လို့ သတင်းရောက်လာပါပြီ၊ ဓာတ်ခွဲခန်းကနေ အဖြေထွက်ရင်တော့ မင်းရဲ့သတ်ဖြတ်မှုတွေကိုဖော်ထုတ်လို့ရပါပြီ၊ မင်းရှေ့နေနဲ့ ငြင်းမယ်ဆိုရင် ငြင်းလို့ရပါတယ်"

"ကျွန်မ မငြင်းပါဘူး၊ ရှင့်သူငယ်ချင်းဗိုလ်ကြီးဖော်ထိုက်ကိုလည်း သူ့အကြိုက်ဆုံး ရေမွှေးနဲ့သတ်ခဲ့တာပါ၊ ပြီးတော့ ရှင်တို့ဖမ်းထားတဲ့ ဘသက်အောင်ကို ကျွန်မနှုတ်ပိတ်ဖို့လည်း သူ့အကြိုက်ဆုံး စီးကရက်ကို ခင်နှောင်းနဲ့ပေးခိုင်းခဲ့တာပါ"

"မင်းနဲ့ ဖော်ထိုက်ကြားမှာ ဘာရန်ငြိုးမှမရှိဘဲနဲ့ သတ်တာတော့ မဖြစ်နိုင်ဘူး"

"ဟုတ်တယ် ဖော်ထိုက်ကိုကျွန်မရန်ငြိုးကြောင့်သတ်ခဲ့တာပါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမောင်လေးကိုမူးယစ်ဆေးဝါးမှုနဲ့ဖမ်းခဲ့တာကိုဆွေးနွေးလို့မရလို့သတ်ခဲ့တာပါ"

"သေသေချာချာစဉ်းစားပြီးတော့မှပြောပါဝတ်ရည်သဇင်"

"ကျွန်မက ဘာကိုစဉ်းစားရမှာလဲ၊ ဗိုလ်ကြီးဇော်ထိုက်ကိုသတ်ခဲ့တာကိုဝန်ခံပြီးပြီပဲ"

"မင်းဝန်ခံချက်က မပြည့်စုံဘူး၊ ထားလိုက်ပါတော့လေ၊ နောက်ဆက်တွဲတွေကိုနောက်မှဆက်ပြီးစကားပြောကြတာပေါ့၊ ဒီနေ့အတော့ဒီလောက်ပဲစကားပြောကြတာပေါ့"

စစ်ငြိမ်းနိုင်သူသိသင့်တာကိုသိပြီးပြီဖြစ်၍ဝတ်ရည်သဇင်ကိုစစ်ဆေးမေးမြန်းမှုကိုအဆုံးသတ်လိုက်သည်။ စစ်ငြိမ်းနိုင်အပြင်ကိုထွက်သည်နှင့်ရဲမေ (၂)ဦးဝင်လာပြီးဝတ်ရည်သဇင်ကိုခေါ်ဆောင်သွားတော့သည်။ ထောက်လှမ်းရေးတပ်ဖွဲ့ရုံးကနေထောင်သို့ပို့ဆောင်ရမှာဖြစ်သည်။

စစ်ငြိမ်းနိုင်ထောင်ကိုပို့ဆောင်မည့်ကားနားသို့အတူလိုက်ခဲ့

"စိတ်မကောင်းပါဘူး၊ဒါပေမဲ့မင်းအတွက်အခွင့်အရေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ရှိနေပါတယ်"

"ကျွန်မဆီက ဘာမှထပ်ပြီး ရှင်သိခွင့်မရှိတော့ပါဘူး"

"ဒါကတော့ မင်းဆီက နောက်ထပ်စကားတွေကို ကြားခွင့် ဦးမယ်လို့ယုံကြည်နေတယ်"

"အင်းလေ...ရှင့်ဘက်က ဘယ်လောက်ထိစွမ်းဆောင်နိုင်မ ဆိုတာ စောင့်ကြည့်ရဦးမှာပေါ့၊ တစ်ခုတော့ နောက်ဆုံးပြောခဲ့ပါမယ် ရှင်ဟာ တကယ်ကိုတော်တဲ့ စုံထောက်တစ်ယောက်ပါ"

"ကျေးဇူးတင်ပါတယ်"

"ဂျိုင်း"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်ကိုယ်တိုင် ကားတံခါးကို ပိတ်ပေးလိုက် သည်။

"ဆရာလှအောင်"

"အမိန့်ရှိပါဗိုလ်ကြီး"

"လုံခြုံရေးကို အထူးဂရုစိုက်သွားပါ"

"စိတ်ချပါဗိုလ်ကြီး၊ လမ်းကြောင်းတွေကို တင်းတင်းကျပ်ကျ ပိတ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အင်အားစုတွေဟာ သိပ်ကိုကြောက်စရာကောင်း
ယ်၊ ကိုယ့်ဘက်က တစ်ချက်လေးလစ်ဟာသွားတာနဲ့အသက်ကို
ောင်နုတ်ယူနိုင်တယ်"

"ဟုတ်ကဲ့ပါဗိုလ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းမြစ်ကမ်းနံဘေး လမ်းမထက်ပေါ်တွင် ရွှေး

ကောင်နှင့်လူနှစ်ယောက် ဝင်လုလုနေလုံးကြီးကို ငေးကြည့်ရင်း

ဘက်ဆီမှတိုးဝှေ့တိုက်ခတ်လာသော လေနုအေးလေးတွေကို ရှု

နေမိကြသည်။

"တော်တော်လေးတော့သက်သာသွားပါပြီ"

"ခင်မြတ်နိုးအိမ်ရဲ့ကျေးဇူးပဲဆိုရမှာပေါ့"

"ထားလိုက်ပါတော့လေ၊ အင်း...တစ်ခု ...သိန်းတာတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဘာများလဲ"

"ဒီရွှေနက်လေးဟာ အသက်တော်တော်ကိုပြင်းတယ်၊ သေ
ခြင်းတရားကို အားအင်အပြည့်နဲ့ရင်ဆိုင်ခဲ့တာ"

"ဆိုလိုတာက"

"လူတွေလိုပြောရင် စိတ်ကိုလျှော့မချဘူးလေ"

"သူမသေချင်သေးဘူးလို့ ဆိုလိုတာပေါ့"

"ဟုတ်တယ်၊ သူ အသက်ရှင်ချင်သေးတယ်၊ ဆေးကုသပေး
တာကို အရမ်းနားလည်နေသလိုပဲ၊ ကျွန်မ တိရစ္ဆာန်တော်တော်
များကို ဆေးကုပေးခဲ့ဘူးပါတယ်။ ဒီထဲမှာ ရွှေဖော်နဲ့ပတ်သက်ပြီး
တော်ကိုလေ့လာမိတယ်၊ ဒီရွှေမှာ ထူးခြားတဲ့အချက်တွေကို တွေ့
တယ်"

"ရွှေတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လည်း စစ်တပ်ရွှေ
ချေင့်ရေးစခန်းမှာ နေခဲ့ဘူးတော့ သိသင့်သလောက်၊ လေ့လာမိ
လောက်တော့ရှိခဲ့ပါတယ်၊ ခင်မြတ်နိုးအိမ်လောက်တော့ ပြည့်စုံမှာ
တော်ပါဘူး။ ဒီရွှေလေးနဲ့ပတ်သက်ပြီး ထူးခြားတာဘာကိုတွေ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မိလို့လဲ"

"ဒီခွေးနက်လေးရဲ့မျက်လုံးဟာ အရမ်းကိုထူးခြားတယ်
မျက်လုံးမျိုးတွေဟာ အရမ်းကို အငြိုးကြီးတတ်တဲ့မျက်လုံးမျိုးတွေ

"ခင်မြတ်နိုးအိမ်ပြောတဲ့ ဒီခွေးလေးရဲ့မျက်လုံးကြောင့် သူ
ကျွန်တော် ကယ်ခဲ့တာပဲဆိုရမယ်၊ သွေးအိုင်ထဲမှာ သေအံဆဲဆဲ
နေတာတောင် ရန်းထဖို့ကြိုးစားနေတဲ့ သူ့မျက်လုံးတွေက အရမ်း
အရောင်တောက်နေခဲ့တာ"

"မြစ်လေကအရမ်းကိုအေးလာသလိုပဲနော်"

"အင်း...အေးစက်လာပြီ၊ ခင်မြတ်နိုးအိမ်က အပေါ်အင်္ကျီ
ပြီးမဝတ်ထားတာဆိုတော့ ချမ်းနေမှာပေါ့၊ သွားကြရအောင်"

သေနတ်ဒဏ်ရာရထားသော ခွေးကလေး၏ ကျန်းမာ
အတွက် ခင်မြတ်နိုးအိမ် ညနေတိုင်း ခွေးနက်လေးနှင့်အတူ မြစ်
နံဘေးတွင် လမ်းထွက်ပြီးလျှောက်နေကျ။ ဒီနေ့တော့ စစ်ငြိမ်း
အချိန်ရတာမို့ အတူတူ မြစ်ကမ်းနံဘေးကို လမ်းလျှောက်ထွက်
ခြင်းဖြစ်သည်။

"တစ်ခါတည်းပြန်မှာလား"

www.burmeseclassic.com



"ဗိုလ်ကြီးရော"

"ဒီနေ့ ဂျူတီအားပါတယ်၊ မြို့ထဲမှာ တစ်ခုခုသွားပြီး စားကြလေလားလို့"

"ကောင်းတာပေါ့"

"ဪ…ခင်မြတ်နိုးအိမ်၊ ကျွန်တော့်ကို ဗိုလ်ကြီးလို့ခေါ်မယ့်အစား စစ်ငြိမ်းနိုင်လို့ခေါ်ပါလား"

"ခေါ်ခွင့်ပြုမယ်ဆိုရင်ခေါ်ပေးရမှာပေါ့၊ ဪ…ကိုစစ်ငြိမ်းနိုင်"

"ပြောလေ"

"ကိုစစ်ငြိမ်းနိုင်မှာ တခြားငယ်နာမည်ရှိဘူးလား"

"အင်း…ရှိဘူးတယ်၊ မောင်လို့ခေါ်တယ်"

ထိုအမည်လေးကို ခင်မြတ်နိုးအိမ် နှလုံးသားထဲမှာ သိထားခဲ့သော အမည်ကလေးတစ်ခုပင်ဖြစ်သည်။

"မိဘတွေရှိသေးလားဟင်…စပ်စုတာတော့မဟုတ်ဘူးနော်"

"ရပါတယ်၊ တစ်ယောက်နဲ့တစ်ယောက်ရင်းနှီးခြင်းငွေ့ထဲမှာ သိသင့်သိထိုက်တဲ့အစကလေးတွေ ပါဝင်ကြတယ်လေ၊ မိဘနှစ်ပါးကတော့မရှိကြတော့ပါဘူး။ ကျွန်တော်(၁၀)တန်းနှစ်မှာပဲ ဆုံးပါးသွား

www.burmeseclassic.com



တယ်၊ ဒေဒေကတော့တိုက်ပွဲတစ်ခုမှာကျသွားတယ်၊ မေမေကတော့

ကျန်းမာရေးကြောင့်ဆုံးပါးသွားတယ်"

"ကိုစစ်ငြိမ်းနိုင်ဖခင်က တပ်မတော်သားပေါ့"

"ဟုတ်ပါတယ်၊ ဖေဖေဆုံးတော့ ဗိုလ်မှူးကြီးအဆင့်နဲ့လေ

မွေးချင်းကတော့မရှိပါဘူး၊ တစ်ယောက်တည်းမွေးခဲ့တာ၊ ဆယ်တန်း

အောင်ပြီး စစ်ထဲဝင်ခဲ့တယ်၊ ပြီးတော့ ထောက်လှမ်းရေးတပ်ကို

ရောက်ခဲ့တာပဲ၊ ဘာမှသိပ်ပြီးမှတ်သားစရာမရှိပါဘူး"

စစ်ငြိမ်းနိုင် တစ်စုံတစ်ခုကို ဖုံးကွယ်လိုက်တယ်ဆိုတာကို

သခဲဘောပေါက်မိလိုက်သည်။ ဘာကြောင့် အတိတ်တစ်ခုက အမှတ်

တရကိုမေ့ပစ်လိုက်သလဲဆိုတာတော့မပြောတတ်တော့။

"ဟိုဈိုင်လေးက လူလည်းသန့်တယ်၊ စားသောက်ရတာ

လည်းအဆင်ပြေတယ်၊ ဘယ်လိုသဘောရလဲ ခင်မြတ်နှင်းအိမ်"

"ကျွန်မလည်းဒီဆိုင်လေးကိုအရမ်းသဘောကျတယ်"

"ဒါဆိုဝင်ကြရအောင်"

ခွေးနက်ကလေးမှာ ကြိုးဆွဲပြီးခေါ်လာစရာမလိုအောင်

လိမ္မာသည်။ သူတို့ရှေ့ကဝင်၊ ခွေးလေးက နောက်ကနေလိုက်ပြီးဝင်



www.burmeseclassic.com

www.burmeseclassic.com



ာခဲ့သည်။ ဆိုင်ထဲတွင် စားပွဲဝိုင်း (၅)ဝိုင်းလောက်ပဲလူရှိပြီး တိတ်ဆိတ်အေးချမ်းနေသည်။

"သောက်တတ်ရင်မှာနော်၊ ကျွန်မကိုအားမနာနဲ့"

"သောက်တတ်တာတော့ သောက်တတ်တယ်၊ ကြိုက်တော့ မကြိုက်ဘူး၊ စားဖို့လာတာလေ၊ စားစရာပဲ မှာကြတာပေါ့"

နှစ်ယောက်သား စားချင်တာတွေကိုမှာပြီး စကားသံတွေက တော တိတ်ဆိတ်သွားသည်။ ခင်မြတ်နိုးအိမ်ရင်ထဲတွင်ပြောချင်သော စကားတွေ၊ မေးချင်သောစကားတွေက ပြည့်တင်းနေပေမယ့် အပြင်ကိုထွက်မလာနိုင်ပေ။

"ခင်မြတ်နိုးအိမ်ရှေ့ မိဘတွေရှိသေးလား"

"မရှိတော့ပါဘူး၊ ကျွန်မ (၁၀)နှစ်သမီးအရွယ်မှာ အသတ်ခံခဲ့ ရတယ်

"ဟာ..."

"ဘယ်သူဘယ်ဝါသတ်တယ်ဆိုတာတော့ ကျွန်မကိုယ်တိုင် မတွေ့ခဲ့ပါဘူး၊ တွေ့တဲ့သူတွေပြောတာတော့ သူပုန်တပ်ဖွဲ့တစ်ခုက သတ်ဖြတ်သွားကြတာ၊ သူတို့လက်ထဲမှာသေနတ်ကိုင်ထားပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အာကာရှင်ကြီးတွေလို သတ်ချင်တိုင်း သတ်ခဲ့ကြတော့ ကျွန်မတို့
ပြည်သူတွေအတွက် သူ့ပုန်တွေရဲ့လုပ်သမျှကို ရင်စည်းခံပြီး ဘဝ
ဖြတ်သန်းခဲ့ကြရတာပါ၊ စစ်ဘေးဒုက္ခသည်ဘဝနဲ့ပြေးလွှားခဲ့ရတဲ့နေ့
ရက်တွေကိုပြန်ပြီးတောင် မတွေးချင်ပါဘူး"

"ခု...မင်းအဖေဆိုတာကရော"

"ကျွန်မကို လူယုတ်မာတစ်စုရဲ့လက်ထဲကနေ ခေါ်ယူပြီးမွေး
စားခဲ့တာပါ"

"ဩော်..."

ခံစားချက်တွေရောယှက်ပါဝင်လာသော ခင်မြတ်နိုးအိမ်ကို
ပြန်ပြီးခံစားမှုတွေ မဖြစ်စေချင်တာကြောင့် စကားလမ်းကြောင်း
ပြောင်းဖို့စဉ်းစားလိုက်သည်။ ထိုအချိန်တွင်

"ဝုတ်....ဟင်....ဟာ..."

ခွေးနက်ကလေးဟောင်သံနှင့်အတူ ဆိုင်အပြင်ဘက်ကိုပြေး
ထွက်သွားသောကြောင့် စစ်ငြိမ်းနိုင်... ခင်မြတ်နိုးအိမ်ကိုထားခဲ့ပြီး
အပြင်ကိုထွက်ပြီးလိုက်လာသည်။

"နက်...နက်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်လေးကိုလှမ်းပြီးခေါ်ပေမဲ့မရ.. ကားတစ်စီးနောက်ကို ပြေးလိုက်နေသည်။ စစ်ငြိမ်းနိုင်နောက်ကနေ ပြေးလိုက်ပေမယ့်မမီနိုင်တော့သောကြောင့်ရပ်နေလိုက်သည်။

"ကိုစစ်ငြိမ်းနိုင်..ဘာဖြစ်တာလဲနက်ကျော်ရော.."

"ဘာဖြစ်သလဲဆိုတာတော့မပြောတတ်ဘူး၊ နတ်ကျော်တော့ ကားတစ်စီးနောက်ကိုပြေးပြီး လိုက်သွားတယ်"

"ဒါ...ဒါ...ထူးခြားတယ်"

"ထူးခြားတာထက် နက်ကျော်အန္တရာယ်ရှိနိုင်တယ်"

"ရှင်...ဒါဆို ဘယ်လိုလုပ်မလဲ"

"ခင်မြတ်နိုးအိမ်..သွားကြမယ်"

"ဘယ်ကိုလဲ"

"နတ်ကျော်လိုက်သွားတဲ့လမ်းကြောင်းကိုခြေရာခံပြီးလိုက်မှဖြစ်မယ်"

"အင်း...အင်း..."

ရပ်ထားသော ကားဆီသို့ ခပ်သွက်သွက်လေးပြန်သွားကြပြီး နက်ကျော်နောက်ကိုလိုက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာတော်တော်များများကို လိုက်လံရှာဖွေပေမဲ့ အရိပ်အယောင်ပင် မတွေ့ရသဖြင့် နက်ကျော်အတွက် စိုးရိမ်စရာအခြေအနေသို့ရောက်နေခဲ့ကြသည်။

"သူလိုက်သွားတဲ့သူဟာသူ့သစင်နဲ့ပတ်သက်နေမယ်ထင်တယ်"

"သေချာသလောက်ပဲ၊ရှေ့ဆက်မောင်းရင်ဘယ်ကိုရောက်နိုင်သလဲ ခင်မြတ်နိုးအိမ်"

"အင်္ဂလိပ်ခေတ်က စစ်သချိုင်းတစ်ခုကိုရောက်မယ်"

"ဒီကိုပဲ သွားကြည့်မယ်"

နောက်ဆုံးမျှော်လင့်ချက်နဲ့အတူအင်္ဂလိပ်စစ်သချိုင်းဟောင်းဆီကိုမောင်းဝင်လာခဲ့သည်။

"ဗူး...ကျို..."

"ကိုစစ်ငြိမ်းနိုင်ဘာဖြစ်လို့လဲ"

"သေနတ်သံလိုလိုခွေးဟောင်သံလိုလိုကြားနေရတယ်"

"ဟာင်...ဟုတ်တယ်...ဒီခွေးဟောင်သံက နက်ရွှေဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားကိုဆက်ပြီးမမောင်းတော့ဘဲ ရပ်ထားကာ ခြေလျင်လျှောက်လာခဲ့ကြသည်။

“ဒိုင်း...”

“ဟာ...”

သေနတ်သံကြောင့် စစ်ငြိမ်းနိုင်နှင့်စင်မြတ်နိုးအိမ်တို့ နှစ်ယောက်ဘေးရှိ တာယာဟောင်းပုံကြီးနားသို့ကပ်ပြီးနေလိုက်ကြသည်။

“ရှောက်...”

စစ်ငြိမ်းနိုင်သေနတ်ကိုအသင့်အနေအထား ပြင်ထားလိုက်ပြီးအခြေအနေကိုစောင့်ကြည့်လိုက်၏။

“ဟို...ဟိုမှာ နက်ကျော်”

နက်ကျော်နောက်သို့သေနတ်သမား(၂)ယောက် ပြေးလိုက်လာနေတာကိုတွေ့လိုက်ရသည်။ နက်ကျော်မှာစစ်ငြိမ်းနိုင်တို့ရှိသောနေရာဆီသို့အပြေးကလေးလာနေတာကြောင့်

“နက်ကျော်ဒီကိုလာ”

“ဝုတ်...”



www.burmeseclassic.com

www.burmeseclassic.com



နက်ကျော်သူတို့နားသို့အပြေးကလေးရောက်လာသည်နှင့်

"ခင်မြတ်နိုးအိမ်ရေ…ဒီနစ်ယောက်ကိုခွဲပြီးရှင်းမှဖြစ်မယ်"

"ကျွန်မတစ်ယောက်ကိုတာဝန်ယူမယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊စောင့်ကြည့်လိုက်"

နစ်ဦးသားတစ်ဖက်စီကိုခွဲထွက်လိုက်ပြီးနောက်မှလိုက်လာသောနစ်ယောက်ကိုအသင့်စောင့်နေလိုက်သည်၊နက်ကျော်မှာတစ်ဖက်ရန်သူတွေကိုမြင်သာအောင်အယောင်ပြလိုက်သဖြင့်

"ဟိုမှာခွေးစုတ်…သေဖို့သာပြင်တော့"

"ဖြောင်း…အီး…ဟင်…"

နက်ကျော်ကို မဲပြီးလိုက်လာသော နစ်ယောက်ထဲမှ တစ်ယောက်ကတော့ ဗိုလ်ကြီးစစ်ငြိမ်းနိုင် လက်ချက်ဖြင့် ခွေကျသွားချိန်တွင်နောက်တစ်ယောက်မှာ သူ့ကိုတိုက်ခိုက်ဖို့ပြင်လိုက်သည်နှင့်

"ခုတ်…အီး…အီး…"

ခင်မြတ်နိုးအိမ် အသင့်တွေ့သော တုတ်ပိုင်းနှင့်ရိုက်ချလိုက်သည်၊နစ်ယောက်လုံးမှောက်သွားတော့မှ



www.burmeseclassic.com

www.burmeseclassic.com



"ရှောက်..."

ဘေးမှတိုင်နှင့်တွဲပြီး လက်ထိတ်ခတ်ထားလိုက်ရသည်။

"ဟို...ခွေးလိုက်တဲ့(၂)ကောင် ဘယ်ရောက်သွားပြီလဲ၊ ဒီခွေးတောင် မသတ်နိုင်တဲ့ကောင်တွေ၊ဘာမှ အသုံးမကျဘူး တောက်..."

အသားနီစပ်စပ် တရုပ်မျက်နှာနှင့်လူတစ်ယောက် ဒေါသမျက်နှာနှင့်တွေ့လိုက်ရသည်။ သူ့လက်ထဲတွင်သေနတ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားပြီးနက်ကျော်ကိုသဲကြီးမဲကြီးပင်ရှာနေလေသည်။

"ဝုတ်...ဝုတ်...ဂီး..."

"ခွေးစုတ်....မင်း...မင်း...သေစမ်းကွာ"

"ဒိုင်း...ဝေါင်း...ဂီး.."

"နက်ကျော်"

ထိုလူလှမ်းပြီးပစ်လိုက်သောသေနတ်ကျည်မှာ နက်ကျော်ကို ဖွတ်သာသီကာလေးကပ်ထွက်သွားသည်။ နက်ကျော်ကသဲကြီးမဲကြီးပင်ထိုလူကိုကိုက်ခဲနေသည်။

နောက်တစ်ကြိမ် သေနတ်နှင့်ပစ်ရန် ကြိုးစားမှုန် ဘတော့



www.burmeseclassic.com

www.burmeseclassic.com



စစ်ပြိမ်းနိုင်ထိုလူလွှင့်ကျနေသောသေနတ်ကိုကောက်ယူလိုက်ပြီး

"နက်ကျော်...ဇော်ဇော်"

"မင်း...မင်း..."

"ကျုပ်ဘယ်သူလဲဆိုတာတော့ ခင်ဗျားကောင်းကောင်းသိနေမှာပေါ့အေးအေးဆေးဆေး လိုက်ခဲ့တော့"

"ဘာကွ...ငါက ဘာလို့မင်းနောက်တိုင်းလိုက်ရမှာလဲ"

"မင်းဘာကြောင့်လိုက်ရသလဲဆိုတာကို မင်းကိုယ်မင်းမသိဘူးနဲ့တူထယ်"

"ငါဘာမှမသိဘူး"

"မင်းလိုလူစိတ်မရှိတဲ့ကောင်တွေကိုခွေးကတောင်သိတယ်၊ ဒါစကားတွေသိပ်အများကြီးမပြောတတ်ဘူးလူ့ဇီကိုမ်း"

"ငါ့ကိုမင်းဖမ်းလို့ရမယ်ထင်နေလား"

"ဟားဟားဟား...မင်းတို့ကောင်တွေကဥပဒေကိုလေးစားမှုမရှိကြတာပဲ၊မင်းတို့လုပ်ချင်တိုင်းလုပ်လို့မရတော့ဘူး"

"ဒိ...ဟင်...ဖြောင်း...အား..."

စစ်ပြိမ်းနိုင်လက်ထဲကသေနတ်ကိုလူ့ဇီကိုမ်းအမှတ်တမဲ့လုယူ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပေမဲ့မရလိုက်။ စစ်ငြိမ်းနိုင်၏တုံ့ပြန်မှုအရမ်းကိုမြန်သန်တာကြောင့် နှာရိုးကိုလက်ပြန်ရိုက်ချလိုက်သဖြင့် သွေးများစီးယိုကျလာနေသည်။

"မင်း...မင်း...ငါ့ကို"

"စကားတော်တော်များတဲ့ကောင်ပဲ...ကဲကွာ"

"ခွပ်...အင့်"

ဒီတစ်ခါတော့ လူဝီကျိမ်းထံမှ စကားသံပင်ထွက်မလာနိုင်တော့ပေ။ စစ်ငြိမ်းနိုင်မှ သက်ဆိုင်ရာနယ်မြေစခန်းကို အကြောင်းကြားပြီး လဲကျနေသော လူဝီကျိမ်းကို ဆွဲထူပြီးဘေးတွင်ကပ်ထားလိုက်သည်။

"တီ...တီ...တီ..."

လူဝီကျိမ်းအိတ်ကပ်ထဲမှဖုန်းခေါ်သံကြောင့်ကောက်ယူပြီးနားထောင်လိုက်သည်။

"ဟဲလို..."

ရှင်...ရှင်...ဘယ်သူလဲ...ကျိမ်းရော"

"ကျိမ်းကအနားယူနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုခုချက်ချင်းဖုန်းပေးလိုက်"

"ဘာလို့သူ့လိုပြောလိုက်ရမလဲ"

"မင်းသိစရာမလိုဘူး"

"စိတ်တော့မကောင်းပါဘူး၊မင်းပြောတဲ့စကားတွေကိုလုံးဝကိုနား‌ထောင်လို့မရသေးဘူး"

"ဟင်..."

တစ်ဖက်မှ စစ်ငြိမ်းနိုင် စကားဆုံးသည်နှင့် ဖုန်းချက်ချင်းပိတ်လိုက်သည်။ စစ်ငြိမ်းနိုင်ကတော့ ထိုအမျိုးသမီး အသံကိုကောင်းစွာမှတ်မိနေသည်။ ပန်းရဝတီရွှေပင်ဖြစ်သည်။

နယ်မြေခံစခန်းမှ စခန်းမှူးနှင့်အထူးတပ်ဖွဲ့မှ ဆရာလှအောင်တို့ရောက်လာကြပြီးဖမ်းဆီးထားသူတွေကိုခေါ်ဆောင်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးများ ပြုစုပျိုးထောင်သော ကျောင်းကလေး တစ်ကျောင်းတွင်ကလေးသူငယ်အလွှာပေါင်းစုံကိုရင်ခွင်ပိုက်ပျိုးထောင်နေသောကြောင့်ကလေးသူငယ်ရာနှင့်ရှိပြီးတက်နေသောကျောင်းပင်ဖြစ်သည်။

ထိုကျောင်းတွင် မြန်မာဆရာ၊ ဆရာမများအပြင် နိုင်ငံခြား NGO) အဖွဲ့တွေမှ ဆရာ၊ ဆရာမတွေပါ သင်ကြားပေးနေသော ကျောင်းတစ်ကျောင်းပင်ဖြစ်သည်။ ထိုကျောင်းလေးမှာ အစိုးရပိုင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ အပြင် (NGO) လူမှုအဖွဲ့အစည်းတွေက ဖွင့်လှစ်ထားခြ
ဖြစ်သည်။

ကျောင်း၏လုံခြုံရေးကိုငြိမ်းချမ်းရေးယူထားသော အဖွဲ့တ
ကနေ တာဝန်ယူထားခြင်းဖြစ်သည်။ ယခုထိုကျောင်းလေးကိုအ
မသိသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ အနုကြမ်းဝင်စီးထားကြသ

"ဗိုလ်ကြီး…ဘယ်လိုဆက်ပြီးဆောင်ရွက်မလဲ"

"ဆရာလှအောင်…ကျောင်းဝင်ပေါက်၊ထွက်ပေါက် အားလုံ
ပိတ်ဆို့ထားပြီးပြီလား"

"ဟုတ်ကဲ့ပြီးပါပြီ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့တွေကလည်း ပူးပေ
ဆောင်ရွက်နေကြပါတယ်"

"ပူးပေါင်းဆောင်ရွက်တာကိုတော့ကြိုဆိုပါတယ်၊ တစ်ခု
သိထားရမှာက တိုက်ရိုက်ညွှန်ကြားချက်ကိုတော့ လိုက်နာရမယ်"

"အားလုံးပြောပြထားပြီးပါပြီဗိုလ်ကြီး"

"လူကြီးတွေဆီက ညွှန်ကြားချက်ကိုစောင့်နေတာ
ဘက်က ဆက်သွယ်မှုရတာနဲ့ ချက်ချင်း အကြောင်းကြားပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



စစ်ငြိမ်းနိုင် အနီးကပ် ကွပ်ကဲရေးစခန်းဆီသို့ရောက်လာခဲ့သည်။

"ဆရာမြင့်...ဘာထူးသေးလဲ"

"ထူးခြားမှုကတော့ မရှိသေးဘူးဗိုလ်ကြီး"

"ကျောင်းထဲမှာ ကလေးသူငယ်အင်အားနဲ့ဆရာ၊ ဆရာမအင်အားကို သိချင်တယ်"

"ကလေးသူငယ်တွေက (၅၀၀) နီးပါးရှိပါတယ် ဗိုလ်ကြီး၊ ဆရာ၊ ဆရာမက (၃၀) ကျော်ရှိတယ်၊ပြင်ပနိုင်ငံတွေက ဆရာ၊ ဆရာမ (၅) ဦးလည်းရှိနေတယ်"

"အထဲဘက်က ဘာမှ သတင်းမရသေးဘူးပေါ့"

"မရသေးဘူးဗိုလ်ကြီး၊ အပြင်ကနေ ခန့်မှန်းသလောက်က အကြမ်းဖက်သမားတွေ အင်အား (၂၀)လောက်နဲ့လက်နက်အပြည့်အစုံ ပါတယ်"

"ကျောင်းနဲ့ပတ်သက်တဲ့မြေပုံရပြီလား"

"သွားယူခိုင်းထားပါတယ်ဗိုလ်ကြီး"

"သူတို့စပြီးအနုကြမ်းဝင်စီးတာ ခုဆိုဘယ်နှစ်နာရီလောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလဲ”

“မနက် (၁၀း၀၀)နာရီကနေ သတင်းရတာပါ၊ နှစ်နာရီနီးပါ တော့ရှိနေပြီ”

နှစ်နာရီကြာမြင့်တဲ့အထိ အဆက်အသွယ်မလုပ်ခြင်းကြောင့် ကျောင်းထဲတွင် တစ်ခုခုကိုစီစဉ်နေပြီဆိုတာကို သဘောပေါက်လိုက် သည်။

“မိုင်းတွေ ဆင်ထားလောက်ပြီ”

“ဟာင်...ဒုက္ခပဲ၊ ကလေးတွေအတွက် အန္တရာယ်အရမ်းကိုကြီး နေပြီ ဗိုလ်ကြီး”

“ကျုပ်တို့ဘက်က ကိုင်တွယ်တာ မှားယွင်းသွားတာနဲ့ အပြစ်မဲ့ ကလေးတွေဒုက္ခရောက်နိုင်တယ်”

“ဒီကောင်တွေတစ်ခုခုတောင်းဆိုမှာတော့ဧကန်သေချာတယ်”

ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည်အနုကြမ်းသမားများဘက်က စတင် ပြီးလှုပ်ရှားချိန်ကိုစောင့်ရမည့်အခြေအနေကိုရောက်နေသည်။

“ဗိုလ်ကြီး...ဗိုလ်ကြီး...”

“ဆရာလှအောင်...ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းထဲကကလေးငယ်တစ်ယောက်ထွက်လာနေတယ်"

"ဟင်..."

ကလေးငယ်လေးမှာကြောက်ရွံ့ထိတ်လန့်မှုတွေနှင့်ငိုယိုကာ ထွက်လာနေသည်။

"ဆရာလှအောင် ကျောင်းနဲ့အနီးဆုံးပစ်မှတ်နားထိ ရောက်အောင်ချဉ်းကပ်ထားပါ"

"ဟုတ်ကဲ့"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည် ကလေးငယ်ဆီသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။

"သား...မငိုနဲ့လာလာ..."

ကလေးကိုစစ်ငြိမ်းနိုင်ပွေ့ချီပြီးခေါ်လာခဲ့သည်။ ကလေးလက်ထဲတွင် ဗီစီဒီအခွေတစ်ချပ်ပါကိုင်လာသည်။

"သား...သားကိုဒါပေးခိုင်းလိုက်တယ်...အီး...ဟီး..."

"သား...မငိုနဲ့၊ ဘာမှကြောက်စရာမရှိတော့ဘူးနော်"

ဆရာလှအောင် လက်ထဲ ကလေးငယ်ကိုထည့်ပေးခဲ့ပြီး ပေးလိုက်သော ဗီစီဒီအခွေကိုဖွင့်ကြည့်လိုက်သည်။ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို စန်းမ တစ်ခန်းထဲတွင် စုထားတာကိုရိုက်ပြပြီး ဆရာ၊ ဆရာမတွေကို ကလေးငယ်တို့၏ရှေ့ထိုင်ခုံများတွင် လက်နောက်ပြန်ကြိုးတုပ်ပြီး ထိုင်ခိုင်းထားတာကို ရိုက်ပြထားသည်။ ပြီးတော့မှ မျက်နှာဖုံးအနက် စွပ်ထားသော ခေါင်းဆောင်လုပ်သူမှ ကလေးငယ်တစ်ယောက်နှင့် ဆရာမ တစ်ယောက်ကိုခေါ်လာပြီး သူ့ရှေ့တွင် ဒူးထောက်ခိုင်းကာ..

"ခင်ဗျားတို့အနေနဲ့ ကျုပ်တို့ကို ဝင်ပြီးတိုက်ခိုက်ဖို့ကို စဉ်းစားမနေနဲ့၊ ခုမြင်နေရတဲ့ ကလေးတွေရဲ့အသက်တွေကို နမြောရင် ကျုပ်တို့တောင်းဆိုတဲ့အချက်တွေကိုသေသေချာချာစဉ်းစားပါ၊ ခင်ဗျားတို့ ဖမ်းထားတဲ့ကျုပ်တို့လူတွေကိုပြန်ပြီးလွှတ်ပေးမယ်ဆိုရင် ခုဒီမှာရှိနေတဲ့သူအားလုံးရဲ့အသက်တွေကိုအာမခံတယ်၊ ဒီလိုမှမဟုတ်ရင်တော့ တစ်ယောက်မှ ကျန်မှာမဟုတ်ဘူး၊ ဗိုလ်ကြီးစစ်ငြိမ်းနိုင် စဉ်းစားဖို့ နောက်ထပ် အချိန် မိနစ် (၃၀) ရမယ်၊ စဉ်းစားပြီးတာနဲ့ ဖုန်း××××××××ကိုဆက်သွယ်လိုက်ပါ"

တစ်ဖက်မှရိုက်ကူးထားသော ဗီစီဒီခွေမှာ ဘာမှမြင်ပြီးမပြေ နောက်တော့အဲဒီမှာပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး…ကလေးမိဘတွေနဲ့ အရပ်သားတွေရော၊ သတင်းသမားတွေပါ အများကြီးရောက်နေကြပြီ"

"ဆရာကြီးကိုကိုကြီး၊ သူတို့တွေကို အတတ်နိုင်ဆုံးထိန်းထားပါ၊ ခုချိန်မှာ ရှုပ်ထွေးလို့ မရသေးဘူး၊ သူတို့တောင်းဆိုချက်တွေကို လူကြီးတွေနဲ့ညှိရမယ်"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည် အကြမ်းဖက်အဖွဲ့မှ ပေးပို့လိုက်သော အခွေကိုယူပြီး အရေးပေါ်အခြေအနေအတွက် လူကြီးတွေနဲ့ တွေ့ဆုံရန် ထွက်ခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ လွှတ်တော်ကိုယ်စားလှယ်တွေနှင့် တိုင်းရင်းသားကိုယ်စားလှယ်လူကြီးတွေစုံညီစွာရှိနေကြသည်။ အချိန်က မိနစ် (၃၀) သာရတာကြောင့် လူကြီးအားလုံး မှ ဖမ်းဆီးထားသောသူတွေကို ပြန်လွှတ်ပေးပြီး အပေးအယူလုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

"ဒီမှာရောက်နေတဲ့ လူကြီးများအားလုံးကျွန်တော့်ကို နောက်ထပ်အချိန် မိနစ် (၃၀) လောက်အချိန်ပေးစေချင်ပါတယ်"

"ငါတို့ဘက်က အချိန်ပေးလို့မရဘူးလေ၊ သူတို့ဘက်က သတ်မှတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ နောက်ထပ်အချိန်တိုးနိုင်အောင် ကျွန်တော်ကြိုးစားကြည့်ပါမယ်"

"ကောင်းပြီ... စစ်ဆင်ရေးနဲ့ပတ်သက်ပြီး တာဝန်တွေအားလုံးဗိုလ်ကြီးကိုလွှဲပေးလိုက်မယ်၊ ကြိုးစားပါ၊ ကျုပ်တို့လူကြီးတွေရဲ့သဘောထားကိုသိပြီပဲ"

"ဟုတ်ကဲ့၊ ကျွန်တော် နောက်ဆုံးကြိုးစားကြည့်ပါမယ်၊ သွားခွင့်ပြုပါဦး"

"ဗိုလ်ကြီး စစ်ငြိမ်းနိုင်"

"ဟုတ်ကဲ့ပြောပါရဲချုပ်ကြီး"

"ကျောင်းထဲမှာ ရှိနေကြတဲ့ ကလေးတွေရော၊ ဆရာ၊ ဆရာမတွေအားလုံးတစ်ယောက်မှ အထိအနိုက်မဖြစ်စေရဘူး"

"စိတ်ချပါရဲချုပ်ကြီး"

"သွားနိုင်ပါပြီ"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်နောက်ဆုံးမိနစ်(၃၀)မှာမလွယ်နိုင်သောတာဝန်ဖြစ်သည်။ ဒါပေမဲ့ သူ့အတွက်တော့ နောက်ဆုံးကြိုးစားခြင်းမျှသာကြည့်ရှုအပြည့်နှင့်ဖြတ်ကျော်ရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးအခြေအနေဘယ်လိုလဲ"

"လူကြီးတွေကတော့ သူတို့တောင်းဆိုချက်တွေကိုလက်ခံဖို့ ညွှန်ကြားလိုက်ပြီ"

"ဟာ..."

"ဒီလိုကောင်တွေရဲ့တောင်းဆိုချက်ကိုလိုက်လျှောပေးရတာ အသည်းအနာဆုံးပဲဗိုလ်ကြီး"

"နောက်ဆုံးရွေးချယ်ခွင့်တော့ပေးလိုက်ပါတယ်"

"ဘယ်လိုလဲဗိုလ်ကြီး"

"ကျုပ်တို့အနေနဲ့ အနကြမ်းသမားတွေဆီက နောက်ထပ် အချိန် မိနစ် (၃၀) ထပ်ပြီးရမယ်ဆိုရင်တော့ကြိုးစားကြည့်တာပေါ့"

စစ်ငြိမ်းနိုင်သည် အနကြမ်းသမားတွေပေးထားသော ဖုန်း နံပါတ်အတိုင်းဆက်ပြီးခေါ်လိုက်သည်။

"ဘယ်လိုလဲ ဗိုလ်ကြီးစစ်ငြိမ်းနိုင်၊ ကျုပ်တို့တောင်းဆိုထား တာတွေကိုစဉ်းစားပြီးပြီလား"

"စဉ်းစားပြီးပါပြီ၊ လူကြီးတွေအချင်းချင်းကြားမှာ သဘော ထား ကွဲလွဲနေကြတယ်၊ ခင်ဗျားတို့တောင်းဆိုချက်ကို သတ်မှတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကတော့များပါတယ်"

"သတင်းကောင်းပါပဲ"

"တစ်ခုတော့ရှိတယ်၊ ကျုပ်တို့ကို နောက်အချိန် ထပ်ပြီးတော့ပေးစေချင်တယ်"

"ခင်ဗျား...ဘာညက်များဦးမလို့လဲ"

"ညက်များလို့မရနိုင်ပါဘူး၊ ကလေးတွေရဲ့အသက်က ခင်ဗျားတို့လက်ထဲကနေ ဘယ်လိုမှလုယူလို့မရဘူးဆိုတာကိုသဘောပေါက်ပါတယ်၊ အစတောင်းဆိုရတာက လူကြီးတွေဆီက ဆုံးဖြတ်ချက်နိုင်မာအောင်လို့စောင့်နိုင်းတာပါ၊ ခင်ဗျားတို့အတွက် အကျိုးမယုတ်ပါဘူး၊ ဖမ်းထားတဲ့သူတွေကို ချက်ချင်းလွှဲပေးနိုင်အောင် စီစဉ်ပေးမှာပါ"

"ခင်ဗျားတို့စကားကိုယုံလို့ရတာမဟုတ်ဘူး၊ ဒါပေမဲ့ ဒီတစ်ခါ ဆေးဘူးသုံးပေးလိုက်မယ်၊ နောက်ထပ်မိနစ် (၃၀) ထပ်ပြီးတိုးပေးမယ်၊ ထောလောဆယ်စားစရာနဲ့ရေပို့ပေးဖို့စီစဉ်ပေးပါ၊ ရေထဲရော စားအစာထဲမှာရော မဟုတ်တာတွေ ကြိုစည်ပြီး ထည့်မပေးလိုက်နဲ့၊ ဘယ်မှာဆို့ ထောလောတွေနဲ့ ဆရာ၊ ဆရာမတွေက အရင်ဆုံး စားကြ



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြရမှာ"

"ကျုပ် ခုချက်ချင်းစီစဉ်ပေးလိုက်မယ်"

"ကျေး...ဇူး...အထူးတင်ပါတယ်ဗိုလ်ကြီးစစ်ငြိမ်းနိုင်၊ ဟဲဟဲ..."

တစ်ဖက်မှ စပ်ယှဲယှဲလေးရယ်သံနှင့်လှောင်ပြောင်နေသည်။

"ဆရာလုအောင်ကျုပ်တို့အတွက်မိနစ်(၃၀)ကတော့ရလိုက်ပြီ၊ ယခုလောလောဆယ် ရေနဲ့စားစရာ စီစဉ်ပေးလိုက်ဦး...ပြီးမှ ကျောင်းမြေပုံကိုကြည့်ပြီးတော့ ဝင်လို့ရတဲ့လမ်းပေါက်ကိုရှာရမယ်"

နောက်ဆုံးရခဲ့သော အခွင့်အရေးပေါ်မှာ အသုံးချနိုင်ဖို့ကို ကြိုးစားကြတော့သည်။

"တီ...တီ...တီ..."

"ဟင်..."

ဗိုလ်ကြီးစစ်ငြိမ်းနိုင်ဆီသို့ ဖုန်းခေါ်တာကြောင့် နားထောင်လိုက်သည်။

"ဟလို..."

"ကိုစစ်ငြိမ်းနိုင်လား"

"ဟင်...ခင်မြတ်နိုးအိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မကျောင်းထဲမှာရောက်နေတယ်"

"ဘာ..."

"ကလေးတွေအတွက် ဖြည့်စွက်အားဆေးတွေကို NGO အဖွဲ့နဲ့ဝေပေးဖို့ရောက်လာရင်းပိတ်မိနေတာ"

"မင်းကို သူတို့မဖမ်းထားဘူးလား"

"အင်း...ကျွန်မနဲ့အတူ (၃)ယောက်လွတ်နေတယ်၊ သူတို့ လုံးလုံးမရိပ်မိဘူး"

"စင်မြတ်နိုးအိမ်...အထဲကိုဝင်ဖို့မင်းကူညီနိုင်မလား"

"ကူညီနိုင်တယ်၊ ကျောင်းရဲ့နောက်ဖက်မှာ ရေမြောင်းကြီးတစ်ခုရှိတယ်၊ အဲဒီကနေ ကျောင်းနားကိုကပ်လို့ရတယ်၊ ကျောင်းနားကိုရောက်တာနဲ့ နောက်ဘက်အပေါ်ကို ပိုက်လိုင်းကနေ တက်ခဲ့ပါ၊ အပေါ်မှာစောင့်နေတဲ့အစောင့်ကိုကျွန်မရှင်းထားလိုက်မယ်၊ ဒါပဲနော်၊ ခြေသံတွေကြားနေရတယ်"

"အင်း..."

စင်မြတ်နိုးအိမ်ဘက်မှ ဖုန်းပိတ်သွားသည်နှင့် ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည် ဆရာလှအောင်နှင့်အတူရဲဘော်(၃)ယောက်ကိုခေါ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ခင်မြတ်နိုးအိမ်ပြောတဲ့ ရေမြောင်းဘက်ဆီသို့လာခဲ့ကြသည်။

"ဗိုလ်ကြီး...ဟိုမြောင်းကြီးဖြစ်မယ်"

"ဟုတ်မယ်... ဆင်းကြရအောင်"

တစ်ဖက်မှ အနကြမ်းသမားတွေက သူတို့၏လှုပ်ရှားမှုတွေကို

မျက်ခြည်မပြတ် အပေါ်ကနေ စောင့်ကြည့်နေတာကြောင့် တစ်ချက်

လေးမှ အများမခံဘဲ မြောင်းကြီးအောက်ကနေ လာခဲ့ကြတော့သည်။

"အသေးစားဓာတ်မီးတွေကိုသုံး"

"ဟုတ်ကဲ့"

မြောင်းကြီးမှာ လူတစ်ယောက်ငုံ့ပြီး သွားလို့ရနိုင်အောင်

အောက်လုပ်ထားသလို အပေါ်မှ အမိုးပိတ်ရှိနေတာကြောင့် အပေါ်မှ

စောင့်ကြည့်နေသူတွေ ဘယ်လိုမှမမြင်နိုင်ချေ။

"ဗိုလ်ကြီး...ဆက်ပြီးသွားလို့မရတော့ဘူး"

"ဆုံးပြီနဲ့တူတယ်၊ ဆရာလှအောင်...ခေါင်းပေါ်က သံဇကာကို

ကြည့်ကြည့်"

"ရတယ်ဗိုလ်ကြီး...အရှင်လုပ်ထားတာ"

"အပေါ်ကို တစ်ယောက်အရင်တက်ပြီး လမ်းကြောင်း ရှင်း



www.burmeseclassic.com

www.burmeseclassic.com



မရှင်းကြည့်"

ရဲဘော်တစ်ဦးသံဇကာကိုမ,ပြီးအပေါ်ကိုတက်သွားသည်။

"ဗိုလ်ကြီး..အားလုံးရှင်းတယ်"

"တက်ကြမယ်"

အပေါ်ကိုရောက်သည်နှင့် သံပိုက်လုံးတွေအတိုင်းဆက်ပြီး တက်ခဲ့ကြသည်။ အားလုံးတော့မဟုတ်...စစ်ငြိမ်းနိုင်အရင်ဆုံးတက် လိုက်ခြင်းဖြစ်သည်။ သူတို့ဝင်ရမယ့်ပြတင်းပေါက်တံခါးနားသို့ရောက် တော့ ခင်မြတ်နိုးအိမ်အထဲမှ လူကိုရှင်းနိုင်ပါ့မလားဆိုပြီးတွေးမိလိုက် သည်။

"ကိုစစ်ငြိမ်းနိုင်တက်ခဲ့တော့"

"ခင်မြတ်နိုးအိမ်"

ပြတင်းပေါက်မှတက်ပြီး အထဲကိုဝင်လိုက်တော့ ကြမ်းပြင် တွင်(၂)ယောက်မှောက်နေသည်။ နောက်လူတွေကိုဆက်ပြီးတက် အချက်ပေးလိုက်ပြီး အခန်းတံခါးနားသို့ကပ်သွားပြီး အပြင်အဆ အနေကိုအကဲခတ်ကြည့်တော့ ဝင်ပြီးတိုက်ခိုက်ဖို့လုံးလုံးမလွယ်ကူ

"ကလေးတွေဘေးမှာမိုင်းတွေထောင်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ယုတ်မာတဲ့ကောင်တွေ"

အထူးတပ်ဖွဲ့ဝင် (၅)ဦးလုံးရောက်ပြီဖြစ်တာကြောင့်

"ဆရာလှအောင်နဲ့ ခင်မြတ်နိုးအိမ်တို့က ဒီမှာနေခဲ့ကြလေ"

"ဗိုလ်ကြီးကရော..."

"ကျုပ်နဲ့ရဲဘော်ကျော်ဝင်းက ဒီကောင်တွေ ဝတ်ထားတဲ့ အတိုင်းဝတ်ဆင်ပြီး ဒီကောင်တွေကိုအနီးကပ်ရှင်းမယ်"

"ကောင်းပြီ ဗိုလ်ကြီး"

စစ်ငြိမ်းနိုင်တို့ လုပ်ဆောင်ရမယ့်ကိစ္စတွေကိုသာ အမြန်ဆုံး လုပ်ဆောင်လိုက်ပြီးချိန်တွင် အနုကြမ်းသမား(၂)ဦး ရောက်လာသဖြင့် အခန်းထဲတွင် အားလုံးပုန်းနေပြီး စစ်ငြိမ်းနိုင်နှင့် ကျော်ဝင်းတို့ သာရပ်နေသည်။

"မင်းတို့ဘာကိစ္စလဲ"

"လူချင်းချိန်းမလို့၊ မင်းတို့သွားစားပြီးရင် ပြန်ချိန်းမယ်"

"အေး..."

လူချင်းလာပြီးချိန်းတဲ့နှစ်ယောက်ကို ဆရာလှအောင်တို့ အနီးကပ်ရှင်းလိုက်ပြီး အခန်းထဲတွင် ကြိုးများဖြင့်တုပ်နှောင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးစစ်ငြိမ်းနိုင်တို့ကတော့ ခြေလှမ်းမှန်မှန်နှင့်အောက်ထပ်ကို ဆင်းသွားသည်။ သူတို့အတွက် စားစရာတွေကို ယူပြီး မိုင်တွေကိုလေ့လာနေသည်။ အကြမ်းဖက်အဖွဲ့ခေါင်းဆောင်လုပ်သူက သူတို့နားကိုရှောက်လာပြီး

"မင်းတို့က A အဖွဲ့လား၊ B အဖွဲ့ကလား"

"ဟင်...ဟာ.. A အဖွဲ့ကပါ"

စစ်ငြိမ်းနိုင် အမှတ်မထင် သူအဝတ်အစားလဲယူလာသော သူ့ဆီမှ A ဆွဲပြားလေးကိုတွေ့လိုက်ရခြင်းကြောင့် ပြောလိုက်ရခြင်း ဖြစ်သည်။

"ဆွဲပြားရော"

"ရှိ.."

"တီ...တီ...တီ.."

သူတို့ကိုမေးနေစဉ် တစ်ဖက်မှ ဖုန်းခေါ်တာကြောင့် ခေါင်းဆောင်လုပ်သူ ဆက်ပြီးမမေးတော့ဘဲ ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်သည်။

"ဟလို.."



www.burmeseclassic.com

www.burmeseclassic.com



"ဘသောင်း..."

"မ...မ..လေး..."

"နင် သူတို့ကို အချိန်နာရီဝက် ထပ်ပြီးပေးလိုက်တယ်ဆို"

"ဟုတ်ပါတယ် မမလေး"

"နင် ဘာမှအသိဉာဏ်မရှိတဲ့ကောင်ပဲ၊ စစ်ပြိမ်းနိုင်ဆိုတဲ့သူက အရမ်းကိုဉာဏ်များတာ၊ ရချက်ချင်းဆက်သွယ်ပြီး ရှူလဲနိုင်းတော့"

"ဟုတ်...ဟုတ်ကဲ့"

ဖုန်းစပီကာကို ဖွင့်ထားတာကြောင့် တစ်ဖက်မှပြောဆိုနေတာတွေကို ကြားနေရသည်။ အပြင်မှာ ကျန်ခဲ့သောသူတွေကို အချိန်ဆွဲနိုင်အောင် ပြောထားတာကြောင့် စစ်ပြိမ်းနိုင်ကိုယ်စား သူတို့လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်သည်။ စစ်ပြိမ်းနိုင်သည် မိုင်းအဝေးထိန်းခလုတ်ကို ကိုင်ထားသော လူနားသို့ ကပ်သွားပြီး လှုပ်ရှားနိုင်ဖို့ ပြင်ဆင်လိုက်သည်။

"ဆရာ...ဆရာ...အပေါ်ထပ်မှာ ရန်သူတွေ"

"ဘာ...မိအောင်ဖမ်းစမ်း"

ဆရာလှအောင်နှင့် ခင်မြတ်နိုးအိမ်တို့ကို တွေ့သွားပြီး မေးဆီး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖို့လှုပ်ရှားချိန်တွင်

"ဖြောင်း...အီး..."

"ဟာ..မင်း...မင်းတို့"

"ခင်ဗျားအသက်ကို နမြောရင် မင်းကောင်တွေကို မလှုပ်ရှား

နိုင်းနဲ့"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည် ခေါင်းဆောင်လုပ်သူ၏နားထင်ကို

သေနတ်နှင့်တေ့ပြီး ပြောလိုက်ခြင်းဖြစ်သည်။ အဝေးထိန်းခလုတ်

လည်း မိမိလက်ထဲကိုရောက်နေပြီဖြစ်တာကြောင့် စိုးရိမ်စရာတော့

မရှိတော့ပေ။

"ချောက်...ချောက်...ချောက်..."

"ဟေ့ကောင်တွေ...မပစ်နဲ့၊ ငါ့စကားကို နားထောင်ကြ"

အပေါ်တွင်နေရာယူထားကြသော အကြမ်းဖက်သမားတွေ

ဆရာလှအောင်တို့က ရှင်းလင်းပြီးသားဖြစ်တာကြောင့် ကျန်နေသော

အကြမ်းဖက်သမား (၅)ယောက်လောက်မှာ ဘာမှ မတ

နိုင်ကြတော့ဘဲ လက်နက်ချ အဖမ်းခံလိုက်ကြတော့သည်။

ဗိုလ်ကြီးစစ်ငြိမ်းနိုင်တို့၏ စစ်ဆင်ရေးမှာ မိနစ် (၁၀) တိတိ



www.burmeseclassic.com

www.burmeseclassic.com



ကြာလိုက်ပြီးအဆုံးသတ်သွားတော့သည်။

"ခင်မြတ်နိုးအိမ်ကို ဒီတစ်ခါအရမ်းကိုကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ"

"ရပါတယ်ဗိုလ်ကြီးရယ်...တိုက်ဆိုင်သွားတာပါ"

"ခင်မြတ်နိုးအိမ်က ဒီတစ်ခါကလေးတွေရဲ့အသက်ပေါင်းများစွာနဲ့ ဆရာ၊ ဆရာမတွေအသက်တွေကိုပါကယ်တင်လိုက်နိုင်တာပါ"

အပြင်တွင် ကလေးမိဘတွေ၊ သတင်းမီဒီယာသမားတွေက စောင့်နေကြပြီး ဓာတ်ပုံတဖျပ်ဖျပ် ရိုက်နေကြသည်။

"ဟူး..."

စစ်ငြိမ်းနိုင်တစ်ယောက်ကျောင်းလှေကားရင်းတွင် သက်ပြင်းရှည်ကြီးကိုချပြီး ထိုင်ချလိုက်တော့သည်။ သူ့ဘေးတွင် ခင်မြတ်နိုးအိမ်လည်းထိုင်ရင်း

"သက်ပြင်းတွေ ချနေတုန်းပဲလား ကိုစစ်ငြိမ်းနိုင်"

"ပွဲကမပြီးသေးဘူးလေ"

"ဟင်...ဘယ်သူတွေကျန်နေသေးလို့လဲ"

"ခုလို ယုတ်မာပက်စက်တဲ့အကြံအစည်ကြီးကို ကြံစည်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခံဆောင်ကို မဖမ်းမိသရွေ့ ခုလိုကိစ္စမျိုးတွေက ဆက်ပြီးဖြစ်နေဦးမှာ"

"ခုဖမ်းမိတဲ့ကောင်တွေက ကြေးစားတွေဆို"

"ဟုတ်တယ်၊ နယ်စပ်ကနေ ခေါ်လာတဲ့ကောင်တွေ၊ တစ်ဖွဲ့တည်းမဟုတ်ဘူး၊ အဖွဲ့(၂)ဖွဲ့ကို ငှားခဲ့တာ၊ နောက်ထပ်လည်း ခုလိုကြေးစားတွေကို အသုံးပြုပြီးခိုင်းနေဦးမှာပဲ"

"ခေါင်းဆောင်ဘယ်သူဘယ်ဝါဆိုတာရော မသိသေးဘူးလား"

"သိသင့်သလောက်တော့ သိနေပါပြီ၊ သက်သေခိုင်ခိုင်လုံလုံတော့ မရသေးဘူး"

"ဗိုလ်ကြီး"

"ခြော်...ဆရာလှအောင်"

"ဗိုလ်ကြီး...ဟိုကောင့်ဆီက ဖုန်းကို သိမ်းဆည်းထားတာ စခန်းကိုအပ်မှာလား၊ တပ်ဖွဲ့ကိုယူသွားမှာလားဗိုလ်ကြီး"

"တပ်ဖွဲ့ကို ယူသွားပါ၊ ဒီထဲက ရှာဖွေလို့ရတာတွေကို ...ပြ တာပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မြတ်နိုးအိမ်"

"ပြောပါ..ဗိုလ်ကြီး"

"ကျွန်တော့်ကိုခွင့်လွှတ်ပါ"

"ရှင်..."

စစ်ငြိမ်းနိုင်စကားကိုခင်မြတ်နိုးအိမ် သိပ်နားမလည်သလိုဖြစ်သွားသည်။

"ကျွန်မ ဘာကို ခွင့်လွှတ်ပေးရမှာလဲ"

"ဘာမှမဟုတ်ပါဘူး..ဗျာ၊ သွားကြရအောင်နော်"

နှစ်ဦးသား စကားသံတိတ်ဆိတ်စွာနဲ့ကျောင်းအပြင်ဘက်ကိုထွက်လာခဲ့ကြတော့သည်။ ကားပေါ်သို့တင်ပေးပြီးမှ

"ခင်မြတ်နိုးအိမ်"

"ကျွန်မ နားထောင်နေပါတယ်"

"ကျွန်တော်တို့(၂)ယောက် စကားအေးအေးဆေးဆေးပြောမယ့်နေ့လေးကိုစောင့်နေပါတယ်"

"ကျွန်မလည်းစောင့်နေမှာပါ"

"ဆရာချစ်ဖေ..."



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ ဗိုလ်ကြီး"

"ခင်မြတ်နှိုးအိမ်ရဲ့လုံခြုံရေးကိုအထူးဂရုစိုက်ပေးပါ၊ တစ်ဖက်ကအဲလွှတ်ပေးမှာမဟုတ်ဘူး"

"စိတ်ချပါ ဗိုလ်ကြီး..."

ကားလေးမောင်းထွက်သွားတာကိုရပ်ပြီးကြည့်နေရင်းနှင့်

"ကိုယ့်ဘက်က တကယ့်ကိုအားနာခဲ့ရပါတယ် ခင်မြတ်နှိုးအိမ်"

www.burmeseclassic.com

www.burmeseclassic.com

"ဖုန်းမှတ်တမ်းထဲက ရှာဖွေတွေ့ခဲ့တဲ့ အချက်အလက်တွေအရဆိုရင် ပန်းရတီဆူးနဲ့ တိုက်ရိုက်ပတ်သက်နေတာတော့ သေချာတယ်ဗိုလ်ကြီး"

"ပတ်သက်တာတစ်ခုတည်းနဲ့တော့ သူ့ကိုဖမ်းလို့မရဘူး၊ ဖမ်းမိ တဲ့သူတွေဆီက ထွက်ချက်တွေကလည်း ခိုင်လုံတဲ့သက်သေခံချက်တွေမဟုတ်ဘူးဖြစ်နေတယ်"

"ဒီကောင်တွေတမင်ထိန်ချန်ထားတာရောမဖြစ်နိုင်ဘူးလား ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွက်ဆိုချက်တွေကသူတို့သိသမျှအကုန်ဆိုတာသေချာတယ်၊ ဘာကြောင့်လဲဆိုတော့ ပန်းရဇာီဆူးဟာ ကမ္ဘာကိုပတ်ပြီး ဂိုဏ်းဖွဲ့ထားတဲ့သူဆိုတော့တစ်ယောက်ယောက်ဆီက သိနိုင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အရမ်းကို ပါးနပ်ပြီး အကွက်စေ့တယ်.. ဟင်း..."

စစ်ငြိမ်းနိုင် သက်ပြင်းချရင်းပန်းရဇာီဆူးကိုဖမ်းဆီးနိုင်သော နည်းလမ်းတွေကိုစဉ်းစားနေမိသည်။

"သူ့ဘက်ကနေ နောက်ထပ်မကောင်းကြံမှုတွေကိုမလုပ်ခင် လက်ဦးမှုယူဖို့တော့လိုမယ်ထင်တယ်"

"ဒီအတွက်ပဲစဉ်းစားနေတာ၊ ဪ..ဆရာလှအောင်၊ နယ်မြေလုံခြုံရေးတွေကိုဂရုစိုက်ပြီးလုပ်ထားပါ"

"နယ်မြေမှာရှိတဲ့အဖွဲ့အားလုံးလုံခြုံရေးလုပ်ဆောင်မှုတွေကို အချိန်ပြည့်လုပ်ဆောင်နေကြပါတယ်။ ဒီတစ်ခါတော့ သူတို့ဘက်က အတော်ကို အထိနာသွားတာဆိုတော့ နောက်တစ်ကြိမ်ဆို ဒီထက် ဆိုးဝါးတဲ့လုပ်ရပ်တွေကိုလုပ်လာနိုင်တယ်၊ ပြီးတော့ပန်းရဇာီဆူးဟာ အကြမ်းဖက်ဂိုဏ်းတွေနဲ့ဆက်နွယ်မှုရှိနေတယ်ဆိုတဲ့သတင်းရထား



www.burmeseclassic.com

www.burmeseclassic.com



တယ်စိုလ်ကြီး"

"ဟုတ်တယ် ဆရာလှအောင်၊ သူတို့ရဲ့လုပ်ဆောင်မှုတွေဟာ အကြမ်းဖက်ဂိုဏ်းတွေရဲ့လုပ်ရိုးလုပ်စဉ်အတိုင်း အကြမ်းဖက်မှုတွေကိုပြုလုပ်လာနိုင်တယ်၊ ဒါနဲ့ မိုင်းတွေနဲ့ပတ်သက်ပြီး ဘာတွေထပ်ပြီး သိထားသေးလဲ"

"ဗုံးအမျိုးအစားတွေက အင်အားကြီးနိုင်ငံက ပြုလုပ်တဲ့အမျိုးအစားဆိုပေမဲ့ ခေတ်နောက်ကျနေပါပြီ"

"ဘယ်လိုအမျိုးအစားပဲဖြစ်ဖြစ် လူတွေကိုအကြောင်းမဲ့တိုက်ခိုက်တာတွေတော့ အဖြစ်မခံနိုင်ဘူး၊ အရေးကြီးတာက ပြဿနာရဲ့ဗီဇ ရှူးကိုအမြန်ဆုံးဖမ်းဆီးနိုင်ရေးကိုတော့ ကြိုးစားရမယ်"

"ဗိုလ်...ဗိုလ်ကြီး"

"မောင်သောင်း...ဘာဖြစ်လာတာလဲ"

ရုံးခန်းထဲကိုအပြေးကလေးဝင်လာသော တပ်ဖွဲ့ဝင်ရဲဘော်မောင်သောင်းကိုမြင်လိုက်သည်။ နယ်မြေထဲတွင် တစ်ခုခုဖြစ်ပြီဆိုတာကိုသိနိုင်သည်။

"မြို့အဝင်ဆိုင်မှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားတယ်ဆိုပဲ သဘင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတယ်၊ အခေါ်စိတ်တော့ မသိရသေးဘူး"

"ဟင်..."

စစ်ငြိမ်းနိုင် စိတ်ထဲမှာ စိုးရိမ်နေသည့်အတိုင်း ခင်မြတ်နိုးအိမ်တွင် အန္တရာယ်နှင့် ကြုံလာရပြီဖြစ်သည်။

"ဆရာလုအောင် သွားကြရအောင်"

"ဟုတ်ကဲ့"

ရှုံးခန်းထဲမှ အမြန်ဆုံးထွက်လာခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားသော ခင်မြတ်နိုးအိမ်တို့ ဆိုင်ဘက်သို့ထွက်လာခဲ့ကြသည်။

"သူတို့ဘက်ကတော့ ဇာတ်လမ်းစပြီ ဆရာလုအောင်"

"ခင်မြတ်နိုးအိမ်အတွက်တော့ အန္တရာယ်က အရမ်းကို ကြီးမားနေပြီ"

"ဗိုလ်ကြီး သူနဲ့ဆက်သွယ်ကြည့်ပါလား"

စစ်ငြိမ်းနိုင်... ခင်မြတ်နိုးအိမ်ဖုန်းကို ဆက်သွယ်ကြည့်ပေမဲ့ ဖုန်းပိတ်ထားသည်။

"သူတို့ခင်မြတ်နိုးအိမ်ကို ဒုက္ခပေးနေပြီ"

"သတ်များသတ်ပစ်လိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အထင်တော့ သတ်တော့မသတ်လောက်ဘူး"

"ဗိုလ်ကြီးက ဘယ်လိုထင်ထားလို့လဲ"

"သူတို့ရဲ့အဓိကပစ်မှတ်က ကျွန်တော်ဆိုတော့ ခင်မြတ်နိုးအိမ်ကိုအသုံးချပြီး ကျွန်တော့်ကိုရှင်းဖို့လုပ်ကြမှာသေချာတယ်"

ဗိုလ်ကြီးစစ်ငြိမ်းနိုင်တို့ကားလေးဖုံးပေါက်ကွဲမှုဖြစ်သွားသော နေရာဆီသို့ရောက်တော့ ဆိုင်တစ်ခုလုံးမြင်မကောင်းအောင် ပျက်စီးနေတာကိုတွေ့လိုက်ရသည်။

"လေးစားပါတယ်ဗိုလ်ကြီး"

"စခန်းမှူးကြီး သေဆုံးမှုတွေရှိလား"

"သေဆုံးမှုတော့မရှိဘူး။ စားသောက်နေတဲ့လူတွေထဲက (၃) ယောက်လောက်တော့ဒဏ်ရာရကြတယ်"

"ခင်မြတ်နိုးအိမ်နဲ့ သူ့အဖေရော"

"နှစ်ယောက်လုံးသတင်း ဘာမှမကြားရဘူးဗိုလ်ကြီး"

"ဟင်..."

ဗိုလ်ကြီးစစ်ငြိမ်းနိုင်၏စိုးရိမ်မှုတွေ ပိုပြီးဖြစ်သွားသည်။ ပေါက်ကွဲမှုကြောင့် ကျိုးပဲ့နေသော ဆိုင်ထဲသို့ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်၏ရှေ့ခန်းမှာ မြင်မကောင်းအောင်ပင် ပျက်စီးနေသလို နောက်ဘက်အခန်းတံခါးတွေလည်းပျက်နေလေပြီ။ဗိုလ်ကြီးစစ်ငြိမ်းနိုင်သည် ခင်မြတ်နိုးအိမ် အိပ်ခန်းဟုထင်ရသောအခန်းထဲသို့ ဝင်လိုက်မိသည်။

စာရေးစားပွဲပေါ်တွင် ရေးလက်စ စာအုပ်တစ်အုပ်နှင့် စားပွဲအောက်တွင်ကျနေသော ဒိုင်ယာရီစာအုပ်နက်လေးကိုတွေ့လိုက်ရသဖြင့်ကောက်ယူလိုက်သည်။

ရေးလက်စစာအုပ်ရှေ့ဘက်စာရွက်မှာ ဆွဲဖြုတ်ထားသည်။

နောက်စာရွက်ပေါ်မှာကတော့

*မောင်နှဲ့ပတ်သက်ရင်အမြဲတမ်းကျေနပ်စွာပဲ၊*

*ခံယူလိုက်မှာပါ...*

*အိမ်*

"ဟင်"

စစ်ငြိမ်းနိုင်မှာ စာပိုဒ်လေးကိုဖတ်ပြီး ရင်ထဲမှာ မကြေမ
ကြေကွဲစရာ ဝေဒနာလေးတွေ ဝင်ရောက်လာခဲ့သည်။ဒိုင်ယာ
စာအုပ်လေးကိုယူပြီး အပြင်သို့အထွက်



www.burmeseclassic.com

www.burmeseclassic.com



"တီ…တီ…တီ"

ဖုန်းခေါ်သံကြောင့် စစ်ငြိမ်းနိုင် နားထောင်လိုက်သည်။

"ဟလို"

"ဗိုလ်ကြီးစစ်ငြိမ်းနိုင်လားမသိဘူး"

"မင်းဘာပြောချင်လို့လဲ ပန်းရတီရေး"

"အလဲ့…ကျွန်မဆိုတာ ရှင်က တိုက်ရိုက်ကိုပြောနေပါလား"

"မင်းဘာမှ ဝေ့လည်ကြောင်ပတ်တွေ ပြောမနေနဲ့၊ ပြောချင်တာကိုတည့်တည့်ပြော"

"အပိုစကားတွေ နားမထောင်ချင်ဘူးပေါ့၊ အင်းပေါ့လေ၊ ခင်မြတ်နိုးအိမ်လို ကျွန်မ စကားသံတွေက ရင်ခုန်စရာမှမကောင်းခဲ့တာပဲ၊ ဒါတွေ ဖောထားလိုက်ပါ၊ တစ်ခုတော့ ရှင့်ကိုပြောလိုက်ချင်တယ်၊ ရှင်နဲ့ကျွန်မကြားမှာ သိပ်ပြီးစိမ်းတဲ့ သံယောဇဉ်တွေ မဟုတ်ပါဘူးမောင်ရယ်"

"ဟင်…"

မောင်ဆိုတဲ့ အမည်လေးကို သိထားသူတွေဟာ စစ်ငြိမ်းနိုင်ဘဝ၏ အတိတ်ပုံရိပ်ကာလတစ်ခုဆီမှာ ရင်းနှီးကျွမ်းဝင်သူ ဘွဲ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။ ထိုအတိတ်တွင် ခင်မြတ်နိုးအိမ်လည်း ပါဝင်နေသည်။

"ဒီလောက်ဆိုရှင် ကျွန်မကို မှတ်မိနေမလား"

"မင်းနဲ့ပတ်သက်ပြီး ငါ့ရာဇဝင်မှာ ဘာစာတန်းမှ မရှိဘူး"

"ဒီလိုကြီးတော့ မပြောသင့်ဘူးလေ၊ ထားလိုက်ပါတော့၊ ခုချိန်မှာ သံယောဇဉ်စကားတွေကို ပြောနေလို့ ဘာမှမထူးပါဘူး၊ ရှင်နဲ့နောက်ဆုံးရှင်းတမ်းကို ရောက်နေပြီပဲ"

"မင်း...ခင်မြတ်နိုးအိမ်ကို ဖမ်းထားတာလား"

"ဖမ်းထားတာ မဟုတ်ပါဘူး၊ မလိမ္မာတဲ့သူကို ဆုံးမပေးမလို့ ခေါ်ထားတာပါ"

"မင်း..မင်း...သူ့ကို ဘာမှ မထိနဲ့နော်၊ ရှင်းချင်ရင် ငါနဲ့ရှင်းမယ်"

"သဘောပေါက်ပြီးသားပါ၊ ကျွန်မကလည်း ရှင့်ကိုပဲ စာရင်းရှင်းချင်တာ"

"မင်းဘာလုပ်ချင်လဲပြော"

"ရှင့်ဘက်က တစ်ခုပဲရွေးချယ်ရမှာ၊ ပထမတစ်ခုက ရှင်ဖမ်းထားတဲ့ သူတွေကို ပြန်ပြီးလွှတ်ပေးလိုက်၊ ဒါကို ကျွမ်းဆောင်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အသက်နဲ့လဲယူရမယ်"

"မင်းပြောတဲ့ ပထမတောင်းဆိုချက်က ငါချက်ချင်းကြီး လုပ်ကိုင်လို့မရဘူး"

"ဒါဆို ဒုတိယအချက်ကရော"

"ငါ့ကိုသတ်ပြီး ခင်မြတ်နိုးအိမ်ကို လွှတ်ပေးမယ်ဆိုရင်ဖြင်းစရာမရှိဘူး"

"သိပ်ပြီးကြားလို့ကောင်းတဲ့စကားလုံးတွေပဲ၊ ရှင့်ကိုစဉ်းစားဖို့ နှစ်ဆယ့်လေးနာရီတိတိအချိန်ပေးလိုက်မယ်၊ ဒါဟာ ရှင့် အတွက်ကျွန်မရဲ့နောက်ဆုံးလက်ဆောင်ပေးလိုက်ခြင်းပါ၊ ခြေရာကောက်ပြီး ရှာဖို့တော့ စိတ်ကူးမယဉ်နဲ့ ဗိုလ်ကြီးစစ်ငြိမ်းနိုင်၊ ဒီတစ်ခါက ရှင့်အတွက် သူ့ရဲကောင်းဘွဲ့ကိုပေးနိုင်မှာမဟုတ်ဘူး"

"နှစ်ဆယ့်လေးနာရီပြည့်တာနဲ့ မင်းက ဆက်သွယ်မှာလား၊ ငါက ဆက်သွယ်ရမှာလား"

"ရှင့်ဘက်က ဆုံးဖြတ်ရမှာဆိုတော့ ရှင်ပဲဆက်သွယ်လိုက်ပါ။ အဲ...ဒါတော့ မဖြစ်ဘူး၊ ရှင်က အရမ်းကိုဉာဏ်ကောင်းတဲ့လူဆိုတော့ ကျွန်မပဲ ဆက်သွယ်လိုက်မယ်၊ စောင့်နေပါ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဖုန်းပိတ်သွားတာကြောင့် စစ်ငြိမ်းနိုင် အကြောင်းအရာပေါင်းမျိုးစုံကို ခေါင်းထဲတွင် စဉ်းစားနေမိသည်။ ထိုအထဲတွင် ပန်းရတီဆူး၏ စကားသံ တွေသည် သူနှင့်ရင်းနှီးကျွမ်းဝင်ဘူးသလိုရှိနေသောအကြောင်းက စဉ်းစားစရာပင်ဖြစ်နေသည်။

စစ်ငြိမ်းနိုင် နှလုံးသားထက်တွင် ချစ်သူဖြစ်ခဲ့ဘူးသော ပြေလှိုင်၏ပုံရိပ်နှင့်အသွင်တူသလိုတော့ရှိနေသည်။

ပြေလှိုင်ကတော့ ချစ်ခြင်းတရားတွေကို ဥပေက္ခာပြုပြီး အတွေ့ကြီးမားစွာနှင့် သူနှင့်အတူ တိုင်းပြည်ကိုကျောခိုင်းထွက်ခွာသွားသူပင်ဖြစ်သည်။

လမ်းခွဲခြင်း၏ပုံရိပ်ဟောင်းတစ်ခုကို ပြန်လည်အမှတ်ရနေမိသည်။ ထိုစဉ်က စစ်ငြိမ်းနိုင်သည် ဗိုလ်သင်တန်းဆင်းပြီး ခြေလျင်တပ်တွင် တာဝန်ထမ်းဆောင်နေစဉ် ဆုံစည်းခဲ့သော ချစ်သူကတော့ ပြေလှိုင်ပင်ဖြစ်သည်။ ခရီးသွားရင်း ကားစက်ချို့ယွင်းတာရယ်၊ ထိုစဉ်က နယ်မြေတွင် လက်နက်ကိုင်အဖွဲ့တွေက သောင်းကျန်းနေတာကြောင့် ပြေလှိုင်နှင့် သူ့အဒေါ် ဒေါ်မာလာထွန်းတို့ကို စစ်ငြိမ်းနိုင် တပ်တွင် ခတ္တနားခိုခွင့်ပေးရင်းနှင့် ဖြစ်တည်ခဲ့သော ဒွန်ဗယာဇဉ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



င်ဖြစ်သည်။

ဒီနောက်ပိုင်း တစ်ဦးနှင့်တစ်ဦး ဖုန်းဖြင့်စကားပြောခဲ့ကြရင်း လူချင်းမကြာခဏတွေ့ခဲ့ကြရင်းမှ ချစ်သူဘဝလေးကိုရောက်ခဲ့ကြ ခြင်းပင်ဖြစ်သည်။ ထိုချစ်သူဘဝလေးသည် ကာလကြာရှည်စွာ မခံ လိုက်ရပါ။ ပြေလှိုင်၏ ဖခင်မှာ မူးယစ်ဆေးဝါး ရောင်းဝယ်မှုကြီးကို လုပ်ကိုင်နေသော ဓါင်းဖောင်တစ်ဦးအဖြစ် သိလိုက်ရပြီးနောက် ပိုင်းတွင် ပြေလှိုင်နှင့် စစ်ငြိမ်းနိုင်တို့ဆက်ဆံရေးတွေ ပျက်သုဉ်းလာခဲ့ သည်။ နောက်ဆုံးလမ်းခွဲခဲ့သည့်ကာလလေးကတော့

"မောင်..."

"လှိုင်...ကိုယ့်ကိုတွေ့ချင်တာ ဘာကိစ္စလဲပြောပါ"

"ဒယ်ဒီကပြောလိုက်တယ်၊ မောင်နဲ့လှိုင်တို့ မင်္ဂလာကိစ္စကို သဘောတူသလို သူကိုယ်တိုင်လက်ထပ်ပေးချင်တယ်တဲ့၊ ဒါပေမဲ့"

ပြေလှိုင် နှုတ်ဖျားဆီကစကားသံကဆက်ပြီးတော့ထွက်မလာ သဖြင့်

"ဒါပေမဲ့ဆိုတာဘာလဲ၊ ဆက်ပြီးပြောလေ"

"မောင်တာဝန်ယူနေရတဲ့လမ်းကြောင်းကနေ ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



စီးဖြတ်ကျော်တာကိုခွင့်ပြုပေးဖို့ပါ"

"ဟင်… မဖြစ်နိုင်ဘူးလှိုင်၊ ခုချိန်မှာ လုံခြုံရေးဆိုင်ရာတွေက သိပ်ကိုအရေးကြီးနေတယ်၊ အထူးသဖြင့် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ပြီး လုပ်ဆောင်နေရချိန်မှာ မောင်တို့အနေနဲ့ မသိကျိုးကျွံပြုပြီးခွင့်ပြုလို့မရဘူး"

"မောင်နဲ့လှိုင်တို့ရဲ့ဘဝထက် အရေးကြီးတာ ဘာရှိသေးလို့လဲ"

"ကိုယ့်ဘဝတစ်ခုအတွက်ကြည့်ပြီး တိုင်းပြည်ရဲ့ပျက်စီးဆုံးရှုံးမှုတွေကိုကျေနပ်နေနိုင်စရာမရှိဘူးလှိုင်"

"မောင့်စကားလုံးတွေက အရမ်းကိုကြီးနေတယ်၊ ဒီလိုပဲလုပ်ကိုင်နေသူတွေ အများကြီးရှိနေတာပဲ"

"ဘယ်သူတရားပျက်ပျက်ကိုယ်မပျက်ဘူးလှိုင်"

"မောင်ရယ်…စဉ်းစားပါဦး၊ လှိုင်တို့နှစ်ယောက်ရဲ့အနာဂတ်က အရမ်းကိုသာယာလှပမှာပါ"

"စိတ်မကောင်းပါဘူးလှိုင်၊ ကိုယ့်ဘက်က မလိုက်လျောနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုကိစ္စကြောင့်လှိုင်နဲ့မောင်တို့ဘဝအရုံးသတ်သွားနိုင်တယ်နော်"

"ကိုယ့်ကို ဒီစကားလုံးတွေနဲ့ အကျပ်မကိုင်ပါနဲ့လှိုင်၊ ကိုယ့်အခြေအနေနဲ့ လှိုင့်ကိုကောင်းကောင်းမွန်မွန်ထားနိုင်ပါတယ်"

"ဘာမှမဟုတ်တဲ့လစာလေးနဲ့ လှိုင့်ဘဝသာယာနိုင်မလား"

"ကိုယ်ဘယ်လိုလူဆိုတာကို လှိုင်က ခုမှ သိတာမဟုတ်ဘဲ၊ အစကတည်းက သိခဲ့တာပဲ၊ ဒီ့အတွက်ပြောင်းလဲဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"မောင်"

ပြေလှိုင်အသံကလေးမှာ မာကျောသယောင်ဖြစ်လာပြီး မျက်လုံးအိမ်တွေအရောင်တောက်လာသည်။ စစ်ငြိမ်းနိုင် နှုတ်ဖျားမှစကား ဆိုဘဲကြည့်နေလိုက်သည်။

"ကျွန်မတို့နှစ်ယောက်အတွက် စကားတွေ ကုန်သွားပြီပေါ့နော်"

"ကိုယ့်ဘက်ကဘာမှမပြောလိုတော့ပါဘူး"

"ကောင်းပြီ။ တစ်နေ့နေ့ ရှင်နောင်တရလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျောခေပးပြီးထွက်သွားသောဗြိုလ်မှိုင်နောက်တွင်စစ်ငြိမ်းနိုင်

ကြေကွဲခြင်းဆိုတာကို မခံစားလိုက်ရပေ။ ချစ်ခြင်းတရား၏ အ

သတ်မှာမလှပသောပန်းချီကားတစ်ချပ်ဖြစ်ပေမဲ့သူမ၏လမ်းခွဲခြ

ပေါ်မှာတော့တုန်လှုပ်မှုမဖြစ်ခဲ့သည်မှာအံ့အားသင့်စရာဖြစ်နေသည်

သူမနှင့်ဝေးကွာခြင်း (၁)လပြည့်တဲ့နေ့မှာပင်သတင်းဆိုး

နကိုထပ်ပြီးကြားလိုက်ရသည်။ ထိုသတင်းကတော့ဗြိုလ်မှိုင်တို့သ

အဖမူးယစ်ဆေးဝါးတင်ဆောင်လာသောကားကိုလုံခြုံရေးတပ်ဖွဲ

တွေနှင့် ထိပ်တိုက်တွေ့ပြီး ရှောင်ပြေးရာမှ ကားမှောက်ပေါက်ကွ

ဖြစ်ပြီးသေဆုံးခဲ့သည်ဆိုသည့်သတင်းဆိုးပင်ဖြစ်သည်။

"ဟင်..."

စစ်ငြိမ်းနိုင် သတိလစ်သလိုဖြစ်နေသော အကြောင်းအ

တစ်ခု ခေါင်းထဲသို့ဝင်လာသည်။ ထိုအကြောင်းအရာက တ

မဟုတ်၊ ရွှေနက်ကလေး နက်ကျော့ပင်ဖြစ်သည်။ နက်ကျော့သ

ခင်မြတ်နိုးအိမ် အိမ်တွင် အတူတူရှိနေခဲ့တာမို့ စ နက်ကျော့

အနည်းငယ်မတွေ့နက်ကျော့ကိုတစ်ဖက်မှလွယ်လွယ်ကူကူတော့

ချွေမဟုတ်၊ နက်ကျော့သည်ရွှေဖြစ်ပေမဲ့အရှင်ကိုပါးနပ်သော



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ပင်ဖြစ်သည်။

"ဆရာလှအောင်..."

"ဗိုလ်ကြီး ဘာများလဲ"

"ဆရာလှအောင်တို့ရွာနက်တစ်ကောင်ကိုတွေ့မိလိုက်သေးလား"

"မတွေ့မိဘူး ဗိုလ်ကြီး ဟိုသေနတ်ဒဏ်ရာနဲ့ရွေးကိုပြောတာမဟုတ်လား"

"ဟုတ်တယ်၊ ဒီရွေးနက်လေးပါ ပျောက်နေတယ်"

"ကျွန်တော်တို့ ဘာဆက်ပြီးလုပ်ရမလဲ ဗိုလ်ကြီး"

"အရေးကြီးတာက သူရှိတဲ့နေရာကို သူတို့ဘက်က မဆက်သွယ်ခင် သိဖို့လိုအပ်တယ်၊ ရွာဖွေမှုအားလုံးကိုနစ်ဆယ့်လေးနာရီအတွင်း အပြီးသတ်ပြုလုပ်ရမယ်"

"ဟုတ်ကဲ့ တပ်ဖွဲ့ဝင်အားလုံးကိုညွှန်ကြားလိုက်ပါမယ်"

စစ်ငြိမ်းနိုင်ကားပေါ်သို့ပြန်တက်ပြီးမောင်းထွက်လာခဲ့သည်။

ခင်မြတ်နိုးအိမ်အခန်းထဲမှ ယူလာသော ဒိုင်ယာရီစာအုပ်လေးကို ရေပ်ကိုင်ပြီး စာအုပ်ထဲတွင် ဘာတွေရေးထားသလဲဆိုတာကို

www.burmeseclassic.com



စစ်ငြိမ်းနိုင်သိနေသလိုပင်။ (၁၅) နှစ်ကျော်ကာလတစ်ခုက အိပ်မက်ဆန်လှသော အဖြစ်အပျက်လေးတစ်ခုက သူ့ရင်ကိုပြန်ပြီးတိုးဝင်လာနေသည်။ ထိုစဉ်က နီးနီးဆိုသော ကောင်မလေးတစ်ဦးနှင့်ကြောက်မက်ဖွယ်ကောင်းသော နေရာလေးတစ်ခုတွင် တွေ့ဆုံခဲ့ကြဘူးသည်။

စစ်ငြိမ်းနိုင်ကို အားလုံးက မောင်လို့ခေါ်ကြသည်။ ကျောင်းအမည်ကတော့ စစ်ငြိမ်းနိုင်၊ အိမ်မှာခေါ်ကြတာက မောင်၊ ဖခင်ဖြစ်သူက တပ်မတော်တွင် တာဝန်ထမ်းဆောင်နေရတာမို့ နေစရာအတည်အကျ တော့ မရှိခဲ့။ ပြောင်းရွှေ့မှုတွေကြောင့် ဖေဖေ့ဘက်မှ အဘိုးနဲ့အဘွားက မန္တလေးမှာ ငယ်စဉ်တည်းက ခေါ်ထားပြီး ကျောင်းပိတ်မှ မိဘတွေရှိတဲ့ဒေသကိုသွားခဲ့ရသည်။

စစ်ငြိမ်းနိုင် (၆)တန်းနှစ် ကျောင်းပိတ်လို့ မိဘတွေရှိသည့်ကရင်ပြည်နယ်ဘက်ကို အလည်လာခဲ့ခြင်းဖြစ်သည်။ ငယ်ငယ်လေးကတည်းက မြင်းစီးရတာကို ဝါသနာပါခဲ့တဲ့ စစ်ငြိမ်းနိုင်၊ တပ်ထဲမှ တပ်ကြပ်ကြီးကိုအကူအညီတောင်းပြီး မြင်းလျှောက်စီးနေသည်။

"မောင်ရေ...သိပ်အဝေးကြီးမသွားနဲ့နော်၊ ဒီနယ်မြေမှာက သူပုန်တွေဝင်ထွက်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ဖေဖေ့တပည့် တပ်ကြပ်ကြီး ဆရာလှဖေက သူ့ကိုလှမ်းပြီး အော်သတိပေးကာ တပ်ထဲသို့ပြန်ဝင်သွားသည်။ သူကတော့ မြင်းကို ကောင်းကောင်းစီးနေဆဲ။

"ဖေ့သားကြီးပြေးလိုက်စမ်း"

မြင်း၏တင်ပါးကိုမြင်းသိုင်းကြိုးနှင့်စပ်ဆတ်ဆတ်လေး ရိုက်ချလိုက်တာကြောင့်မြင်းညိုကြီးမှာ တစ်ရှိန်ထိုးပြေးလေသည်။

"ဟား...ဟား"

မြင်းဇက်ကြိုးကို ထိန်းပေမဲ့မရ၊ မြင်းညိုကြီးပြေးကောင်းနေဆဲ၊ စင်ပြိမ်းနိုင် ဘယ်လိုမှထိန်းချုပ်လို့မရနိုင်တော့ဘဲ မြင်းပေါ်မှလွင့်စဉ်ကျသွားတော့သည်။

"အား...ဘုန်း..."

မြင်းနှင့်လူ တခြားစီဖြစ်သွားတော့သည်။ သူစီးလာသောမြင်းမှာလည်း ဘယ်ကိုရောက်သွားမှန်းမသိတော့၊ သူရောက်နေသော နေရာကလည်းဘယ်နေရာဆိုတာကိုမသိ။ စမ်းတဝါးဝါးနှင့်လျှောက်လာခဲ့ရင်းတောလမ်းတစ်ခုကိုရောက်ရှိမှာ မြေတောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရေဆာမှုတွေကြောင့် မျက်လုံးတွေပြာဝေပြီး ခေါင်းတွေပါမူးနောက်လာခဲ့တော့သည်။ ဆက်ပြီးလျှောက်ရန် အင်အားမရှိတော့သဖြင့် သစ်ပင် ခြေရင်းတွင် ဖင်ထိုင်ချပြီး အမောဖြေနေတော့သည်။ ခဏအကြာတွင်နာကျင်မှုတွေကြောင့်ကိုက်ခဲတက်လာပြီး ဘာကိုမှမမြင်ရတော့ဘဲအရာအားလုံးကွယ်ပျောက်သွားသည်။

"မေမေ့...မေမေ့..."

"ဟင်..."

စစ်ပြီးမှီနိုင်ဘယ်လောက်ကြာအောင်လောကကြီးနှင့်အဆက်အသွယ်ပြတ်သွားသလဲဆိုတာကို မသိ။ အေးမြသော ရေးစက်ကလေးမျက်နှာပေါ်ထိတွေ့မှုမျက်လုံးကိုဖွင့်ပြီးကြည့်တော့ ကရင်ဝတ်စုံလေးနှင့်သူနှင့်ရွယ်တူ ကောင်မလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။ ပြီးတော့ သူထိုင်ခဲ့သော သစ်ပင်ခြေရင်းမဟုတ်၊ တဲအိမ်ကလေးတစ်အိမ်ထဲမှာ

"ဝါ...ငါဘယ်ရောက်နေတာလဲ"

"တဲထဲကိုရောက်နေတာပေါ့"

"ဒါတော့ မင်းပြောမှလား။ ငါသိတာပေါ့၊ ရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ရာလဲလို့မေးတာ"

"ဒါဟာငါတို့နေတဲ့ဒေါနတောင်တန်းရဲ့တောထဲလေ"

"ငါ့ကိုပြန်ပို့ပေးပါလား"

"ဘယ်ကိုပို့ပေးရမှာလဲ"

"ငါ့အဖေ့တပ်ထဲကို"

"ရှူး...တိုးတိုးပြော"

"ဘာလို့လဲဟ"

"ခုနင်ရောက်နေတဲ့နေရာက ကရင်သူပုန်တွေနေတဲ့နေရာဟာ...စစ်တပ်အကြောင်းကို ဘာမှမဟနဲ့"

"ဒါဆို နင်တို့လည်း သူပုန်တွေပေါ့"

"မဟုတ်ပါဘူး၊ ငါ့ဖထီးက မုဆိုးပါ၊ နင့်ကိုတောစပ်မှာ တွေ့လို့ခေါ်လာတာ"

"ငါ့ကိုပြန်ပြီးပို့ပေးပါလား"

"ဒါတော့ ငါမသိဘူး၊ ဖထီးလာမှ မေးကြည့်ပေါ့"

"အား...ကျွတ်...ကျွတ်..."

ထိုင်နေရာမှ ထမည်အပြုတစ်ကိုယ်လုံးကိုက်ခဲ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်အရမ်းမထနဲ့၊ နင့်တစ်ကိုယ်လုံးမှာဒဏ်ရာတွေနဲ့ ဘယ်လိုလုပ်ပြီးတောထဲကိုရောက်ခဲ့ရတာလဲ"

"မြင်းလျှောက်စီးရင်းနဲ့ရောက်ခဲ့တာပါ၊ မြင်းလည်း ဘယ်ရောက်သွားပြီလဲဆိုတာ မသိဘူး၊ နင့်နာမည် ဘယ်လိုခေါ်လဲ"

"စောနီးနီး...နင့်နာမည်ရော"

"မောင်..."

"ဝေ...ကောင်လေးသတိရပြီလား"

"ဗျာ...ဟုတ်ကဲ့"

"သူက ငါ့ဖထီးလေး...နင့်ကိုကယ်ခဲ့တာ"

"ဖိုးမှူ...ကောင်လေး...ဒိုက်ဆာရောပေ့၊ နောက်ဖေးမှာ ဆန်ပြုတ်ထားတယ်၊ ကျီသားခြောက်လေးနဲ့ကျွေးလိုက်ဦး"

"ဟုတ်ကဲ့ဖထီး"

စောနီးနီး...နောက်ဖေးဝင်သွားသည်နှင့် ကရင်အဘိုးကြီး သူ့လေးကြီးကိုထရဲ့တွင်ရှိတ်ပြီး

"ကောင်လေးမင်းမြို့ကနဲ့တူတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုဒီနယ်မြေမှာမြို့ကဆိုလို့စစ်တပ်ထဲကပဲဖြစ်မယ်"

"ကျွန်တော့်အဖေက တပ်က အရာရှိပါ"

"အင်း...တကယ့်နေရာကိုရောက်တာပဲကွ၊ စစ်တပ်နဲ့ပတ်သက်ရင် ဒီကကောင်တွေက မလွယ်ဘူး၊ မင်းကိုသာသိသွားရင် အစိမ်းလိုက်စားမှာ"

"ဗျာ..."

ကာရင်အဘိုးကြီးစကားကြောင့် စစ်ငြိမ်းနိုင် ဘာလုပ်ရမှန်းမသိဖြစ်သွားသလို အရမ်းကြောက်သွားသည်။

"ဖထီးရယ်...ဘာလို့ကြောက်အောင်ပြောနေရတာလဲ"

"ကြောက်အောင်ပြောနေတာမဟုတ်ဘူး၊ ကောင်လေးသိအောင်ပြောပြနေတာ"

စောနီးနီး သူ့ကို ဆန့်ပြုတ်နဲ့ကျိုသားခြောက်ဖုတ်လေးကို ချပေးပြီး

"အားရှိအောင်စား။ ဒါမှ နင်ပြန်လို့ရမှာ၊ ဖထီး သူ့ကိုပြန်ပြီးပို့ပေးလိုက်ပါ"

"ပို့ပေးတာကလွယ်တယ်၊ ခုဟိုကောင်တွေရှာပြီးနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်နဲ့တိုက်ပွဲတွေအရမ်းကိုဖြစ်နေတာ၊ ဒီမှာရှိနေတာတောင် သိ်
ရင်မလှုပ်ဘူး၊ ဟာ...ခြေသံတွေကြားနေရတယ်၊ ဒီကောင်တွေ
လာနေတာဖြစ်မယ်"

"ဟော...ဖထီး"

"ဘာလဲဝေ့..."

ဖထီးအသံပြုလိုက်ပြီး စစ်ဗြိမ်းနိုင်ကိုနောက်ဖေးထင်းရုံထဲသို့
ခေါ်သွားခိုင်းသည်။

"ခင်ဗျားမနေ့က စောဘစ်ထွက်သွားလား"

"သွားတယ်လေ...ယခုနံပဲရတယ်၊ ဘာဖြစ်လို့လဲ"

"စစ်တပ်ထဲက ကလေးတစ်ယောက်ကိုတွေ့မိလားလို့"

"မတွေ့မိဘူး"

"ဒီကောင်လေးက စစ်တစ်က အရာရှိသားလို့ကြားတယ်၊
တွေ့ရင် ကျုပ်တို့ကိုပြောပါ"

"အေး...အေး...တွေ့ရင်ပြောမယ်"

သူပုန်အဖွဲ့တွေပြန်ပြီးထွက်သွားမှ ထင်းရုံထဲက စစ်ငြိမ်းနိုင်ကို
ခေါ်ပြီး ခေါ်ထုတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး...သူတို့ပြောတာကြားလား"

"ဟုတ်ကဲ့ကြားပါတယ်"

"ဖထီး ဘယ်လိုလုပ်ကြမလဲ"

"ဘာလုပ်ရမလဲ၊ အခြေအနေကြ ည့်ပြီးတော့ ပြန်ပို့ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ် ဖထီး"

"ငါတို့သားအဖအတွက်တော့ အန္တရာယ်က အရမ်းကိုကြီးနေပြီ။ ကောင်လေး၊ လူတစ်ယောက်ကို ကယ်ပြီးမှတော့ ပြီးဆုံးတဲ့ထိ ကူညီရမှာပေါ့ဖိုးမှူ..."

"ရှင်..."

"ဒီမှာဆက်ပြီးနေလို့မကောင်းတော့ဘူး။ ဒီကောင်တွေက အနံ့ခံသိပ်ကောင်းတာ၊ ဒီညပဲကောင်လေးကိုခေါ်ပြီးထွက်ကြမယ်"

"သမီးကရော ဖထီး"

"နင့်ကိုထားခဲ့လို့မှ မရတာ၊ ခေါ်သွားရမှာပေါ့"

ဝင်းငြိမ်းနိုင်ကြောင့် သားအဖနှစ်ယောက်ကိုဒုက္ခတွေပေးသလို ဖြစ်နေလေပြီ။ ခုလောက်ဆို ဖေဖေတို့လည်း တောနင်းပြီးရှာနေ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ။

"နင် အားရှိအောင်စားထားနော်၊ သွားရမယ့်တောခရီးက ကြမ်းတယ်"

"အေးပါဟာ"

"ပြီးတော့ဒီအဝတ်အစားတွေကိုဝတ်ထားလိုက်"

ကရင်အဝတ်အစားလေးတွေကို သူ့ရှေ့မှာချထားပေးပြီး တဲအပြင်ကိုပြန်ဖြီးထွက်သွားကြသည်။ သူလည်း စားပြီးတာနဲ့ စောနီးနီးပေးခဲ့သောအဝတ်အစားတွေကိုလဲပြီးဝတ်ဆင်လိုက်သည်။ ဒီလိုနှင့်အချိန်တွေကတဖြည်းဖြည်းကုန်ဆုံးလာနေသည်။

အပြင်ဘက်တွင် မှောင်ရီသန်းနေလေပြီ။ သူတို့တဲလေးတွင် မီးရွက်အလင်းလေးနှင့်စောနီးနီးရယ်၊ သူရယ်ပဲရှိနေသည်။ ဖထီးအပြင်သွားတာပြန်မရောက်သေး။ စောနီးနီးကရင်လွယ်အိတ်ကိုသိုင်းလွယ်ထားပြီးသွားဖို့အတွက်ပြင်ဆင်ထားသည်။

"နင့်လွယ်အိတ်ကြီးကကြီးလိုက်တာဘာတွေလဲ"

"စားစရာတွေရော ဆေးတွေရောပဲ"

"ခရီးကအရမ်းကိုဝေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com


"ဝေးတာပေါ့၊ အနောက်ဘက်တောခြမ်းကနေ ပတ်ပြီးတော့ သွားရမှာလေ"

"ရှေ့ဘက်ခြမ်းက သွားလို့မရဘူးလား"

"အရှေ့ဘက်ခြမ်းမှာက နင့်ကိုသတ်ကြမယ့်ကောင်တွေနေရာ ယူထိုင်းမှာရှိနေကြမှာ၊ ဒါကြောင့်မို့ အနောက်ဘက်ခြမ်းကနေ သွားကြ ရမှာ"

"နင် ကျောင်းနေလား"

"ငါတို့တောထဲမှာ ကျောင်းမှမရှိတာ၊ ငါက ရွာက ကျောင်းမှာ တော့ သွားတက်တယ်"

"ဘယ်နှစ်တန်းရောက်ပြီလဲ"

"(၅)တန်း"

"အဲ..မဆိုးဘူး၊ ငါက (၆) တန်းနင့်ထက် တစ်တန်းကြီးတယ်၊ အတော်လား"

"မတော်ဘူးညံ့တယ်၊ နင်ရော"

"ငါလည်းနင်နဲ့သိပ်မကွာပါဘူး"

"ဗိုးမှူ.."


www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ဖထီး"

"မီးခွက်မှုတ်ပြီးကောင်လေးကိုခေါ်ခဲ့တော့"

"ဟုတ်…ဖွား…"

မီးခွက်လေးကိုမှုတ်ပြီးတဲနောက်ဘက်ကနေထွက်လာစဉ်

"ဟင်…ဟာ…အဲ…"

မီးတုတ်တွေနဲ့လူအုပ်စုကြီးကိုလှမ်းပြီးတွေ့နေရသည်။

"လာလာ…ဒီမှာဝပ်နေကြ"

ချုံကြီးသဖွယ်ရှိနေသောနေရာတွင်(၃)ယောက်သားပုန်းနေလိုက်ကြသည်။

"ဖထီ…ဖထီး… ခင်ဗျား နုထွက်ခဲ့စမ်း။ ကျုပ်တို့ကို ခင်ဗျားကညာတယ်ပေါ့၊ ဟိုစစ်တပ်ကကောင်လေးကိုပါခေါ်ထုတ်ခဲ့နော်"

"ကြာတယ်ဝင်ပြီးရှာကြကွာ"

သူပုန်တွေ တဲထဲကိုဝင်ပြီးရှာဖွေနေတာတွေကို တွေ့မြင်နေရသည်။

"ဝုန်း…ဖြောင်း…ရွှမ်း…"

တဲအိမ်တစ်ခုလုံးကိုရစရာမရှိအောင်ဖျက်ဆီးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးမတွေ့ဘူး"

"တောက်…ဒါ…ဒါ… ငါတို့ကိုတစ်ပတ်ရိုက်သွားတာ၊ တွေ့ကြပြီပေါ့ကွာ၊ အိမ်ကိုပါမီးရှို့လိုက်"

"ဟင်…"

တဲအိမ်ကြီးတစ်ခုလုံးကိုမီးရှို့နေကြသည်။ သူ့အတွက်ကြောင့် အန္တရာယ်တစ်ခုကိုလက်ဆောင်ရလိုက်ကြပြီဖြစ်သည်။

"သွားကြမယ်"

တောလျှိုလမ်းကျဉ်းလေးထဲမှာ မှုံတဝါးဝါး အလင်းရောင်လေး နှင့် လျှောက်လာခဲ့ကြသည်။ စောနီးနီးက သူ့လက်ကလေးကို ဆုပ်ကိုင်ပြီးခေါ်လာခဲ့သည်။ ရှေ့ဆုံးတွင်ဖထီးက ဦးဆောင်ပြီးခေါ်သွားသည်။

"အ…"

"ဟင်…နင်ဘာဖြစ်တာလဲ"

"ခြေ…ခြေထောက်ဆူး…ဆူးသလိုပဲ"

ဖထီး သူ့ခြေထောက်ကိုကိုင်ပြီး ဆူးကို နှုတ်ပေးလိုက်သည်။ သစ်ငုတ်ဆူးဖြစ်သောကြောင့် ခြေထောက်တစ်ခုလုံး ယုံကျင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဝတ်စနင့်စည်းပေးထားလိုက်သည်။

"မြည်းမြည်းရှင်းလျှောက်၊ ရေတောင်ကြောကို ကျော်ပြီးရင် တော့ စခန်းနားလို့ရပြီ"

"ရှုပ်...ရှုပ်...ရှုပ်"

"ဟင်း"

နောက်ဘက်ဆီမှ မြည်းတွေရောမီးရောင်တွေပါ တွေ့လိုက်ရ သည်။

"ခွေးကောင်တွေ လိုက်လာကြပြီ..သွားကြမယ်"

စစ်ငြိမ်းနိုင် ခြေထောက်က အနာရာကိုပင် ဂရုမစိုက်နိုင်တော့ဘဲ အသက်ခေါင်းကလွတ်အောင် လျှောက်နေရတော့သည်။ ဖထီးက တော ကျွမ်းကျင်မှုကြောင့် နောက်မှလိုက်သူ့ ဘွကို ခြေရာဖျောက်ပြီး သွားနိုင်ခဲ့သည်။ လျှောက်ပါများတာကြောင့် ခြေထောက်မှာ သွေးကျ ပြီး အရမ်းကို ကိုက်ခဲနေသည်။ စောနီးနီးကတော့ သူ့လက်မောင်း လေးကို ဆုပ်ကိုင်ပြီး တွဲခေါ်လာပေမဲ့ မရ။

"ကောင်လေး..."

"ဗျာ.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းလျှောက်နိုင်သေးလား"

"မရတော့ဘူး ဖထီး၊ ခြေထောက်က အရမ်းကို နာနေပြီ"

"ကဲ...ကဲ...ငါ့ကျောပေါ်ကို တက်ကွာ"

"ဟာ..."

"ဟေ့ကောင်လေး ဒီနေရာမှာ စက္ကန့်လောက်တောင် နေ့ဆွေး နေလို့မရဘူး"

"နင်တက်မှာသာ တက်လိုက်၊ ဖထီး လေးနဲ့မြားအိတ်ကို ပေး ထား"

စောနီးနီး သူ့အရှယ်နှင့်မျှတဲ့ လေးနှင့်မြားအိတ်ကို လွယ်ပြီး နောက်ကနေ လိုက်ခဲ့သည်။ သူ၏ဒုက္ခတွေက တစ်ဖက်ဆီသို့ ပေးဝေ နေသလိုပင် ဖြစ်နေသည်။

"ဒီချောင်းကို ကျော်ပြီးရင်တော့ ဒီညအတွက် စိတ်ချရပြီ၊ ဒီကောင်တွေက ညဘက် ဒီချောင်းကို မကူးရဲဘူး။ ကောင်လေး မြဲမြဲ ကိုင်ထား၊ ချောင်းကရေ ခါးတစ်ဝက်လောက်ရှိတယ်၊ ဖိုးမူး...ကူးလို့ရ လား"

"ရပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကိုဖြတ်ကူးလို့ တစ်ဝက်လောက်ရောက်မှ တစ်ဖက်ကမ်း ဆီမှ သူပုန်တွေရောက်နေကြပြီဖြစ်သည်။ ဒါပေမဲ့ ချောင်းကိုကူးပြီးမလိုက်ခဲ့ကြ။ ချောင်းတစ်ဖက်သို့ရောက်ပြီး သိပ်မကြာ၊ ဘုရားကျောင်းပျက်တစ်ခုဆီကိုရောက်ခဲ့ကြသည်။

"ဟေ့ဖာသာ.."

"ဟာ...စောလူထော"

ဘုရားကျောင်းပျက်ထဲမှ လူတစ်ယောက်မီးအိမ်နဲ့ထွက်လာတာကိုတွေ့လိုက်ရသည်။

"ဘယ်လိုဖြစ်လာကြတာလဲစောလူထော"

"ဖြစ်တာကတော့ ပြောမနေနဲ့ပတော့၊ လော်လောဆယ် ဒီကာလေး ကို အဝတ်အစားလဲပြီး ဆေးတိုက်ရမယ်၊ သစ်ငုတ်ရှုးနာ ထားတယ်"

"အေး..အေး.. အထဲကိုဝင်ကြ..နောက်က ဟိုကောင်တွေ လာသေးလား"

"ဒီကောင်တွေ ဒီဘက်ကို ညတွင်းချင်းကူးရဲမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပျက်ထဲကိုဝင်လိုက်ကြပြီး အရင်ဆုံး သူ့ရဲ့အဝတ်အစားတွေကို ချွတ်လဲပြီး ဒဏ်ရာကိုဆေးထည့်နေသည်၊ ဒဏ်ရာအရှိန်ကြောင့်တုန်ယင်ကာ ချမ်းတက်လာတော့သည်။

"ကောင်လေး...ဒီဆေးခါးလေးကိုသောက်လိုက်၊ သက်သာသွားမှာပါ၊ဗိုးမူ...နင်လည်းနွေးနွေးထွေးထွေးနေဦး"

"ဟုတ်..."

ဖထီးတိုက်သော ဆေးခါးကြီးကိုသောက်ပြီး ခင်းကျင်းပေးထားသော ဖျာပေါ်မှာ စောင်လေးခြုံပြီးအိပ်နေလိုက်သည်။ သူ့ဘေးတွင် စောနီးနီး စိုးရိမ်နေသော မျက်လုံးဝိုင်းကလေးနှင့်ထိုင်ပြီးကြည့်နေသည်။

"နင် မအိပ်သေးဘူးလား"

"အိပ်မှာပေါ့၊နင်သက်သာလားမသက်သာဘူးလားဆိုတာကိုကြည့်နေတာ"

"ဆေးသောက်ပြီးမှ နည်းနည်းတော့သက်သာလာတယ်၊ နင်တို့ရွာကိုပြန်လို့မရတော့ဘူးပေါ့နော်"

"အင်း...ပြန်ရင်ငါတို့ကိုသတ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်ကိုဆက်ပြီးသွားမှာလဲ"

"မသိဘူး...ဖဝါးစီစဉ်မှာပေါ့"

"ငါ့အဖေကိုပြောပြပြီး မန္တလေးကို ငါခေါ်သွားမယ်လေ၊ မြို့

ငါနဲ့အတူ ကျောင်းတက်ပေါ့"

စမ်းငြိမ်းနိုင်စကားကို စောနီးနီး ဘာမှ မပြောဘဲ ငေးကြည့်နေ

သည်။

"နင်တို့က မလိုက်ချင်ဘူးလား"

"ငါက ကလေးပဲရှိသေးတာ၊ ငါ့မှာ အဖေရှိသေးတယ်လေ။

ဆုံးဖြတ်မှာပေါ့၊ ကဲပါဟာ...နင်အိပ်လိုက်ပါဦး"

"နင်လည်းအိပ်လေ"

"အင်း..."

သူ့ဘေးတွင် စောနီးနီးစောင်လေးခြုံပြီး ကားခွေးလေး

လိုက် တော့သည်။ တစ်ဦးနှင့်တစ်ဦး ဆုံစည်းမှုလေးက ဘာမှ

ခဲ့သော်လည်း တကယ်ကို နှစ်ပေါင်းများစွာတွေ့ခဲ့ဖူးကြသော

ချင်းတွေလို ခံစားလို့ မိလိုက်သည်။

မနက်အလင်းရောင်လေးကိုတွေ့လိုက်သည်နှင့် ဖဝါးမှ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးကိုနှိုးပြီး ကိုယ်လက်သန့်စင်နိုင်းသည်။ သင်းအုပ်ဆရာမှ ကောက်ညှင်းပေါင်းလေးကိုကျွေးပြီး

"ခုနေ သွားကြတော့၊ ဒါမှ ဟိုကောင်တွေ ဒီဘက်ကိုကူးလာရင် လွဲမှာ"

"ဖာသာ…ကျေးဇူးပဲ"

"စောလူထောရယ်..ပြောရမယ့်ခုတွေမှမဟုတ်တာ၊ မင်းတို့သာ ဒီကောင်တွေလက်ထဲကလွတ်အောင်သွားကြ"

ဖာသာကိုနှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။ မြေထောက်ဒဏ်ရာမှာ သိသိသာသာကြီး သက်သာပေမဲ့ စပ်ကြွမ်းကြွမ်းတော့မသွားနိုင်သေး။

"ရှေ့ကကြိုးဝဲဝါးကိုကျော်ပြီးရင်တော့ ရွာတစ်ရွာကိုရောက်ပြီကွ၊ ဒီရွာမှာပြည်သူ့ကာကွယ်ရေးတပ်တွေရှိတယ်၊ သူတို့ဆီကတစ်ဆင့်အကူအညီတောင်းလိုက်ရင် ကောင်လေး..မင်းမိဘတွေဆီကိုရောက်ပြီ.."

"ဖထီးတို့ရော"

"ငါတို့ကတော့ ရှေ့ဆက်ပြီး ဘယ်လိုခရီးဆက်ရမလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားရသေးပါဘူးကွာ၊ ခပ်သွက်သွက်လေးသွားကြမယ်"

ကြိုးတံတားနားသို့ရောက်သည်နှင့်

"ဒိုင်း...ဖိုင်း...အား"

"ဖထီး...ဖထီး..."

အနောက်ဘက်ဆီကနေ လှမ်းပြီးပစ်လိုက်သောသေနတ်ကျည်ဆံမှာဖထီးကိုထိမှန်သွားသည်။

"ဗိုးမူနဲ့ကောင်လေး...ပြေး...ပြေးတော့၊ တံတားတစ်ဖက်ကိုရောက်အောင်ပြေး"

"ဖထီး..."

"ငါ့ကားကိုနားထောင်စမ်း၊ ဟိုကောင်တွေလာနေပြီ"

ဖထီးက သူတို့နှစ်ယောက်ကိုတွန်းလွှတ်ပြီးမြေပြင်တွင်ခွေကျသွားသည်။

"မောင်..."

"နီးနီး..."

တစ်ယောက်ကိုတစ်ယောက် ဆုပ်ကိုင်ပြီးတံတားတစ်ဖက်ဆီသို့ပြေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း...ဒိုင်း...ဒိုင်း..."

နောက်ထပ် သေနတ်သံများ ထပ်ပြီး ထွက်ပေါ်လာပြီး တိုက်ပွဲ တစ်ခု ဖြစ်နေသလိုပင်။

"သား...မောင်"

"ဟင်...ဒယ်ဒီ"

ဖခင်ဖြစ်သူနှင့် တပ်ဖွဲ့တွေကို လှမ်းတွေ့လိုက်သည်။ နောက်မှ လိုက်လာကြသော သူပုန်တွေလည်း ပြန်နောက်ဆုတ် ပြေးသွားကြ သည်။

"ဒယ်ဒီ...ဟိုဖထီးကို ကယ်ပါဦး..."

"ဖထီး..."

သွေးအိုင်ထဲတွင် လဲကျနေသော စောလူထောကို သွားပြီး ကြည့်တော့ အသက်ဝိညာဉ်ကင်းမဲ့နေလေပြီ။

"သား...သူသေနေပြီ"

"ရှင်..."

"ဗျာ..."

စောနီးနီး တစ်ယောက် ဖခင်ဖြစ်သူကို ဖက်၍ငိုကြွေးရှိုက လို့



www.burmeseclassic.com

www.burmeseclassic.com



ပြီးဘာမှမတတ်နိုင်တော့ပေ။ သူ့ကြောင့် သူ့ကိုကယ်ရင်းအသက်ကို ပါပေးလိုက်ရပြီမဟုတ်လား။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်း စောနီးနီးကို ဖခင်ဖြစ်သူက တပ်တွင်ခေါ်ထားပြီး ကျောင်းဆက်ထားပေးခဲ့တယ်၊ စစ်ငြိမ်းနိုင် သည် စောနီးနီးနှင့် (၇) ရက်လောက်ပဲ နေခဲ့ရပြီး မန္တလေးကို ပြန်ခဲ့ရတယ်။ အဲဒီနှစ်မှာပဲ ဖခင်ဖြစ်သူ ရှမ်းပြည်တောင်ပိုင်းကို တပ်မှူးအဆင့်နဲ့ ပြောင်းရွှေ့သွားပြီး စောနီးနီးနှင့် အဆက်အသွယ်ပြတ်ခဲ့ကြသည်။ စောနီးနီးသတင်းကို စုံစမ်းရင်း စစ်ငြိမ်းနိုင် (၁၀)တန်းရောက်ချိန်တွင် စောနီးနီးကို သူ့ဦးလေး တစ်ယောက်က ခေါ်ယူမွေးစားခဲ့သောသတင်းကို နောင်ဆုံးကြားလိုက်ရပြီး တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြတ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ခုရှိန် ထိပင်ဆိုရမည်။

ရပြန်ပြီးတွေ့ရှိန်မှာ စစ်ငြိမ်းနိုင် သတိမမူသလိုဖြစ်ခဲ့တာကိုစိတ်မကောင်းဖြစ်ခဲ့မိသည်။

"ဝုတ်...ဝုတ်..."

"ဟင်..."

သူ့ကားနောက်ကနေ ခွေးဟောင်သံကြောင့်ကြည့်လိုက်တော့ နက်ကျော်ဖြစ်နေတာကြောင့် ကားကို ထိုးရပ်လိုက်ပြီး ကားပေါ်က ခေါ်ပေမဲ့ နက်ကျော်မတက်ဘဲ ကားရှေ့ကနေ ပြေးသွားနေတာမို့ စစ်ငြိမ်းနိုင် သဘောပေါက်ပြီး နက်ကျော်ခေါ်ဆောင်ရာနောက်ကို လိုက်ခဲ့တော့သည်။

နက်ကျော်ပြေးသွားသောနေရာမှာမြို့၏အစွန်ဆုံးခြံတစ်ခုပင်ဖြစ်သည်။ ထိုခြံမှာ အဆင့်မြင့်ဟိုတယ်တစ်ခု ဆောက်လက်စနေရာပင်ဖြစ်သည်။

"နက်ကျော်...မင်းငါ့ကိုခေါ်လာတာဒီဟိုတယ်ကိုပြချင်လို့လား"

နက်ကျော်အမြီးလေးကိုလှုပ်ခါပြလိုက်သည်။

"ငါသဘောပေါက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



စစ်ငြိမ်းနိုင် တပ်ဖွဲ့တွေဆီကို အကြောင်းကြားလိုက်သည်။

"ကဲ…နက်ကျော် မင်းနဲ့ငါတော့ အထဲကိုအရင်ဝင်ပြီး ပွန့်စားရတော့မယ်"

ကားကိုအဝေးမှာ ရပ်ထားခဲ့ပြီးဟိုတယ်ခြံဝန်းထဲသို့ဝင်ခဲ့ကြသည်။

အုတ်ပုံ၊ သဲပုံတွေကိုအကာအကွယ်ယူပြီးဟိုတယ်နားသို့ကပ်ရန်ကြိုးစားခဲ့သည်။ ဆောက်လက်စ ဟိုတယ်ထဲတွင် ပန်းရတီဆူး၏ ကြေးစားတွေက (၁၀) ယောက်မကရှိနေကြသည်။ လက်ထဲမှာတော့ သေနတ်တွေကိုကိုင်ထားခြင်းမရှိ။

"နက်ကျော် မင်းကရှေ့ကနေ အဖေယာင်ပြပြီးပြေးကွာ၊ ငါ နောက်ကနေ အထဲကိုရောက်အောင်ဝင်မယ်"

"ဟုတ်…"

နက်ကျော်မှာ သူ့စကားကို နားလည်သလိုနှင့် ပြန်ပောင်ပြီး ရှေ့တွင်စောင့်နေသော လူတွေရှေ့ကနေ ပြေးသွားသည်။

"ဟိုမှာ…ခွေး…ခွေး…"

"ဟာကွာ…ခွေးတွေ့တာပဲ ဘာထူးဆန်းလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကဘာသိလို့လဲ၊ဒီခွေးကပြဿနာခွေးကွ"

"ဒါဆိုရှင်းပစ်လိုက်ကွာ"

ဘေးနံရံတွင်ကပ်ပြီးထောင်ထားသောသေနတ်ကိုယူပြီးခွေးနောက်သို့ပြေးလိုက်သည်။ စစ်ငြိမ်းနိုင် ဒါကို အခွင့်ကောင်းယူပြီး ဟိုတယ်အပေါ်ထပ်ဆီသို့ပြေးတက်လိုက်သည်။ ခင်မြတ်နိုးအိမ်တို့ကို ဘယ်မှာဖမ်းထားတယ်ဆိုတာကိုရှာဖွေရမည်ဖြစ်သည်။

"ကျားကြီးနဲ့လက်ဝါး"

"ဗျာ…မမလေး"

"ငါ စကတည်းက ပြောထားမယ်၊ စစ်ငြိမ်းနိုင် ရောက်လာရင် ဘယ်သူမှ လက်ဖျားနဲ့တောင် မထိနဲ့ ငါကိုယ်တိုင်သတ်မယ် ကြားလား"

"ဟုတ်ကဲ့"

"သူ့ကိုအရှင်ဖမ်းမိတာပဲလိုချင်တယ်"

"သူကရောလာပါ့မလား"

"မလာမှာ မပူနဲ့၊ ဟောဒီက သူ့မဒီချောလေးအတွက် ရောက်အောင်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုသတ်ချင်သတ်လိုက်၊ သူ့ကိုဒုက္ခမပေးနဲ့"

"အလဲ့...တယ်လည်း ချစ်နေကြပါလား၊ ငါကလည်း နင်တို့ ချစ်ခြင်းကိုမခွဲပါဘူး၊ အတူတူပေါင်းစည်းပေးမှာပါ၊ အသက်ရှင်ရက် နဲ့တော့မဟုတ်ဘူးနော်... ခင်မြတ်နိုးအိမ်...တစ်ခုတော့ ပြောထားရဦးမယ်၊ ငါက တခြားလူတော့မဟုတ်ဘူး၊ စစ်ပြိမ်းနိုင်ရဲ့ချစ်သူ သိလား၊ သူကတော့ငါ့ကိုသေသွားပြီလို့ထင်နေမှာပဲ၊ ငါကားထဲကနေ အသက် မသေဘဲ လွတ်ခဲ့တာကို သူမသိခဲ့ဘူး၊ ငါ့မျက်နှာကို ပလတ်စတစ် ဆာဂျရီနဲ့ ပြောင်းလိုက်တာလေ၊ ဒါလေးကို သူသိအောင်တော့ ပြောခဲ့ရမယ်၊ ငါ့စကားကိုသာ သူနားထောင်ခဲ့ရင် သူနဲ့ငါ့ဘဝက အရမ်းကိုလှပနေမှာ၊ ဒင်းကြောင့် ငါ့အဖေလည်း သေခဲ့ရတယ်၊ ငါ့ ဘဝလည်း စုလိုပုံစံ နှစ်မျိုးနဲ့ အသက်ရှင်နေခဲ့ရတာ ဒင်းကြောင့်"

"ရှင့်အဖေဟာ ဦးစလိုင်မောင်မဟုတ်ဘူးလား"

"ဟားဟားဟား....ဒါဟာ လူတွေ သိထားတဲ့ကိစ္စပါ၊ တကယ် တော့ ဦးစလိုင်မောင်ဟာ ငါ့ခင်ပွန်း၊ ငါ့ဘဝကို စုလိုဖြစ်အောင် သူက ကယ်တင်ခဲ့တာ၊ ငါကားနဲ့ချောက်ထဲကျပြီးမီးလောင်ခဲ့စဉ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူပဲကယ်တင်ခဲ့တာ၊ ကဲ...ရှင်းပြီလား"

"ရှင်းသွားပါပြီ...ဗြိုလ်ှိုင်"

"ဟင်...မောင်"

ဗြိုလ်ှိုင် (ခေါ်) ပန်းရတီဆူး ပြောနေသောစကားတွေကို စစ်ငြိမ်းနိုင် အားလုံးကြားလိုက်ရပြီဖြစ်သည်။

"မလှုပ်နဲ့နော်၊ ငါ့လက်တွေက သိပ်ပြီးမြန်တာ၊ မင်းကောင်တွေ လက်နက်အောက်ချနိုင်းလိုက်"

"ရှင်က ခြေတစ်လှမ်းဦးသွားပြန်ပြီပေါ့၊ ကျားကြီးနဲ့ လက်ဝါး သေနတ်တွေ အောက်ချလိုက်၊ ရှင်တစ်ယောက်တည်းနဲ့အားလုံးကို ဖမ်းမယ်ဆိုရင် ရယ်စရာဖြစ်နေမှာပေါ့ ဗိုလ်ကြီးစစ်ငြိမ်းနိုင် ရယ်...ရှင့် နောက်ကိုကြည့်ပါဦး"

စစ်ငြိမ်းနိုင်ကိုသေနတ်တွေနှင့်ချိန်ရွယ်ထားကြသည်။

"မင်းတို့အတွက် ထွက်ပေါက်မရှိတော့ပါဘူးဗြိုလ်ှိုင်"

"ဟားဟားဟား...ပန်းရတီဆူးဘဝမှာ ထွက်ပေါက်မရှိဘူးဆို ...ရာယ်စရာကောင်းတဲ့ပြက်လုံးပဲ၊ ဟော့...သူတို့နစ်ယောက်ကိုခေါ်ခဲ့ ...ခံလုပ်ပြီးအပြင်ကိုထွက်မယ်၊ ရှင့်လက်ထဲကသေနတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ရတာလေးပါတယ်၊ အောက်ကိုချလိုက်ပါ"

"ဝုတ်…ဖဝါး…ဟင်…ဟာ…"

နက်ကျော်နှင့်အတူ တခြားရွှေနက်ကြီး(၂)ကောင်ပါ ပြေးဝင်ပြီး ပန်းရတီရှူးတို့ကို ဝင်ပြီးကိုက်သဖြင့် မြေသို့မကျသေးသော စစ်ပြိုင်းနိုင်၏သေနတ်က သေနတ်သမားတွေကိုပစ်ခတ်လိုက်တော့သည်။

"ဒိုင်း…ဒိုင်း…ဝုန်း…"

သေနတ်သံတွေမှာအောက်ဘက်မှလည်း ထွက်ပေါ်လာပြီး ဟိုတယ်သို့တပ်ဖွဲ့တွေဝင်ပြီး စီးနေကြပြီဖြစ်သည်။

"ချောက်…"

"ပြေလှိုင်…ဒီတစ်ခါတော့မင်းမလွတ်နိုင်တော့ပါဘူး"

"ရှင်ပစ်ရဲရင်ပစ်လေ၊ ဒီမှာတွေ့လား"

"မောင်…ကျွန်မကိုမငဲ့နဲ့၊ သူတို့ကိုမလွှတ်စေနဲ့"

ခင်မြတ်နိုးအိမ်ကိုပန်းရတီရှူး သေနတ်နဲ့ရှိန်ရွယ်ထားသည်

"နှင့်အသည်းဘူးလေးရဲ့အသက်ကိုမသနားရင်တော့လဲကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အမိုက်ဇာတ်တွေကိုရပ်လိုက်ပါတော့ဖြိုးလှိုင်"

"ဘာတရားမှလာပြီးဟောမနေနဲ့တော့၊ ကျွန်မကို ကားစီစဉ်ပေးရင် သူ့ကိုလွှတ်ပေးမယ်"

"ကောင်းပြီ..မင်းတောင်းဆိုတာကိုငါလုပ်ပေးမယ်"

"မောင်...မလုပ်ပေးနဲ့"

"ဂီး...အ...ဟင်း...ဒိုင်း"

နက်ကျော်ကပဲဇာတ်သိမ်းပေးလိုက်ပြီဖြစ်သည်။ ဖြိုးလှိုင်၏သေနတ်ကိုင်ထားသောလက်ကို နက်ကျော်ပြေးဝင်ကိုက်သည်နှင့် စစ်ငြိမ်းနိုင်သည့်ဖြိုးလှိုင်၏လက်ကိုသေနတ်နှင့်ပစ်ချလိုက်သည်။

"ဗိုလ်ကြီး"

"ဆရာလှအောင်"

"အားလုံးကိုဖမ်းထားလိုက်ပြီဗိုလ်ကြီး၊ ထိခိုက်မှုတော့မရှိဘူးမဟုတ်လား"

"အချိန်မီပဲဗျာ၊ သူ့ကိုခေါ်သွားတော့ စိတ်မကောင်းပါဘူး ဖြိုးလှိုင်းမင်းနောင်တတွေရနိုင်ပါစေလို့ငါဆုတောင်းနေပါတယ်"

ဖြိုးလှိုင် ဘာစကားမှ မပြောတော့ဘဲ ဆရာလှအောင်၏



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သောနောက်သို့လိုက်ပါသွားတော့သည်။

"နီးနီး..."

"မောင်..."

တစ်ဦးနှင့်တစ်ဦး ရင်ထဲမှ စကားသံတွေ ထွက်မလာပေမဲ့ လက်ကလေးတစ်စုံကတော့ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ကြတော့သည်။

"မောင့်ကိုစပြီးတွေ့ကတည်းက သိနေခဲ့တာပါ"

"ကိုယ့်ဘက်က အားနည်းသွားတာကို ခွင့်လွှတ်ပါ"

"သိပ်ပြီးတော်တဲ့စုံထောက်ကြီးရဲ့အားနည်းချက်ပေါ့နော်"

"ဒီအတွက်ပေးတဲ့အပြစ်ကို ခံပါ့မယ်"

"တကယ်"

"တကယ်ပါနီးနီး"

"တစ်သက်လုံးစောင့်ရှောက်ပေးရမယ်"

"စိတ်ချ၊ ကိုယ်တစ်ယောက်တည်းတင်မဟုတ်ဘူး၊ နောက်တစ်ယောက်ရှိသေးတယ်"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ..လေ"

သူဝတ္ထုနှစ်ယောက်ကို အမြီးလေးနဲ့ပြီးကြည့်နေသော ခွေးနက်ကလေးနက်ကျော်နဲ့ သူ့မိတ်ဆွေခွေးကြီး(၂)ကောင်ကိုပါ တွေ့လိုက်ရသည်။

"နက်ကျော်...သွားကြစို့"

"ဝုတ်..."

တေးမြူးနေသော ရှစ်ခြင်းစေတီးတစ်ပုဒ်လေးက ကောင်းကင်ထက်သို့ ပျံ့လွင့်လျက်......

*ပရိသတ်များကို အစဉ်လေးစားလျက်*

*နိုင်းမဟာ*



www.burmeseclassic.com